


# The VOICE Daily




Vol. 4 / No. 122 | Established in 2004 | ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၃) ရက်၊ (Wednesday, August 31, 2016)

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို
## နိုင်ငံသားပညာရှင်များဖြင့်သာဖွဲ့စည်းပေးရန် အရေးကြီးအဆိုတင်

**နေပြည်တော်၊ ဩဂုတ် ၃၀**

ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် မြန်မာနိုင်ငံသား ပညာရှင်များကိုသာ အစားထိုးထည့်သွင်းဖွဲ့စည်းပေးရန် အရေးကြီးအဆိုကို ဩဂုတ်လ ၃၀ ရက်နေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် တင်သွင်း စာ 28

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွဲ့စည်းခြင်းမှာ**
**အစိုးရက အကောင်းဆုံးလုပ်ဆောင်ခြင်းဖြစ်ဟု သူရဦးရွှေမန်းဆို** စာ 3

## ၂၁ ရာစုပင်လုံသို့ အားလုံးတက်နိုင်ရန် စီစဉ်ထား၊
## တက်မတက် ကာယကံရှင်များဆုံးဖြတ်ရန်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား




နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်နေသော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ကို ဩဂုတ်လ ၃၀ ရက်နေ့ ညနေပိုင်းက တွေ့မြင်ရစဉ်

## ပယ်ဖျက်မည့် ယာဉ်လိုင်း ၂၆ လိုင်း မထသ ထုတ်ပြန်

**ရန်ကုန်၊ ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရထံ တင်ပြထားသည့် ပယ်ဖျက်မည့် ခရီးသည်တင်ယာဉ် လိုင်း ၂၆ လိုင်းအမည်များကို ပြည်သူများထံ အသိပေးထုတ်ပြန်လိုက်ပြီဖြစ်ကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု (ဗဟို) ကော်မတီထံမှ သိရသည်။

"အရင်က ယာဉ်လိုင်းနာမည်တူတွေရှိတော့ မှားသွားရင် ပြေးဆွဲမယ့်ယာဉ်လိုင်းအတွက် နစ်နာမှာစိုးလို့ အသိမပေးသေးတာပါ။ အခုတော့ ဝန်ကြီးရဲ့ အတည်ပြုချက်ရပြီဖြစ်လို့ ပြည်သူတွေသိအောင် အသိပေးလိုက်တာပါ" ဟု မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု (ဗဟို) ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ဆိုသည်။

ပယ်ဖျက်မည့်ခရီးသည်တင်ယာဉ်လိုင်းများမှာ မထသ (ရန်ကုန်တိုင်းဒေသကြီး) လက်အောက်ရှိ ၅၃ ကားလတ် (ဝါ)၊ ၃၃ ယာဉ်ကြီး၊ ၅၆ ယာဉ်ကြီး၊ မထသ (အရှေ့ပိုင်းခရိုင်) လက်အောက်ရှိ ၂၃၇ အထူး၊ ၂၅၇ အထူး၊ ၁၀၃ စာ 28

## အင်းစိန်အကျဉ်းထောင်မှ ဆယ်တန်းအောင် ကျောင်းသားများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထား

စာ 3

## ပန်ဆောင်တွင် စပါးဖျက်ခူကျ၍ စပါးခင်းများ ပျက်စီး

**မြစ်ကြီးနား၊ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆောင်မြို့နယ်ရှိ စပါးခင်းများ၌ ကျရောက်နေသည့် စပါးဖျက်ပိုး(ခူ) များသည် နှစ် ၅၀ အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း နန်းယွန်းမြို့နယ် အမှတ် (၁) မဲဆန္ဒနယ်မှ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်က ပြောကြားသည်။

နောင်ယန်းအင်းလယ်ကွင်းများအတွင်း ငမြှောင်တောင်ပိုးနှင့် စာ –

## ပြည်တွင်း ရေလုပ်သားများ၏ အခြေအနေကို အစိုးရက စောင့်ကြည့်စစ်ဆေးရန် အထူးလိုဟု ILO ဆို

**ရန်ကုန်၊ ဩဂုတ် ၃၀**

ပြည်တွင်းငါးဖမ်းလုပ်သား ကဏ္ဍသည် ဥပဒေကြောင်းအရ ထိန်းချုပ်ရန် ခက်ခဲပြီး အစိုးရက အထူးစောင့်ကြည့်စစ်ဆေးရန် လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO)၊ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ စီမံကိန်းမှ နည်းပညာအကြံပေးအရာရှိက ပြောကြားသည်။

မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းအလုပ်သမားအရေးကိစ္စရပ်များတွင် ပြည်တွင်းငါးဖမ်းရေလုပ်သားကဏ္ဍမှာ ဂရုတစိုက်ဆောင်ရွက်ရန် လိုအပ်နေပြီး စာ 28



# ၂၁ ရာစုပင်လုံသို့ အားလုံးတက်နိုင်ရန် စီစဉ်ထား၊ တက် မတက် ကာယကံရှင်များဆုံးဖြတ်ရန်ဟု ဒေါ်အောင်ဆန်းစုကြည် ပြောကြား

**နေပြည်တော်၊ ဩဂုတ် ၃၀**

နေပြည်တော်တွင် ယနေ့ စတင်ကျင်းပမည့် ၂၁ ရာစု ပင်လုံညီလာခံ အစည်းအဝေးသို့ အားလုံးတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်၍ တက်ရောက်ခြင်း မတက်ရောက်ခြင်းသည် ကာယကံရှင်များနှင့်သာ သက်ဆိုင်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ဩဂုတ်လ ၃၀ ရက်နေ့၌ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များ၏ မေးမြန်းမှုကို ပြောဆိုခဲ့ခြင်းဖြစ်သည်။

"ကျွန်မကတော့ တတ်နိုင်သလောက် များများတက်နိုင်အောင်လို့ တတ်နိုင်သမျှ များများလုပ်ထားပါတယ်။ ဒါပေမဲ့ တက်တယ် မတက်ဘူးဆိုတာ ကာယကံရှင်တွေကိုယ်တိုင်က ဆုံးဖြတ်ရမှာဖြစ်တယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

အဆိုပါညီလာခံ၌ အစိုးရအဖွဲ့ ကိုယ်စားလှယ် ၇၅ ဦး၊ လွှတ်တော်ကိုယ်စားလှယ် ၇၅ ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၁၅၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ် ၁၅၀ ဦး၊ တရားဝင်နိုင်ငံရေးပါတီ ၁၅၀ ဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ၅၀ ဦး ၊ အခြား ပါဝင်ထိုက်ပါဝင်သင့်သူ ၅၀ ဦး၊ ရွေးကောက်ပွဲအနိုင်မရနိုင်ငံရေးပါတီ ၇၀ မှ ကိုယ်စားပြု ၅ ဦး၊ စုစုပေါင်း ၇၀၀ ခန့် တက်ရောက်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်ကျင်းပမည့် ၂၁ ရာစု ပင်လုံညီလာခံကို နေပြည်တော်ရှိ မြန်မာကွန်ဗန်းရှင်းစင်တာတွင် ဩဂုတ်လ ၃၁ ရက်နေ့မှ စတင်ပြီး စက်တင်ဘာလ ၃ ရက်နေ့ ကျင်းပသွားမည်ဖြစ်သည်။

ယင်းညီလာခံ အဖွင့်ပွဲတွင် ကုလသမဂ္ဂထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မိန့်ခွန်းပြောကြားပြီး နိုင်ငံတကာ သံတမန်များ၊ နိုင်ငံရေးပါတီအားလုံး၏ ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်၊ တပ်မတော်သားကိုယ်စားလှယ်၊ အစိုးရကိုယ်စားလှယ်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် အရပ်ဘက်အဖွဲ့များ တက်ရောက်သွားမည်ဖြစ်သည်။

# ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာသော အကူအညီနှင့် နည်းပညာပေးမည်ဟု ဘန်ကီမွန်း ပြောကြား

**နေပြည်တော်၊ ဩဂုတ် ၃၀**

ရခိုင်ပြည်နယ်ရှိ စီးပွားရေး၊ လူမှုရေးအရ ပြောင်းရွှေ့နေထိုင်သောသူများအတွက် လူသားချင်းစာနာသော အထောက်အပံ့နှင့် နည်းပညာကူညီပေးမည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

ဩဂုတ်လ ၃၀ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဘန်ကီမွန်းနှင့် ဒေါ်အောင်ဆန်းစုကြည်၏ ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များ၏ မေးမြန်းမှုကို ဘန်ကီမွန်းက ပြန်လည် ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး အခက်အခဲများစွာနှင့် ပြောင်းရွှေ့လာသူများသည် နှစ်ပေါင်းများစွာ နေထိုင်လာကြသည့်အတွက် လိုအပ်သော လူမှုရေးဆိုင်ရာ အကူအညီများကို လုပ်ဆောင်ပေးရန် လိုအပ်ပြီး နည်းပညာလည်းလိုအပ်တယ်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့လည်း ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်။ ကုလအဖွဲ့အနေနှင့် ယခုကိစ္စနှင့် တကွ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အတူဖြေရှင်းကူညီဆောင်ရွက်ပေးမယ်" ဟု ဘန်ကီမွန်းက ရှင်းလင်း ပြောကြားသည်။

ထို့အတူ နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို အပြည့်အဝ ထောက်ခံယုံကြည်ကြောင်း ဘန်ကီမွန်းက သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောဆိုခဲ့သည်။ ■

# ဓားသုံးလက်ကိုင်ဆောင်၍ ရန်ပြုတိုက်ခိုက်သူကို ရဲတပ်ဖွဲ့က လုံးထွေးဖမ်းဆီး

**ရန်ကုန်၊ ဩဂုတ် ၃၀**

ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ ရောဝဏ်လမ်းတွင် ဩဂုတ်လ ၂၈ ရက် ည ၁၁ နာရီခွဲက ဓားသုံးလက် ကိုင်ဆောင်၍ ရန်ပြုတိုက်ခိုက်သည့် အသက် ၂၁ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က လုံးထွေးဖမ်းဆီးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါ ဖမ်းမိသော ကိုအာကာ (ခ) ဂျိုင်းမှာ ယင်းညက အသက် ၂၁ နှစ်အရွယ် ကိုရဲဝင်းနိုင်နှင့်အတူ လမ်းဘေးတွင် အရက်ထိုင်သောက်နေပြီး လမ်းသွားလမ်းလာတစ်ဦးကို ၎င်းတို့က အရက်ပုလင်းဖြင့် ပစ်ပေါက်ရန်စနေသောကြောင့် ရဲတပ်ဖွဲ့က လာရောက်ထိန်းသိမ်းခဲ့ကြောင်း၊ ယင်းသို့ ထိန်းသိမ်းစဉ် ၎င်းတို့က ပြန်လည် အော်ဟစ်ဆဲဆိုပြီး ကိုအာကာ (ခ) ဂျိုင်းက ဓားသုံးလက်ကိုင်ဆောင်၍ ရန်ပြုတိုက်ခိုက်ခဲ့ကြောင်း ဒလမြို့မ ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"မူးယစ်ရမ်းကားနေကြောင်း ဖုန်းဆက်သတင်းပေးလို့ လှည့်ကင်းအဖွဲ့က လာရောက်ထိန်းသိမ်းပေးတာကို သူတို့နှစ်ယောက်က လက်မခံဘဲ ပြန်ဆဲဆိုခဲ့တယ်၊ ပြီးတော့ အာကာက အနီးက သူ့အိမ်ပေါ်ပြေးတက်ပြီး ဓားသုံးလက်ယူပြီး ရဲတပ်ဖွဲ့ကို ပြန်လည်ရန်ပြုတိုက်ခိုက်တာကြောင့် လုံးထွေးပြီး သူ့ကို ဖမ်းဆီးခဲ့တာ" ဟု ၎င်းက ဆက်လက်ပြောကြာသည်။

ယင်းဖမ်းဆီးခဲ့သော ကိုရဲဝင်းနိုင်နှင့် ကိုအာကာ (ခ) ဂျိုင်းတို့ကို ဒလမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၅၃ ဖြင့် အမှုဖွင့် အရေးယူထားပြီး ကိုအာကာ(ခ) ဂျိုင်းကို လက်နက်ဥပဒေ ပုဒ်မ ၁၉ (င) ဖြင့် ထပ်မံ အမှုဖွင့် အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■



# လှည်းကူးတွင် ရေတွင်းတူးစဉ် ဂက်စ်များ ပန်းထွက်ရာမှ မီးတောက်များ ထွက်

**ရန်ကုန်၊ ဩဂုတ် ၃၀**

လှည်းကူးမြို့နယ်၊ စစ်ပင်မြောက်ပိုင်းကျေးရွာရှိခြံဝင်းတစ်ခုတွင် ဩဂုတ်လ ၂၉ ရက် မွန်းလွဲ ၃ နာရီက အဝီစိ စက်ရေတွင်း တူးနေစဉ်မြေအောက်မှ ဂက်စ်များ ပန်းထွက်ကာ မြေပြင်မှ အမြင့်ပေ ၃၀ ခန့်သို့ မီးတောက်များ ထွက်ခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

"ရေတုံကင်တူးရင်း မြေအောက်ထဲ သံပိုက်လုံးချတဲ့အချိန်မှာ ဂက်စ်ငွေ့တွေနဲ့ သံပိုက်လုံး ပွတ်တိုက်မှုဖြစ်ပြီး မီးထတောက်ခဲ့တာပါ၊ မီးတောက်က အမြင့်ပေ ၃၀ လောက်ရှိတယ်၊ ရွာသူရွာသားတွေက မီးညွှန့်ကျိုးဖို့ မြေကြီးတွေ၊ သဲတွေနဲ့ ဝိုင်းဖို့ခဲ့ပေမယ့် မီးတောက်က မငြိမ်းခဲ့လို့ မြို့နယ်တာဝန်ရှိသူတွေက လာရောက်ပြီး မီးငြိမ်းပေးခဲ့ရတယ်"ဟု စစ်ပင်မြောက်ပိုင်းကျေးရွာရှိရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးလှဝင်းက ပြောကြားသည်။

အဆိုပါ ဂက်စ်များ ပန်းထွက်ခဲ့သည့်နေရာမှာ ယင်းကျေးရွာရှိ ဦးသိန်းဟန်၏ နေအိမ်ခြံဝင်းရှေ့တွင် ဖြစ်ပြီး အဝီစိစက်ရေတွင်း တူးရာမှ အနက်ပေ ၂၁၀ ခန့်အရောက် ဂက်စ်အနံ့များ ထွက်လာခဲ့ကြောင်း၊ ယင်းနောက် မီးတောက်များ မြေပြင်ပေါ် ပန်းထွက်လာခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရမှု တစ်စုံတစ်ရာ မရှိခဲ့ကြောင်း ယင်းကျေးရွာတွင် နေထိုင်သူများထံမှ သိရှိရသည်။

အိမ်ခြေ ၁၆၀ ရှိ ယင်းကျေးရွာတွင် ရေတွင်းတူးသည့် နေရာတိုင်း၌ ဓာတ်ငွေ့အနံ့များ ထွက်လာသည်ကိုမကြာခဏ ကြုံတွေ့ရပြီး ယခုကဲ့သို့ မီးတောက်များ မြေပြင်ပေါ်ပန်းထွက်လာသည်မှာ ပထမဆုံးအကြိမ် တွေ့ကြုံရခြင်းဖြစ်ကြောင်း ဦးလှဝင်းက ဆက်လက်ပြောကြားသည်။

အဆိုပါ မီးတောက်များ ပန်းထွက်မှုကို မြို့နယ်တာဝန်ရှိသူများက Fire Powder များဖြင့် ငြိမ်းသတ်ခဲ့ပြီး ယင်းနေရာကို ရွှေပြည်သာမြို့နယ် သဘာဝဓာတ်ငွေ့စီမံကိန်း စက်ရုံမှတာဝန်ရှိသူများနှင့် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက လာရောက်စစ်ဆေးခဲ့ကြောင်း ဒါးပိန်နယ်မြေ ရဲစခန်းထံမှ သိရှိရသည်။ ■

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ - ၇၈၅၅၅၅၇၇၂

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဖွဲ့စည်းခြင်းမှာ အစိုးရက အကောင်းဆုံးလုပ်ဆောင်ခြင်းဖြစ်ဟု သူရဦးရွှေမန်းဆို

**နေပြည်တော်၊ ဩဂုတ် ၃၀**


ဓာတ်ပုံ- မြင့်မိုးညို

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် အပါအဝင် နိုင်ငံခြားသား ၃ ဦးအား ခန့်အပ်တာဝန်ပေးအပ်ခြင်းမှာ အစိုးရအနေနှင့် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာသုံး သပ်ဆန်းစစ်စိစစ်ရေး ကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောသည်။

"ဩဂုတ် ၃၀ ကော်မရှင် ရုံးခန်းတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အစိုးရက နိုင်ငံသားနှင့် နိုင်ငံတော် အကျိုးစီးပွားကို ဒီလိုဆောင်ရွက်မယ်ဆိုတဲ့ အကောင်းဆုံးဖြစ်မယ်လို့ ယူဆတဲ့အတွက် ဒီလိုဆောင်ရွက်တယ်လို့ပဲ ထင်ပါတယ်။ အတိုင်းအတာတစ်ခုထိ အဆင်ပြေမယ်လို့ ဒီလိုပဲ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် အပါအဝင် နိုင်ငံခြားသား ၃ ဦး နေရာတွင် ပြည်တွင်းမှ တတ်သိပညာရှင်များဖြင့် ဖွဲ့စည်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတစ်ရပ်ကို ယနေ့ကျင်းပသော ပြည်သူ့လွှတ်တော်တွင် ပေါက်တောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံက တင်သွင်းခဲ့သည်။

ယင်းအဆိုကို လက်ခံဆွေးနွေးရန် သဘောတူသောကြောင့် လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သွားမည် ဖြစ်သည်။ ■

# အင်းစိန်အကျဉ်းထောင်မှ ဆယ်တန်းအောင်ကျောင်းသားများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထား

**ရန်ကုန်၊ ဩဂုတ် ၃၀**

ယခုနှစ် မတ်လကပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အကျဉ်းထောင်အတွင်းမှ ဖြေဆိုအောင်မြင်ခဲ့သည့် အကျဉ်းသားများ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တွင် အဝေးသင်တက်ရောက်ရန် ဝင်ခွင့်လျှောက်ထားခဲ့ကြောင်း အကျဉ်းဦးစီးဌာနထံမှ သိရှိရသည်။

အကျဉ်းသားအများစုမှာ အသက် ၂၁ နှစ်အရွယ်မှ အသက် ၁၇ နှစ်အရွယ်ရှိ လူငယ်များဖြစ်ပြီး ၄င်းတို့မှာ ခိုးမှု၊ လုယက်မှု၊ လူသတ်မှုနှင့် မူးယစ်ဆေးမှုတို့ ကျူးလွန်ခဲ့ခြင်းကြောင့် အကျဉ်းထောင်သို့ ရောက်ရှိလာသူများဖြစ်ကြောင်း အကျဉ်းဦးစီးဌာန မှုခင်းမှတ်တမ်းအရ သိရှိရသည်။

"လူငယ်တွေလမ်းမှားရောက်ခဲ့လို့ ပြစ်ဒဏ်ခံနေရပေမယ့် အနာဂတ်တက်လမ်းကို မမှေးမှိန်စေဖို့ အခုလို စီစဉ်ပေးတာပါ" ဟု (ရန်ကုန်) အင်းစိန်အကျဉ်းဦးစီးဌာန(ဇဟို)မှ တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အင်းစိန်အကျဉ်းထောင်မှ အကျဉ်းကျကျောင်းသား ၁၉ ဦး ဝင်ရောက်ဖြေဆိုသည့်အနက် ၁၁ ဦးအောင်မြင်ခဲ့ပြီး ယင်းအနက် အကျဉ်းကျကျောင်းသားတစ်ဦးမှာ လွတ်ရက်စေ့၍ လွတ်မြောက်သွားပြီဖြစ်ကြောင်း အဆိုပါအကျဉ်းထောင် တာဝန်ရှိသူများထံမှ သိရှိရသည်။

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ဩဂုတ်လ ၃၁ ရက် နောက်ဆုံးလျှောက်ထားရန် အဆင့်မြင့်ပညာဦးစီးဌာနက သတ်မှတ်ထားသောကြောင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည့် ကျန်ရှိအကျဉ်းကျကျောင်းသားများကို အထူးပြုဘာသာရပ်ရွေးချယ်မှု မကန့်သတ်ဘဲ အဆိုပါသတ်မှတ်ရက်အမီ လျှောက်ထားစေခဲ့ကြောင်း ဦးမျိုးဦးက ရှင်းပြသည်။

လူသတ်မှုဖြင့် ထောင်ငါးနှစ်ကျနေသည့် ရူပဗေဒဂုဏ်ထူးရှင် မောင်သန်းထိုက်အောင်က "ဒီကနေ မလွတ်သေးဘူးဆိုတော့ ဒီကနေ လျှောက်လွှာတင်ပြီး တက်ရမှာပေါ့။ အပြင်ရောက်မှ ကျောင်းတက်တာပေါ့။ ခုတော့ အဝေးသင်ပဲ တက်ရမှာပေါ့။ ကျွန်တော်စိတ်ကူးတာ သင်္ချာနဲ့ ရူပဗေဒအထူးပြုယူဖို့ စိတ်ကူးထားတယ်" ဟု The Voice သို့ပြောကြားထားသည်။

အကျဉ်းကျ တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားများသည် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနမှ ဝင်ရောက်ဖြေဆိုခဲ့ခြင်းဖြစ်ပြီး စာစစ်ဌာနရှိဆရာ၊ ဆရာမများက အင်းစိန်အကျဉ်းထောင်တွင် စာမေးပွဲ သီးခြားလာရောက်စစ်ဆေးပေးကြောင်း အဆိုပါအကျဉ်းဦးစီးဌာနထံမှ သိရှိရသည်။

ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် မြန်မာစာဌာန တက္ကသိုလ်ဆရာတစ်ဦးက "စာမေးပွဲဖြေဆိုချိန်မှာ အကျဉ်းဦးစီးဌာန ဝန်ထမ်းခြောက်ယောက်လောက်က လုံခြုံရေးစောင့်ရှောက်မှုယူပေးတတ်ပါတယ်" ဟု ပြောကြားသည်။

အင်းစိန်အကျဉ်းထောင်အတွင်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ အကျဉ်းကျတက္ကသိုလ်ဝင်တန်းကျောင်းသားလေးယောက်ဖြေဆိုခဲ့ရာ အားလုံးကျရှုံးခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကျောင်းသား ၁၉ ဦးဖြေဆိုသည့်အနက် ၁၁ဦးအောင်မြင်သည့်အတွက် အောင်ချက် ၅၇ ဒသမ ၈၉ ရာခိုင်နှုန်းရှိကြောင်း အဆိုပါအကျဉ်းထောင်ထံမှ သိရှိရသည်။ ■


ဓာတ်ပုံ - နေမင်းထက်

လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံး ပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသားတစ်ဦးကို တာဝန်ရှိသူ တစ်ဦးက ဆုချီးမြှင့်နေစဉ်

# အခြေခံပညာကျောင်းသား ၆၀၀ ခန့်ကို လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး

**ဟသ်ာတ၊ ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ တာငါးဆယ်တောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ဩဂုတ်လ ၃၀ရက်နေ့ နံနက်ပိုင်းက ကျောင်းသား၊ ကျောင်းသူ ၆၀၀ ခန့်ကို လူကုန်ကူးမှုတားဆီး တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့ကြောင်း ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါ ဟောပြောပွဲကို ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ အမှတ် (၈၄) ယာဉ်ထိန်းတပ်ဖွဲ့စုမှူးတို့ကဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးဟောပြောခဲ့ကြောင်း၊ ဟောပြောပွဲတွင်ပြစ်မှုပြစ်ဒဏ်များကိုထည့်သွင်း ဟောပြောခဲ့ပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း ဟသ်ာတခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီးသိန်းလှိုင်က ပြောကြားသည်။

ခရိုင်အတွင်းရှိအခြေခံပညာကျောင်းကျောင်းသား၊ ကျောင်းသူများအပြင် ကျေးလက်ဒေသ အသီးသီးတွင်လည်း အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့မှုကြောင့် မှုခင်းဖြစ်ပွားမှု လျော့နည်းလာကြောင်း ၎င်းက ပြောဆိုသည်။ ■

ပျောက်ဆုံးကြောင်း

ကာလေးနားမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း (LL.B)
Ph: 01-394727, 01-399426
09-73009994, 09-5152521
E.mail:sayagyiyarzarzawwin@gmail.com

အောင်ပြည့်စုံ
မြို့တွင်း/နယ်ဝေးများအတွက်
10',14',16'-ဖိုင်း
09-421041338,
09-73224763, 09-250095114

# ဝန်ကြီးဌာနများ၏ မသမာမှုများကို ဖော်ထုတ်တိုင်ကြားရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ တိုက်တွန်း

**နေပြည်တော်၊ ဩဂုတ် ၃၀**

ဝန်ကြီးဌာနများအပါအဝင် အခြားအဖွဲ့အစည်းများ၏ မသမာသောလုပ်ဆောင်မှုများကို အရေးယူနိုင်သည့် အဆင့်အထိ ရောက်ရှိအောင် တိကျစွာဖော်ထုတ်တိုင်ကြားကြရန် လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ကိုယ်စားလှယ်များကို တိုက်တွန်းပြောကြားလိုက်သည်။

ဩဂုတ်လ ၃၀ ရက်နေ့က ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်က အစိုးရလေလံတင်ဒါ ခေါ်ယူမှုများလုပ်ဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေလိုက်နာမှုအားနည်းချက်များကို မေးမြန်းခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားခြင်းတို့အပြီးတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

"ကိုယ်က ဒါတွေ သိနေပြီ။ ဒါတွေဖြစ်နေပြီဆိုရင် ကိုယ်ကိုယ်၌က အားထည့်ပါ။ အားစိုက်ပါ။ အမှုတည်ဆောက်ပါ။ တိုင်ပါ။ တိုင်တဲ့ဝန်ကြီးဌာနပဲဖြစ်ဖြစ် တိုင်တဲ့သက်ဆိုင်ရာအဖွဲ့အစည်းပဲဖြစ်ဖြစ် အရေးမယူဘူး၊ ဘာမှမလုပ်ဘူးဆိုရင် အရေးယူတဲ့အထိဖြစ်အောင် ဆက်လုပ်ရမယ်" ဟု ဦးဝင်းမြင့်က ပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် ယေဘုယျဆွေးနွေးပြောဆိုနေခြင်းထက် ဖြစ်စဉ်တစ်ခုစီတွင် တိကျမှန်ကန်မှုနှင့် အထောက်အထားခိုင်လုံစွာဖြင့် ထောက်ပြဖော်ထုတ်၍ တိုင်ကြားကြရန်လိုအပ်ပြီး လွှတ်တော်၌ ဆွေးနွေး၊ မေးမြန်း၊ အဆိုတင်နေခြင်းထက် ထိုသို့လုပ်ဆောင်နိုင်မှသာ အပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"ကိုယ်စားလှယ်တွေမှာ တာဝန်ရှိတယ်။ လုံးဝတာဝန်ရှိတယ်။ တိတိကျကျကိုယ့်ဘက်ကလည်းပြော။ မှန်မှန်ကန်ကန်ပြော။ ချဲ့လည်းမပြောနဲ့ ချုံ့လည်းမပြောနဲ့။ အပိုလည်း မပြောနဲ့ အလိုလည်းမပြောနဲ့။ အရှိအတိုင်း မှန်မှန်ကန်ကန်လည်း လုပ်ပေးဖို့တော့ လိုတယ်။ အဲ့ဒါကျွန်တော်တို့ကိုယ်စားလှယ်တွေ နည်းနည်းအားထည့်ကြပါ။ အားစိုက်ကြပါ" ဟု ဦးဝင်းမြင့်က ထပ်လောင်းပြောကြားသည်။

ယင်းကိစ္စသည် လွှတ်တော်တွင် တင်ပြဆွေးနွေးနေခြင်းနှင့် မေးမြန်းခြင်း၊ အဆိုတင်ခြင်းများသည်လည်း ဆွေးနွေးပြောဆိုပြီးပါက မေ့ပျောက်သွားနိုင်သည့်သဘောရှိသောကြောင့် အထက်ပါအတိုင်း ပြုလုပ်ရမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။ ■

# စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် အဆင့်မြှင့်နိုင်ရန် ပြည်သူများ 3R စနစ်ကို အသုံးပြုရန် လိုအပ်ဟုဆို

**ရန်ကုန် ဩဂုတ် ၃၀**

ရန်ကုန်မြို့တော်အတွင်းရှိ စွန့်ပစ်အမှိုက်များကို စီမံခန့်ခွဲမှုစနစ် အဆင့်မြှင့်တင်နိုင်ရန်နှင့် မြန်ဆန်စွာ လုပ်ဆောင်နိုင်ရေးအတွက် ပြည်သူများက 3R (Reuse, Reduce, Recycle) စနစ်ကိုအသုံးပြုရန် လိုအပ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"အမှိုက်သိမ်းတာက စည်ပင်ကလုပ်ရမှာဖြစ်ပေမယ့် ပြည်သူတွေကိုယ်တိုင် 3R စနစ်ကို နားလည်ပြီး စနစ်တကျနဲ့ စွန့်ပစ်မှသာ အမှိုက်ပြဿနာတွေ ပြေလည်နိုင်မှာဖြစ်သလို စွန့်ပစ်အမှိုက်ပမာဏလည်း လျော့နည်းလာနိုင်တယ်" ဟု ၎င်းက ပြောဆိုသည်။

မြို့တော်နေပြည်သူများ 3R စနစ်ကို နားလည်ရန် အသိပညာပေးလုပ်ငန်းများ၊ ဟောပြောပွဲများပြုလုပ်ကာ အသိပေးလျက်ရှိပြီး ပြည်သူများ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသောကြောင့် ပြည်သူများအနေနှင့်လည်း 3R စနစ်ကို အသုံးပြုသင့်ကြောင်း ၎င်းက ပြောကြားသည်။

"အခုလက်ရှိတော့ ခရိုင်အလိုက်အဖွဲ့ခွဲပြီးတော့ ကျောင်းတွေမှာ အမှိုက်စွန့်ပစ်မှုနဲ့ဆိုင်တဲ့ အသိပေးမှုတွေ ပုံမှန်လုပ်နေတယ်။ တဖြည်းဖြည်းနဲ့တော့အရှိန်မြှင့်မှာပါ" ဟု ၎င်းက ပြောဆိုသည်။ ■






ဓာတ်ပုံ- ဉာဏ်စိုးဝင်း

# ပန်းချီဆရာကြီးဦးဘညဏ်ကွယ်လွန်ခြင်း၇၂နှစ်ပြည့် အောက်မေ့ဖွယ် အထိမ်းအမှတ် ကျင်းပ

**မော်လမြိုင်၊ ဩဂုတ် ၃၀**

ပန်းချီဆရာကြီးဦးဘညဏ်ကွယ်လွန်ခြင်း ၇၂ နှစ်ပြည့် အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကတိုးကျေးရွာရှိ မန်းကျောင်းတိုက်တွင် ဩဂုတ် ၃၀ ရက်နေ့ နံနက်က ပန်းချီဆရာ၊ ဆရာမများက သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းခဲ့သည်။

ဆရာကြီးဦးဘညဏ်၏ ဂုဏ်ကျေးဇူးကိုအောက်မေ့သတိရသူတို့က ဂါရဝပြုဆွမ်းကပ်လှူမှုနှင့် ၎င်း၏အုတ်ဂူကိုပြုပြင်မွမ်းမံတည်ဆောက်ခြင်းအတွက် ရန်ကုန်မြို့မှ ပန်းချီဆရာများဖြစ်ကြသော ဦးနီပိုဦး၊ ကိုမောင်ကျော်သန်း၊ ဦးကျော်ခေါင်တို့က ဦးဆောင်ပြီး အလှူငွေကောက်ခံကာ ယင်းအခမ်းအနားကို ပြုလုပ်ခဲ့ကြောင်း မော်လမြိုင်မြို့ရှိ ပန်းချီဆရာမင်းစံရှားက ပြောကြားသည်။

ယင်းအခမ်းအနားကို မော်လမြိုင်မြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့မှ ပန်းချီဆရာများနှင့်ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ပန်းချီပန်းပု ကျောင်းများ၊ မျိုးဆက်သစ်အနုပညာရှင်များနှင့် အခြားပညာရှင် ဆရာကြီးများက တက်ရောက်ခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့ အစိုးရခေတ်ဖြစ်သည့် ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ သောကြာနေ့တွင် ဦးဘညဏ်အား အဘဦးဘအိုနှင့်အမိ ဒေါ်ညိုတို့က ရေဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၌ မွေးဖွားကြောင်း၊ မွေးချင်းမောင်နှမခြောက်ဦး အနက် ပဥ္စမမြောက်သားဖြစ်ကာ အသက် ၄ နှစ်သားရွယ် ကတည်းကပင် ရုပ်ပုံများရေးဆွဲခြင်းကို ဝါသနာပါသူ ဖြစ်ကြောင်း ပန်းချီဆရာများထံမှ သိရသည်။

ပန်းချီဆရာကြီး ဦးဘညဏ်သည် မူလတန်းအရွယ်တွင် ကျောင်းစာကိုစိတ်မဝင်စားဘဲ ပုံရေးဆွဲခြင်းကိုသာ စိတ်ဝင်စားသောကြောင့်မကြာခဏ အရိုက်ခံရခြင်းကို စိတ်မပျက်ဘဲ အရုပ်ကားချပ်များသာ ရေးလေ့ရှိကြောင်း၊ အသက် ၁၃ နှစ်အရွယ်တွင် မြင်သမျှ၊ တွေ့သမျှ အရာများကို ပုံတူရေးဆွဲနိုင်သည့် အဆင့်ထိရောက်ရှိပြီး အသက် ၁၄ နှစ်အရွယ်တွင် စပ်ပန်းချီဆရာ ဦးဘိုးမောင်ထံ ပန်းချီပညာသင်ကြားရာတွင်လည်း ထူးချွန်ခဲ့သဖြင့် ၁၉၁၅ ခုနှစ်က မော်လမြိုင်မြို့ရှိ နော်မံကျောင်းတွင် အစိုးရထောက်ပံ့သည့် ပန်းချီပညာသင်ကြေး ရရှိခဲ့သည်။

ဦးဘညဏ်သည်၁၉၂၁ ခုနှစ်ဩဂုတ်လတွင် အက်စ်အက်စ် အမရပူရ သင်္ဘောဖြင့် ပညာတော်သင် ထွက်ခွာသွားခဲ့ကာ ဘိလပ်ရောက်၍ တစ်လ အကြာ၌ လန်ဒန်မြို့တောင်ပိုင်းရှိတော်ဝင်ပန်းချီသိပ္ပံ ကျောင်းကို တက်ခွင့်ရခဲ့ကြောင်း၊ ထိုအချိန်တွင် ဆရာကြီးသည် အသက် ၂၄ နှစ်အရွယ်သာ ရှိသေးကြောင်း ၎င်းတို့က ဆိုသည်။

၁၉၄၅ ခုနှစ်၊ စစ်တွင်းကာလတွင် ဦးဘညဏ်သည် ဇနီးဒေါ်စိန်ခိုင်နှင့် မိသားစုများရှိရာ ကတိုးရွာတွင် လာရောက်နေထိုင်ခဲ့ရာမှ နာမကျန်းဖြစ်၍ အသက် ၅၄ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း ဦးဘညဏ်နှင့် အတူနေထိုင်ခဲ့ဖူးသည့် အသက် ၉၀ နှစ်အရွယ် ရှိနေပြီဖြစ်သည့် ကော့နပ်ရွာမှ ဦးစံသွင်းက ပြောပြသည်။

ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘညဏ်၏ အုတ်ဂူကို ကတိုးကျေးရွာ၊ ကတိုးမဟာရင် ဘုန်းကြီးကျောင်းဘေးရှိ သင်္ချိုင်းတွင် မြှုပ်နှံထားသည်။ ■

# ပင်လုံညီလာခံထောက်ခံပွဲ မြို့ကြီးအချို့တွင် ကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၃၀**

နေပြည်တော်ရှိ MICC II ၌ ဩဂုတ်လ ၃၁ရက်နေ့ (ယနေ့) ကျင်းပမည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံညီလာခံ) ကို ကြိုဆိုထောက်ခံသောအားဖြင့် ငြိမ်းချမ်းရေးလိုလားသူများက မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးအချို့၌ ဩဂုတ်လ ၃၀ ရက်နေ့က ကျင်းပခဲ့သည့် ကြိုဆိုထောက်ခံပွဲများကို စုစည်းဖော်ပြပေးလိုက်ပါသည်။

**ငြိမ်းချမ်းရေးမရမချင်း ခြောက်လတစ်ကြိမ် ကျင်းပမယ့် မုံရွာ**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများမှ အင်အား ၄၀၀ ကျော်ဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကြိုဆိုထောက်ခံပွဲကို ဩဂုတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းက မုံရွာမြို့၌ ကျင်းပခဲ့သည်။

မုံရွာမြို့တော်ခန်းမ၌ ကျင်းပသည့် အဆိုပါထောက်ခံပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်က ၎င်းတို့ကွန်ရက်၏ သဘောထားများကိုလည်း ဖတ်ကြားခဲ့ကြသည်။

"အခုကျင်းပမယ့် ငြိမ်းချမ်းရေးညီလာခံမှာ ဆွေးနွေးသမျှကို မှတ်တမ်းတင်ထားမှာဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ပေးမှာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးမရမချင်း ခြောက်လတစ်ကြိမ် ငြိမ်းချမ်းရေးရဖို့ ကျင်းပသွားမှာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်၏ ပြောရေးဆိုခွင့်ရှိသူ ဦးဝေမိုးနိုင်က ပြောကြားသည်။

အဆိုပါ လူထုထောက်ခံပွဲ၌ သဘာပတိအဖွဲ့ဝင်ဖြစ်သူ မုံရွာမြို့မှ စာရေးဆရာကြီး ဦးအုံ့မောင်က မြန်မာနိုင်ငံ၌ ပြည်တွင်းစစ် ဖြစ်လာသည်မှာ ဩဂုတ်လ ၃၀ ရက်နေ့အထိဆိုပါက ၆၈ နှစ်နှင့် ၁၅၅ ရက် ကြာမြင့်လာပြီဖြစ်ကြောင်း၊ အရှည်ကြာဆုံးသော ပြည်တွင်းစစ်ကြောင့် နိုင်ငံ့သားကောင်းသမီးကောင်းများ၊ ပြည်သူ၊ ပြည်သားများ၏ အသက်များ၊ ပစ္စည်းဥစ္စာများ မရေတွက်နိုင်အောင် ဆုံးရှုံးခဲ့ရကြောင်း၊ တိုးတက်သည့် နိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရမည့် အခွင့်အလမ်းများနှင့် အချိန်များ ဆုံးရှုံးကြောင်း၊ အဆိုးရွားဆုံးမှာ ပြည်သူများ၏ စာရိတ္တများ ဆုံးရှုံးရခြင်းဖြစ်ကြောင်း ပြောဆိုသည်။

"လက်ရှိမှာတော့ ပြည်တွင်းစစ်မီးတောက်မီးလျှံတွေ ငြိမ်းတော့မယ့် အလားအလာတွေ မြင်တွေ့နေရပါပြီ" ဟု သဘာပတိ မိန့်ခွန်းတွင် ဦးအုံ့မောင်က ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါထောက်ခံပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာဆရာများ သမဂ္ဂ၊ ရှမ်းတိုင်းရင်းသားများနှင့် အထက်ချင်းတွင်း ဥရုဒေသ လူမှုကူညီရေးအသင်း၊ ရှမ်းတိုင်းရင်းသားများစာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ နာဂတိုင်းရင်းသား လူငယ်ငြိမ်းချမ်းရေးအဖွဲ့၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ ချင်းအမျိုးသားများအဖွဲ့၊ ကချင်စာပေနှင့် ယဉ်ကျေးမှု တက္ကသိုလ်ကျောင်းသားများအဖွဲ့၊ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ မုံရွာတက္ကသိုလ်ကျောင်းသားများအဖွဲ့တို့တက်ရောက်ခဲ့ကြသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ဦးဆောင်ကျင်းပသည့် ရွှေဘို**

ရွှေဘိုနှင့်ကန့်ဘလူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က ဦးဆောင်၍ ငြိမ်းချမ်းရေး ညီလာခံကြိုဆိုထောက်ခံပွဲကို အင်အား ၅၀၀ ခန့်ဖြင့် ရွှေဘိုမြို့ပေါ်၌ စီတန်းလှည့်လည်ခဲ့ကြသည်။

အဆိုပါ ထောက်ခံပွဲသို့ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက် အပါအဝင် မြို့နယ် NLD ပါတီဝင်များ၊ ငြိမ်းချမ်းရေးလိုလားသူများ ပါဝင်ခဲ့ကြပြီး ရွှေဘိုမြို့ရှိ ပန်းခြံမှစ၍ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ကျင်းပခဲ့ရာ လမ်းမတော်လမ်းတစ်လျှောက် စီတန်းလှည့်လည်ခဲ့ပြီး ကောလိပ်ဟောင်းမှ ပြန်လှည့်ကာ ဘိုကုန်းရပ်ကွက်မှ ပန်းခြံအထိ စီတန်းလှည့်လည်ခဲ့ကြကြောင်း ရွှေဘိုမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ထံမှ သိရသည်။

**အင်အား ၂၀၀ ခန့်ဖြင့် ထောက်ခံပွဲ ပြုလုပ်ခဲ့သည့် ပခုက္ကူ**

၂၁ ရာစု ပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ဗိုလ်ချုပ်ပန်းခြံ၌ ဩဂုတ် ၃၀ ရက်နေ့ နံနက် ၈ နာရီက ကျင်းပခဲ့ရာ ဒေသခံတိုင်းရင်းသားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ငြိမ်းချမ်းရေးလိုလားသည့် ဒေသခံပြည်သူများ၊ ၈၈မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ ဒီမိုကရေစီအရေး စဉ်ဆက်မပြတ် လှုပ်ရှားနေသည့် အဖွဲ့အစည်းများ၊ သံဃာတော်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များသည် ပခုက္ကူမြို့တွင်း လှည့်လည်၍ ထောက်ခံကြိုဆိုခဲ့ကြသည်။



မကွေးမြို့ လွတ်လပ်ရေးပန်းခြံ၌ ကျင်းပသည့် ငြိမ်းချမ်းရေးညီလာခံကြိုဆိုပွဲသို့ တက်ရောက်လာသူများကိုတွေ့ရစဉ်



ဖားကန့်မြို့ရှိ မြို့မကျောက်တိုင်ကွင်း၌ ကျင်းပသည့် ငြိမ်းချမ်းရေးညီလာခံကြိုဆိုထောက်ခံပွဲသို့ တက်ရောက်လာသူများကိုတွေ့ရစဉ်

**အင်အားပြတဲ့ ဖားကန့်ဒေသ ကျောက်စိမ်းမြို့**

နယ်မြေတည်ငြိမ်မှုမရှိသေးသည့် ဖားကန့်ဒေသရှိ မြို့မကျောက်တိုင်၌ ၂၁ ရာစုပင်လုံညီလာခံကြိုဆိုထောက်ခံပွဲကို အင်အား ၂၀၀၀ ခန့်ဖြင့် ကျင်းပခဲ့ကြောင်း ယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များထံမှ သိရသည်။

ဩဂုတ်လ ၃၀ ရက်နေ့ နံနက် ၉ နာရီအချိန်က ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးပါတီများ၊ ရပ်မိရပ်ဖများနှင့် အရပ်ဘက် အဖွဲ့အစည်းများအပါအဝင် ငြိမ်းချမ်းရေးလိုလားသည့် ဒေသခံများ ပါဝင်ခဲ့ကြောင်း ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရွှေသိန်းက ပြောကြားသည်။

**ပုသိမ်တွင်ကျင်းပသည့် ပင်လုံညီလာခံ ထောက်ခံပွဲ**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဩဂုတ်လ ၃၀ ရက် နံနက် ၉ နာရီမှ ၁၁နာရီအထိ ၂၁ရာစု ပင်လုံညီလာခံကို ထောက်ခံ ကြိုဆိုခြင်းဖြင့် ပုသိမ်မြို့သူမြို့သားများက မြို့တွင်းလှည့်လည်ခဲ့သည်။

အဆိုပါ ထောက်ခံပွဲကို ပုသိမ်မြို့ နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများက ဦးဆောင်ကာ ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ အနေးယာဉ်လုပ်သားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာရေးဆရာအသင်း၊ ပန်းချီပညာရှင်များ အသင်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ အပါအဝင် အင်အား ၂၀၀၀ ခန့်ပူးပေါင်း ပါဝင်ခဲ့ကြောင်း ဦးဆောင်သူများထံမှ သိရှိရသည်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး အမှန်တကယ်လိုအပ်နေကြောင်း တိုင်းရင်းသား ပြည်သူများပါဝင်သော ၂၁ ရာစု ပင်လုံညီလာခံမှ ရလဒ်များသည် ငြိမ်းချမ်းရေး၏ အရင်းအမြစ်များဖြစ်သောကြောင့် ပြည်သူအားလုံး ထောက်ခံပါဝင်ကြရန် လိုအပ်ကြောင်း ယင်းထောက်ခံပွဲတွင် ပါဝင်သူ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ပြောကြားသည်။

၂၁ရာစုပင်လုံညီလာခံအားထောက်ခံကြိုဆိုပွဲတွင် ပါဝင်သူနှစ်ထောင်ခန့်က ပုသိမ်မြို့ ကမ်းနားလမ်း ပုသိမ်မြို့တော်ခန်းမရှေ့ ရှုခင်းသာရင်ပြင်တွင် စတင်စုရုံးပြီး ပုသိမ်မြို့ကမ်းနားလမ်း၊ ရွှေစေတီလမ်း၊ ကုန်သည်လမ်း၊ မြေနုလမ်း၊ ဘူတာရုံလမ်း၊ မဟာစေတီလမ်း၊ ရှင်ပင်ဘုန်းပွင့်များသို့ လှည့်လည်ခဲ့ကြောင်း ပုသိမ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■



ပခုက္ကူမြို့ ဗိုလ်ချုပ်ပန်းခြံ၌ ငြိမ်းချမ်းရေးညီလာခံ ကြိုဆိုပွဲကျင်းပရာသို့ တက်ရောက်သူများကိုတွေ့ရစဉ်

ပုံမှန်ဆက်ဆံခြင်းသည်
ရေရှည်ခင်မင်မှုအတွက်
ဦးအိုက်စန် နှင့်သား နိုင်ဖြိုးစံ
မြန်မာပြည်မှာ ဆန်းရှိုင်း
သားရေစစ်စစ်ပစ္စည်းအရောင်းဆိုင်

# E D I T O R I A L

# မျက်မှောက်နှင့် အနာဂတ် လူ့အဖွဲ့အစည်းအတွက် တာဝန်မမဲ့စေလို

မူးယစ်ဆေးဝါး နှိမ်နင်းရေးကို စစ်ဆင်ရေးတစ်ခုအသွင် ပစ်ခတ်နှိမ်နင်းနေသောကြောင့် Punisher ပြစ်ဒဏ်ခတ်သူ ဟု နာမည်ကျော်ကြားသူ ဖိလစ်ပိုင်သမ္မတ ဒူတာတေးကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာက ဝေဖန်ပြစ်တင်မှုများရှိနေသော်လည်း ဖိလစ်ပိုင်ပြည်သူအများစုက ထောက်ခံနေသည်မှာ များစွာထူးခြားလှသည်။

မူးယစ်ဆေးဝါးနှင့် ဆက်စပ်မှုခင်းများစွာကြောင့် လုံခြုံမှုကင်းမဲ့သကဲ့သို့ ဖြစ်နေခဲ့သော ဖိလစ်ပိုင်ပြည်သူများကို သမ္မတဒူတာတေးက ခပ်ကြမ်းကြမ်း ကိုင်တွယ်ကာ တရားဥပဒေစိုးမိုးရေးကို ပြန်လည်တည်ဆောက်နေခြင်းဖြစ်ကြောင်း မနီလာမြို့တော်မှ ပြည်သူအများစုက နားလည်ထားကြသည်။

ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးနှင့် သမ္မတ၏ ဆက်သွယ်ရေးရုံးတာဝန်ခံတို့ကိုယ်တိုင်လည်း မူးယစ်ဆေးဝါးနှိမ်နင်းမှုကြောင့် လူအများအပြား သေဆုံးရခြင်းသည် လူအများစုဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်ရာတွင် မလွှဲမရှောင်သာကြုံတွေ့ရသည့် ဘေးထွက်ဆိုးကျိုးတစ်ခုသာဖြစ်ကြောင်း အာဆီယံသတင်းထောက်များ၏ မေးမြန်းမှုကို တညီတညွတ်တည်း ဖြေဆိုသွားကြသည်။

ထို့အပြင် မူးယစ်ဆေးဝါးနှင့် ယင်းနှင့်ဆက်နွှယ်နေသော မှုခင်းများကြောင့် ဖိလစ်ပိုင်ပြည်သူ သိန်းနှင့်ချီ သေဆုံးခဲ့ရပြီး သန်းနှင့်ချီ အတိဒုက္ခရောက်ခြင်းတို့နှင့် နှိုင်းယှဉ်ကြည့်ပါက ထောင်ဂဏန်းခန့်သေဆုံးရခြင်းမှာ မပြောပလောက်ကြောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများ၊ သုံးစွဲမှုများကြောင့် ဆိုးရွားလွန်းသော အခြေအနေတွင် ရောက်ရှိနေသည့် ဒေသများသို့ ကုလသမဂ္ဂအပါအဝင် ဝေဖန်ပြစ်တင်နေသူ မည်သူမဆို လက်တွေ့လာရောက်လေ့လာကြည့်နိုင်ကြောင်းလည်း သမ္မတရုံး သတင်းပြန်ကြားရေးတာဝန်ခံက ပြောဆိုသွားခဲ့သည်။

မည်သို့ပင်ဖြစ်စေ သမ္မတ ဒူတာတေး၏ မူးယစ်ဆေးဝါးနှိမ်နင်းသည့် နည်းနာကိုကြောက်ရွံ့ကြသောကြောင့် သိန်းဂဏန်းရှိသော မူးယစ်ဆေးဝါး လောကသားများ ကိုယ်တိုင်လာရောက်အဖမ်းခံခြင်းနှင့် လတ်တလောတွင် မှုခင်းဖြစ်ပွားမှုနှုန်း သိသာစွာ ကျဆင်းသွားခြင်းတို့ကြောင့် ဖိလစ်ပိုင်သမ္မတအပေါ် ပြည်သူလူထု၏ ထောက်ခံမှုနှုန်း မြင့်မားနေဆဲဖြစ်သည်။

မူးယစ်ဆေးဝါးကြောင့် ဆယ်ကျော်သက်နှင့် နှစ်ဆယ်စွန်း လူငယ်များ ကျူးလွန်သော မှုခင်းများ စံချိန်တင် မြင့်တက်နေခြင်း၊ အထက်တန်းကျောင်း တံခါးပေါက်အထိပင် မူးယစ်ဆေးဝါး ရောက်ရှိနေခြင်း၊ မူးယစ်ဆေးကြောင်ကာ အဖေ၊ အမေ၊ သားသမီးတို့ကိုပင် ပြန်လည်သတ်ဖြတ်၊ ရန်မူနေခြင်း စသည့် အခြေအနေဆိုးများနှင့် နေရာအနှံ့အပြား ရင်ဆိုင်နေရသော မြန်မာနိုင်ငံတွင်လည်း မူးယစ်ဆေးဝါး နှိမ်နင်းမှုကို ယခုထက်ပို၍ ထိရောက်မှုရှိရန် လိုအပ်နေပေသည်။

ဖိလစ်ပိုင် သမ္မတ နည်းနာကဲ့သို့ မဟုတ်လျှင်ပင် ပိုင်ရှင်မဲ့ မူးယစ်ဆေးဝါး ဖမ်းမိခြင်း၊ အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ပေးသူ၊ သာမန်သုံးစွဲသူ၊ တစ်ဆင့်ပြန်ရောင်းသူ အဖျားအနားလောက်သာ ဖမ်းမိနေခြင်းတို့ထက် ပိုသာသော တားဆီး၊ တိုက်ဖျက်၊ နှိမ်နင်းရေး လက်တွေ့ဆောင်ရွက်ချက်များ ပြသရန် အထူးလိုအပ်နေပေသည်။

အထူးသဖြင့် ယခင်ကပင် လစာ၊ ရိက္ခာ၊ ထောက်ပံ့မှု၊ အရည်အချင်း၊ အခွင့်အရေး လိုအပ်ချက်များစွာကြောင့် အကျင့်ပျက်ခြစားနေသော မူးယစ်ဆေးဝါးနှိမ်နင်းရေးဆိုင်ရာ ရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ပတ်သက်သည့် တာဝန်ရှိသူများကိုလည်း ပြတ်သားစွာ အရေးယူခြင်း၊ မူးယစ်နှိမ်နင်းရေး အထူးတပ်ဖွဲ့အသစ်ဖွဲ့စည်းခြင်းတို့ဖြင့် သမားရိုးကျနည်းလမ်းများမှ ဖောက်ထွက်ရန် အချိန်ကျရောက်နေပြီဖြစ်သည်။

ယခင်က အာဏာနိုင်ငံရေးဘက်လှည့်မလာစေရန် မျက်စိတစ်ဖက်မှိတ်ပေးထားခြင်းကြောင့် အထိန်းအကွပ်မဲ့၊ ပရမ်းပတာဖြစ်လုနီးနီး ကြီးထွားလာသော မူးယစ်ဆေးဝါး ထုတ်လုပ်၊ ရောင်းဝယ်၊ သုံးစွဲနေခြင်းကို ထိရောက်ပြတ်သားစွာ မနှိမ်နင်းဘဲ အချိန်ဆွဲနှောင့်နှေးနေပါက မျက်မှောက် မြန်မာလူ့အဖွဲ့အစည်းအတွက်သာမက အနာဂတ် လူ့အဖွဲ့အစည်းကိုပါ တာဝန်မဲ့ရာရောက်သွားနိုင်ကြောင်း သိစေအပ်ပေသည်။

**အယ်ဒီတာ ( ၃၀ - ၈ - ၂၀၁၆ )**

# ရန်ကုန်တွင် ၂၁ ရာစု ပင်လုံညီလာခံကို ထောက်ခံသည့် လူထုချီတက်ပွဲကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၃၀**

ယနေ့ကျင်းပမည့် ၂၁ ရာစု ပင်လုံညီလာခံ-ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို ကြိုဆိုထောက်ခံသည့်အနေနှင့် ပြည်သူ့လူ့ပ်ရှားမှု မြှင့်တင်ရေး ကွန်ရက်ကဦးဆောင်ကာ လူထုချီတက်ပွဲတစ်ခုကို ဩဂုတ်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့တွင် ပြုလုပ်ခဲ့သည်။

ယင်းပင်လုံညီလာခံ ကြိုဆိုထောက်ခံပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောင်ဥက္ကလာပ၊ ဒေါပုံ၊ သာကေတ စသည့် မြို့နယ်များမှ ငြိမ်းချမ်းရေးကို လိုလားသူ တစ်ရာခန့်က နံနက် ၁၀ နာရီမှစတင်ကာ ရွှေတိဂုံဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်တွင်စုဝေးပြီး မဟာဗန္ဓုလပန်းခြံသို့ ကြွေးကြော်သံများနှင့် ချီတက်ခဲ့ကြပြီး မြို့တော်ခန်းမရှေ့တွင် ဟောပြောမှုများ ပြုလုပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင်း အတိုက်အခိုက်များ အမြန်ရပ်စဲကာ ငြိမ်းချမ်းစေလိုခြင်း၊ ပင်လုံညီလာခံကို အခြေပြု၍ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်လာရေးကို ရည်ရွယ်၍ ယခုကဲ့သို့ကြိုဆိုထောက်ခံပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြည်သူ့လူ့ပ်ရှားမှုမြှင့်တင်ရေး ကွန်ရက်မှ ကိုမြတ်ကျော်က ပြောသည်။

“ဒီလိုမျိုး ထောက်ခံကြိုဆိုတာက မျက်ကန်း ထောက်ခံမှုမျိုး မဟုတ်ပါဘူး၊ ညီလာခံကို အနှစ်သာရမဲ့တဲ့ ညီလာခံမျိုး မဖြစ်စေချင်ပါဘူး၊ တစ်ဖွဲ့ကျန်ရင် တစ်ပွဲဖြစ်နေဦးမယ်၊ တစ်ယောက်ကျန်ရင် တစ်ပွဲဖြစ်နေဦးမယ်၊ ဒါကြောင့် ဒီ ညီလာခံ မှာ အားလုံးပါဝင်လာစေချင်တယ်” ဟုၤင်းက ပြောကြားသည်။

ထို့ပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပမည့် အချိန်နီးကပ်ချိန်တွင် စစ်ပွဲများ ဖြစ်ပွားနေရခြင်းသည် လက်ရှိတိုက်ပွဲဖြစ်ပွားနေသူများသည် ငြိမ်းချမ်းရေးကို အမှန်တကယ် မလိုချင်သောကြောင့် စစ်ပွဲများကို ဖန်တီးနေသလားဟု သံသယရှိကြောင်း ၎င်း၏အမြင်ကို ပြောသည်။

အလားတူ ၂၁ ရာစု ပင်လုံညီလာခံ ထောက်ခံကြိုဆိုပွဲနှင့်အတူ ပင်လုံညီလာခံကို ထောက်ခံသည့် လက်မှတ်ထိုးလှုပ်ရှားမှုတစ်ခုကိုလည်း ပြုလုပ်ခဲ့ရာ လက်ရှိတွင် လက်မှတ် နှစ်သောင်းကျော်ရရှိနေပြီဖြစ်ကာ ယင်းသို့ ကောက်ခံရရှိသည့် ဆန္ဒပြုလက်မှတ်များကို စုစည်းပြီး ပြည်သူ့လွှတ်တော်၊ UN နှင့် နိုင်ငံတကာအဖွဲ့အစည်းများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း ပြည်သူ့လူ့ပ်ရှားမှုမြှင့်တင်ရေး ကွန်ရက်ထံမှ သိရသည်။ ■

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Editor in Charge** -Kyaw San Min , **Senior Executive Editors** - Thiri Zaw, Aung Soe,
**Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Kyu Kyu Thin (Moe Myay), Aung Aung Tun,
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Pyae Phyo Lin , Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters** - Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe.
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Khin Mg Aye, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Myo Aung, Slai Yaw Zin,
**Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too, Aung Thura.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.




ဖမ်းဆီးရမိသော တရားမဝင်ကျွန်းသစ်များ

# SRT- 1 ယာဉ်လိုင်း ကျပ် ၂၀၀ တိုးကောက်မည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

ဆန်းရောင်နီကုမ္ပဏီက ယာဉ်စီးခ ပေးချေမှုပုံစံနှစ်မျိုးနှင့် ပြေးဆွဲလျက်ရှိသော SRT- 1 ယာဉ်လိုင်းသည် စက်တင်ဘာလ ၁ ရက်မှစ၍ ငွေပေးစီးနင်းသော ယာဉ်စီးခကို မူလထက် ကျပ် ၂၀၀ တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း အဆိုပါယာဉ်လိုင်းထံမှ သိရသည်။

ငွေသားဖြင့်ပေးချေရသော ယာဉ်စီးခနှုန်းထားကို မူလထက် ကျပ် ၃၀၀ မှ ယခု ၅၀၀ အထိ ပြောင်းလဲကောက်ခံခြင်းဖြစ်သော်လည်း e-Ticket စနစ်ဖြင့် ရောင်းချသောယာဉ်စီးခငွေမှာ ပုံမှန်အတိုင်းသာဖြစ်ကြောင်း အဆိုပါယာဉ်လိုင်းတာဝန်ရှိသူက ပြောကြားသည်။

"e-Ticket စနစ်ကို ရာနှုန်းပြည့် အသုံးပြုစေချင်တဲ့ ရည်ရွယ်ချက်ကြောင့် အခုလိုတိုးမြှင့်ကောက်ခံတာပါ" ဟု SRT-1 ယာဉ်လိုင်းမှ တာဝန်ရှိတစ်ဦးက ဆိုသည်။

e-Ticket စနစ်ကိုအသုံးပြုသော်လည်း ခရီးသည်စီးနင်းမှုအဆင်ပြေရန် ငွေသားဖြင့်ပေးချေမှုကို ဆောင်ရွက်ခဲ့ပြီး အဆင်မြင့်ကောင်းမွန်သည့်ငွေပေးချေမှုစနစ်ဖြစ်လာရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

K-Card(e-Ticket စနစ်) ဖြင့် ယာဉ်စီးခပေးချေမှုနှုန်းထားမှာ ယခင်ပိုင်းဖြတ်ထားသည့်ခရီးစဉ်အတိုင်း ကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ခရီးသည်တင်ယာဉ်လိုင်းစီးနင်းရာတွင် အခြားယာဉ်လိုင်းများထက် SRT-1 ယာဉ်လိုင်းနှင့် BRT-Lite ယာဉ်လိုင်းကို စီးနင်းခဲ့ပြီး e-Ticket စနစ်ကို ပိုမိုအသုံးပြုလိုလျှင် ငွေသားပေးချေမှုကို လက်မခံသင့်ကြောင်း နေ့စဉ် SRT-1 ယာဉ်လိုင်းစီးနင်းသည့် ခရီးသည်တစ်ဦးက ပြောကြားသည်။

"ယာဉ်လိုင်းက သတ်မှတ်တဲ့အတိုင်း ခရီးသည်က စီးမှာပဲ။ ကတ်ပဲရမယ့်ယာဉ်ကို ဘယ်ခရီးသည်ကမှ ငွေသားနဲ့ တက်စီးမှာ မဟုတ်ဘူး။ အဲလိုမှ မဟုတ်ရင်လည်း ယာဉ်စီးခမတိုးဘဲ ပုံမှန်အတိုင်းပဲ ကောက်ခံသင့်တယ်" ဟု ၎င်းကဆိုသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလက စတင်ပြေးဆွဲခဲ့သည့် SRT-1 ယာဉ်လိုင်းသည် ယာဉ်စီးရေ ၂၀ ဖြင့် ဗိုလ်တထောင်ကာရ(ဝင်း)၊ ဆူးလေ၊ ရွှေဂုံတိုင်၊ လမ်းနီလေး၊ မြောက်ဥက္ကလာပအထိ၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ဝန်နားစခန်း အထိပြေးဆွဲပြီး ကမ္ဘာအေးဘုရားလမ်းမကြီးနှင့် သုဓမ္မာလမ်းမကြီးအတိုင်း ပြေးဆွဲလျက်ရှိသည်။ ■

# မဘိမ်းသစ်တောကြိုးဝိုင်းအတွင်းတရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိ

**ရန်ကုန်၊ ဩဂုတ် ၃၀**

ရှမ်းပြည်နယ် ကျောက်မဲခရိုင်၊ မဘိမ်းမြို့နယ်အတွင်းရှိ နန့်မဲ့ကြိုးဝိုင်းအတွင်း နယ်မြေရှင်းလင်းရာ၌ တရားမဝင်ကျွန်းသစ်များကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

ဩဂုတ်လ ၃၀ ရက်နေ့တွင် မဘိမ်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်၍ သစ်တောဝန်ထမ်း ၁၁ ဦးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ နယ်မြေရှင်းလင်းရာတွင် နံနက် ၉ နာရီခွဲ၌ နန့်မဲ့သစ်တောကြိုးဝိုင်း အကွက်အမှတ် ၉၈ တွင် ကျွန်းသစ် ၂၈ လုံး စုစုပေါင်းတန်ချိန် ၅ ဒသမ ၆၆၉ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလားတူ ဩဂုတ်လ ၂၈ ရက်နေ့က အဆိုပါသစ်တောကြိုးဝိုင်းအတွင်း နယ်မြေရှင်းလင်းရာ တရားမဝင် သစ်စက်တစ်လုံး၊ ကျွန်းသစ် ၁၃ လုံး တန်ချိန် ၂ ဒသမ ၄၉ တန်နှင့် ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျွန်းသစ် ၃၄ လုံး စုစုပေါင်းတန်ချိန် ၉ ဒသမ ၇၆၂ တန်ကိုဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာန စာရင်းများအရ သိရသည်။ ■

# ခါကာဘိုသူရဲကောင်းများ ၂ နှစ်မြောက်အထိမ်းအမှတ်နှင့် ရေဘေးရန်ပုံငွေ ဓာတ်ပုံပြပွဲ ကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

ကချင်ပြည်နယ်မြောက်ဖျားရှိ ခါကာဘိုရာဇီတောင်ထိပ်ပေါ်သို့ တက်ရောက်ခဲ့ရာမှ ပျောက်ဆုံးသွားသည့် တောင်တက်သမား ကိုအောင်မြင့်မြတ်နှင့် ကိုဝေယံမင်းသူတို့အတွက်ရည်ရွယ်၍ ခါကာဘိုသူရဲကောင်းများ ၂ နှစ်မြောက် အထိမ်းအမှတ်နှင့် ရေဘေးကူညီရေးရန်ပုံငွေဓာတ်ပုံပြပွဲကို စက်တင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း အဆိုပါပွဲစီစဉ်သူများထံမှ သိရသည်။

အဆိုပါဓာတ်ပုံပြပွဲကို ရန်ကုန်မြို့တော် မြေနီကုန်း၊ စမ်းချောင်းမြို့နယ်ရှိ Dagon Center ၂၊ ဒုတိယထပ်၊ အလယ်ခန်းမတွင် နံနက် ၉ နာရီမှ ည ၉ နာရီအထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

၂၀၁၄ ခုနှစ်က ခါကာဘိုရာဇီ တောင်ထိပ်ပေါ်သို့ ကြိုးပမ်းတက်ရောက်ခဲ့ပြီး ပျောက်ဆုံးခဲ့သည့်တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်းမှ နည်းစနစ်မှူးနှင့် အပျော်တမ်းဓာတ်ပုံဆရာတစ်ဦးဖြစ်သူ ကိုအောင်မြင့်မြတ်ကိုယ်တိုင် ရိုက်ကူးထားသည့် ရေခဲတောင်ရှုခင်းဓာတ်ပုံများနှင့် မြောက်ဖျားဒေသ သဘာဝအလှအပဓာတ်ပုံများကိုစုစည်း၍ ယင်းပြပွဲအတွင်း ပြသမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများ၏အဆိုအရ သိရသည်။

အဆိုပါပြပွဲအတွင်း၌ ၂၀ လက်မ× ၃၀ လက်မနှင့် ၁၆ လက်မ× ၂၄ လက်မ အရွယ်အစားရှိ ဓာတ်ပုံပေါင်း ၈၀ ကျော်ကို ပြသရောင်းချမည်ဖြစ်ပြီး ရောင်းချရ မှုရရှိသည့်ငွေများကို ရေဘေးသင့်ဒေသကယ်ဆယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများတွင် ရန်ပုံငွေအဖြစ် အသုံးချမည်ဖြစ်ကြောင်း ခြေလျင်တောင်တက်မိသားစုထံမှ သိရသည်။ ■

# တီးတိန်၌ တရားမဝင် သင်းခွေချပ်အကြေးခွံများ ဖမ်းမိ

**ရန်ကုန်၊ ဩဂုတ် ၃၀**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း တရားမဝင်သင်းခွေချပ် အကြေးခွံအစိုများ သယ်ဆောင်လာသူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

အဆိုပါမြို့နယ် သစ်တောဦးစီးဌာန တာဝန်ရှိသူများနှင့် တီးတိန်မြို့နယ် ခိုင်ကမ်းရဲကင်းနှင့် မူးယစ်တပ်စုမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ခိုင်ကမ်းမြို့ ၉ မိုင် ရဲစခန်းရှေ့တွင် Toyota Hiace အမျိုးအစားယာဉ်ကိုစစ်ဆေးရာ၌ တရားမဝင်သင်းခွေချပ် အကြေးခွံအစို ၄၆ ပိဿာနှင့် အတူသယ်ဆောင်လာသူတစ်ဦးကိုဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါဌာနထံမှ သိရသည်။

မြန်မာနိုင်ငံမှ ဆင်အပါအဝင် ကျား၊ မြွေ၊ သင်းခွေချပ်၊ လိပ်၊ ဇီးကွက်နှင့် တောကြောင် အစရှိသည့်တောရိုင်းတိရစ္ဆာန်များကို အမဲလိုက်သတ်ဖြတ်၍ ၎င်းတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများကို တရားမဝင်တင်ပို့ရောင်းချနေခြင်းကြောင့် ယခုအခါ ရှားပါးမျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးပညာရှင်များက ပြောဆိုသည်။ ■

# MAPCO က ရှယ်ယာရှင်အသစ်များကို ရှယ်ယာရောင်းရန် ရန်ကုန်စတော့အိတ်ချိန်းထံတင်ပြ

**ရန်ကုန်၊ ဩဂုတ် ၃၀**

မြန်မာ့လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်း (MAPCO) က ဒုတိယအကြိမ်ရောင်းချသည့် ရှယ်ယာများကို ရှယ်ယာရှင်အသစ်များထံ ရောင်းချနိုင်ရန် ရန်ကုန်စတော့အိတ်ချိန်းထံ တင်ပြထားကြောင်း အဆိုပါကုမ္ပဏီ၏ အစုရှယ်ယာဌာနမှူး ဦးသူရက ပြောကြားသည်။

ဒုတိယအကြိမ်ထုတ်ရောင်းသည့် ရှယ်ယာများထဲမှ ရှယ်ယာရှင်အဟောင်းများ ဝယ်ယူခဲ့သည့်ပမာဏနှင့် ကျန်ရှိမည့် ရှယ်ယာပမာဏတို့ကို စက်တင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်းသို့ တင်ပြပြီး အများပြည်သူ (ရှယ်ယာရှင်သစ်)သို့ ရောင်းချနိုင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

"ရှယ်ယာရှင်အသစ်တွေကို ရောင်းနိုင်ဖို့ ဥပဒေအတိုင်း လုပ်နေတာပါ။ ရှယ်ယာရှင်အသစ်တွေကို ရောင်းမယ့်ဈေးနှုန်းကတော့ အပြောင်းအလဲရှိနိုင်တယ်" ဟု ဦးသူရက ပြောဆိုသည်။

လက်ရှိအချိန်တွင် MAPCO ကုမ္ပဏီ၏ ရှယ်ယာများကို ရှယ်ယာရှင်အသစ်သုံးရာကျော်က ဝယ်ယူရန် ကုမ္ပဏီထံ အဆိုပြုလွှာများတင်ထားကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် MAPCO ကုမ္ပဏီက ဘဏ်လုပ်ငန်းတစ်ခုနှင့် စတုတ္ထမြောက် ဆက်သွယ်ရေးအော်ပရေတာဖြစ်လာမည့် Myanmar National Telecom Holding Public ကုမ္ပဏီအပါအဝင် စီးပွားရေးလုပ်ငန်းခြောက်ခုတွင် ရင်းနှီးမြှုပ်နှံရန် ရှယ်ယာတစ်သန်းကျော်ကို ရှယ်ယာရှင်အဟောင်းများအား ဦးစားပေးရောင်းချပေးပြီး မဝယ်ဘဲ ကျန်ရှိသောရှယ်ယာများကို အများပြည်သူသို့ ရောင်းချမည်ဟု ဇွန်လပိုင်းတွင် ကြေညာခဲ့သည်။

MAPCO ကုမ္ပဏီကို ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လကုန်အထိ အစုရှယ်ယာရှင်ပေါင်း ၁၄၄၄ ဦးရှိကာ ကျပ် ၁၆ ဒသမ ၄ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံထားပြီး ရန်ကုန်စတော့အိတ်ချိန်းတွင် စတုတ္ထမြောက်စာရင်းဝင်ကုမ္ပဏီအဖြစ် ရှယ်ယာအရောင်းအဝယ်လုပ်မည်ဖြစ်သည်။ ■

BUSINESS GUIDE

# စဉ်းစားစရာ ကိုယ်ပိုင်စီးပွားရေးအိုင်ဒီယာ အထည်ဆိုင်တစ်ဆိုင် ဖွင့်မယ်ဆိုရင်

ကိုယ်ပိုင်လုပ်ငန်းတစ်ခု စချင်လို့ စုထားတဲ့ ပိုက်ဆံတွေနဲ့ အထည်ဆိုင်တစ်ဆိုင်ဖွင့်ဖို့ စဉ်းစားမယ်ဆိုရင် ဘယ်ကစလုပ်ရမလဲ၊ ဆိုင်မှာ ဘာပစ္စည်းတွေတင်မလဲ၊ အဲ့ဒီပစ္စည်းတွေကို ဘယ်မှာဝယ်ကြမလဲ၊ အရင်းအနှီး ဘယ်လောက်ဆို ရနိုင်ပြီလဲ စတဲ့ သိဖို့လိုအပ်နေတဲ့ အကြောင်းအရာတွေက အများကြီးရှိနေမှာပါ။ ဒါတွေထဲကမှ အခြေခံအကျဆုံး အချက်တချို့ကို စုစည်းဖော်ပြလိုက်ပါတယ်။



### အရေးကြီးတဲ့ အခြေခံအချက်တွေက ဘာတွေလဲ

အဓိကကတော့ ကိုယ်က ဘယ်လိုလူတန်းစားကိုဦးတည်မလဲ ဆိုတာပါပဲ။ နောက်ပြီး မြန်မာဝတ်စုံ၊ ဖန်စီဒီဇိုင်း စတာတွေကမှ ဘယ်လိုဖက်ရှင် ဒီဇိုင်းမျိုးကိုတင်မှာလဲ၊ ချုပ်ထည်တွေကိုရောင်းမှာလား၊ ထိုင်းထည်လား၊ တရုတ်ထည်လား ဆိုတာမျိုးကိုလည်း စဉ်းစားထားရမှာပါ။ ဒါ့အပြင် ဆိုဒ်ကြီးတွေ သီးသန့်ရောင်းမှာလား၊ ဆိုဒ်သေးတွေလည်း ရောင်းမှာလား၊ စုံအောင်တင်မှာလား ဆိုတာမျိုးတွေလည်း စဉ်းစားရမှာပါ။

### ဘယ်မှာရောင်းမှာလဲ

ကိုယ်က ဘယ်လိုလူတန်းစားကို ဦးတည်မယ်၊ ဘယ်လိုပစ္စည်းမျိုး ရောင်းချမယ်ဆိုတာကို ဆုံးဖြတ်ပြီးရင်တော့ ဈေးမှာရောင်းမှာလား၊ ကိုယ့်ပတ်ဝန်းကျင်မှာပဲ ရောင်းမှာလားဆိုတာ စဉ်းစားရတော့မှာပါ။ ရောင်းချမယ့်နေရာအပေါ် မူတည်ပြီးတော့ အခန်းအတွက် ကုန်ကျစရိတ်က အပြောင်းအလဲ ရှိနိုင်ပါတယ်။

### ဘယ်လောက် ရင်းနှီးရမှာလဲ

ကိုယ်ဘယ်လောက်ရင်းနှီးမလဲ၊ ကိုယ်ဘယ်လောက် ရင်းနှီးနိုင်သလဲ ဆိုတာပေါ် မူတည်ပါတယ်။ ကိုယ်ဆိုင်ဖွင့်မယ့် တည်နေရာအလိုက် အခန်းငှားခ၊ စာချုပ်ကာလ၊ ဆိုင်အပြင်အဆင်၊ တင်မယ့်ပစ္စည်းတွေပေါ် မူတည်ပြီး အနည်းဆုံး ကျပ်သိန်း ၂၀ ကနေ ချဲ့ရင်ချဲ့သလောက် ကုန်ကျနိုင်ပါတယ်။ အရင်းအနှီးအတွက် ကုန်ကျမယ့်ငွေထဲမှာ ဆိုင်တွင်း ပြင်ဆင်စရိတ်၊ ဆိုင်မှာပြထားရမယ့်အရုပ်တွေရဲ့စရိတ်ကိုလည်း ထည့်တွက်ထားရမှာပါ။

အရမ်းလည်းမသေး၊ အရမ်းလည်းမကြီးဘဲ စတုရန်းပေ ၇၅ ပေလောက်ရှိတဲ့ ဆိုင်ခန်းအကျယ်ထဲမှာ အဝတ်အစားဒီဇိုင်းစုံစုံလင်လင်၊ အရုပ်စုံစုံလင်လင်နဲ့ ဆိုင်တွင်းအပြင်အဆင်ကိုလည်း ကြည့်ကောင်းအောင်ခင်းကျင်းပြသထားနိုင်ဖို့ ဆိုရင်တော့ ဆိုင်ခန်းခမပါ ကျပ်သိန်း ၅၀ လောက် ရင်းနှီးရမယ်လို့ လက်ရှိအထည်ဆိုင်ဖွင့်ထားသူတစ်ဦးက ပြောပါတယ်။

### ဆိုင်အပြင်အဆင်

ဆိုင်တွင်းအပြင်အဆင်ကလည်း အရေးကြီးသလို အဝတ်အစားတွေ ပြထားတာမှာလည်း လူစိတ်ဝင်စားအောင် ပြထားနိုင်ဖို့က အရေးကြီးပါတယ်။ လူတွေက ဆိုင်မှာပြထားတဲ့ ဒီဇိုင်းတွေကိုတွေ့ပြီး ကြိုက်မှ ဆိုင်ထဲဝင်လာတာဆိုတော့ ဆိုင်ရဲ့အပြင်အဆင်ကလည်း ထိုက်သင့်သလောက် အရေးကြီးပါတယ်။

ဝယ်သူတွေအနေနဲ့ ကိုယ်နဲ့တော်မတော်၊ အဆင်ပြေမပြေ စမ်းဝတ်ကြည့်ဖို့အတွက် လုံခြုံတဲ့နေရာတစ်ခု ရှိတာကလည်း ဆွဲဆောင်မှုတစ်ခု ဖြစ်နိုင်ပါတယ်။ တကယ်လို့ လုံခြုံတဲ့နေရာတစ်ခု ထားပေးဖို့ အဆင်မပြေဘူးဆိုရင်လည်း ကိုယ်နဲ့ လိုက်မလိုက်၊ အဆင်ပြေမပြေ ကြည့်ရှုနိုင်ဖို့ အနည်းဆုံး ကိုယ်လုံးပေါ်မှန်တစ်ချပ်လည်း ရှိသင့်ပါတယ်။

### ဘယ်မှာ ဝယ်ကြမလဲ

မင်္ဂလာဈေးနဲ့ယုဇနပလာဇာမှာ ဝယ်လို့ရပါတယ်။ ကိုယ်က ဈေးနှုန်းအသင့်အတင့်နဲ့ ပစ္စည်းလေးတွေလိုချင်တယ်ဆိုရင် မင်္ဂလာဈေးမှာ ဝယ်လို့ရတယ်။ ချုပ်ထည်တွေ၊ တရုတ်ထည်တွေလည်း မင်္ဂလာဈေးမှာ ဝယ်လို့ရတယ်။

တကယ်လို့ ကိုယ့်ဆိုင်မှာ ထိုင်းထည်တွေ၊ ဇန်ကောက်ထည်အစစ်တွေ တင်ချင်တာမျိုးဆိုရင်တော့ ယုဇနပလာဇာမှာ ဝယ်လို့ရတယ်။

တချို့အထည်တွေကျတော့လည်း ပလာဇာမှာရော၊ မင်္ဂလာဈေးမှာရော ရှိတတ်ပေမယ့် မင်္ဂလာဈေးက ဈေးသက်သာတာမျိုး ရှိတတ်တယ်လို့ လက်ရှိဆိုင်ဖွင့်ထားတဲ့သူတွေက ပြောပြထားပါတယ်။

နောက်တစ်ခုက အချိန်ပေးပြီး ရှာနိုင်ရမှာပါ။ ဒီဇိုင်းတစ်မျိုးတည်း အမျိုးအစား တစ်မျိုးတည်းကိုတောင် တစ်ဆိုင်နဲ့တစ်ဆိုင် ဈေးနှုန်းမတူကြလို့ရှာနိုင်လေ ပိုဈေးသက်သာတာကို ရနိုင်လေပဲ ဖြစ်ပါတယ်။

### ဘယ်လိုဒီဇိုင်းမျိုးတွေ ရွေးချယ်ဝယ်ကြမလဲ

ဆိုင်ဖွင့်ဖို့ ပစ္စည်းတွေဝယ်ကြပြီဆိုရင်တော့ ကိုယ်က ဘယ်လို Customer မျိုးကို Target ထားသလဲဆိုတာကိုဦးတည်စဉ်းစားရမှာပါ။ ကိုယ့် Customer က ဘယ်လိုပစ္စည်းမျိုး၊ ဘယ်လိုဒီဇိုင်းမျိုးတွေ ကြိုက်နိုင်တယ် ဆိုတာမျိုးကို စဉ်းစားပြီး သူတို့ကြိုက်နိုင်တဲ့ ဒီဇိုင်းမျိုးကို ဦးစားပေး လိုက်ရှာဝယ်ရမှာပါ။ သူတို့ကြားထဲမှာ ဘယ်လိုဒီဇိုင်းတွေက ခေတ်စားနေတယ်ဆိုတာမျိုးကိုလည်း ကိုယ်က မျက်ခြည်မပြတ် လေ့လာနေသင့်ပါတယ်။

ကိုယ့်ဆိုင်မှာ လာမေးတာတွေကို မှတ်ထားပြီး နောက်တစ်ခေါက် ကိုယ်ဈေးသွားတဲ့အခါမျိုးဆို သတိထားပြီး ဝယ်လာပေးခြင်းအားဖြင့် ဆိုင်နဲ့ Customer ဆက်ဆံရေးလည်း တည်ဆောက်ပြီးသား ဖြစ်သွားတယ်လို့ အထည်ဆိုင်တော်တော်များများက အကြံပြုကြပါတယ်။

ဘောင်းဘီတို့ စကပ်တို့က ဝတဲ့သူတွေအတွက်၊ ပိန်တဲ့သူတွေအတွက်ဆို ပစ္စည်းရှားတာမျိုး ရှိတတ်တာမို့ ဆိုဒ်ကြီးတွေ၊ ဆိုဒ်အသေးတွေကို အဓိကထားပြီး တင်မယ်ဆိုရင်လည်း နောက်ပိုင်း သူတို့တွေလိုအပ်လာရင် ကိုယ့်ဆိုင်ကိုပဲ ပြန်လာဝယ်ကြတာမျိုး ရှိပါတယ်။

### ဈေးနှုန်းဘယ်လိုသတ်မှတ်ကြမလဲ

တစ်ထည်ကို အနည်းဆုံးတစ်ထောင်လောက် အမြတ်ယူပြီး ရောင်းချတယ်လို့ လက်ရှိ အထည်ရောင်းချနေသူတွေက ဆိုပါတယ်။ ပစ္စည်းသယ်ယူစရိတ်၊ အလုပ်သမားစရိတ် စတဲ့ စရိတ်တွေ အကုန်တွက်ပြီး တစ်ထည်ကိုအနည်းဆုံး အသားတင်တစ်ထောင်လောက် အမြတ်တင်ပြီး ရောင်းချတာပါ။ အရောင်းသွက်တဲ့ ပစ္စည်းဆိုရင်တော့ အမြတ်နည်းနည်းပဲ တင်ထားပေမယ့် များများရောင်းရတဲ့အတွက် အမြတ်များများ ကျန်မှာပါ။

### မရောင်းရတဲ့ပစ္စည်းတွေကို ဘယ်လိုလုပ်မလဲ

တစ်ခါတလေမှာ ကိုယ်ဝယ်လာတဲ့ပစ္စည်းတွေက ဘယ်လိုမှ ရောင်းမထွက်တာမျိုးကိုလည်း ကြုံရမှာပါ။ အရောင်မကြိုက်တာ၊ ဒီဇိုင်းမကြိုက်တာတွေကြောင့် ရောင်းမထွက်နိုင်တဲ့အထည် တစ်ထည်တလေလည်း ရှိနိုင်ပါတယ်။

အဲ့ဒီလို တစ်ထည်တလေ ကျန်တာမျိုးဆိုရင်တော့ တစ်ယောက်မကြိုက်လည်း တစ်ယောက်ကြိုက်နိုင်တာကြောင့် ဆိုင်က လူမြင်သာတဲ့နေရာမှာ ချိတ်ပြီး ပြထားလိုက်တာကလည်း ဖြေရှင်းနိုင်တဲ့ နည်းလမ်းကောင်းတစ်ခု ဖြစ်မှာပါ။

ဒါပေမဲ့ အဝယ်များပြီး ဒီဇိုင်းတစ်ခုလုံး မရောင်းရဘူး ဆိုတာမျိုးလည်း ရှားရှားပါးပါး ကြုံတောင့်ကြုံခဲ အနေနဲ့ ကြုံရနိုင်ပါတယ်။ အဲ့ဒီလိုမှ ရောင်းမထွက်ဘူးဆိုရင်တော့လည်း တစ်ထည်ကို ရာဂဏန်းလောက် ပေးပြီး ပုတ်ပြတ်လာဝယ်ကြတဲ့သူတွေရှိတာမို့ ပြန်ရောင်းနိုင်ပါတယ်။

**(အထက်ပါ ဆောင်းပါးအတွက် လိုအပ်တဲ့အချက်အလက်တွေကို မိုးစံအထည်ဆိုင်က ကူညီဖြေကြားပေးထားပါတယ်။)**

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ငါးနှစ်အတွင်း ကန်ဒေါ်လာ ရှစ်ဘီလီယံအထိ မြင့်တက်ဟု စာတမ်းဖော်ပြ

ရန်ကုန်၊ ဩဂုတ် ၃၀

မြန်မာနိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) မှာ ငါးနှစ်အတွင်း အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံအထိ မြင့်တက်လာသည်ဟု မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ကော်မရှင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သည်/စက်မှုအသင်းချုပ်၊ အာရှ ဖွံ့ဖြိုးရေးဘဏ် (ADB) နှင့် ဩစတြေးလျအစိုးရတို့ ပူးပေါင်းရေးဆွဲထားသည့် စာတမ်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမှာ ၂၀၁၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂ ဘီလီယံရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂ ဘီလီယံ သို့ တိုးမြှင့်လာပြီး နိုင်ငံခြားတိုက်ရိုက်ရင်း နှီးမြှုပ်နှံမှုမှာလည်း ယင်းကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံမှ ရှစ် ဘီလီယံအထိ မြင့်တက်လာကြောင်း 'မြန်မာနိုင်ငံ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက် ပဏာမဖော်ပြချက်စာတမ်း' တွင် ဖော်ပြထားသည်။

ယခုစာတမ်းကို အစိုးရ၏မေတ္တာရပ်ခံချက်ဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ကာ မြန်မာနိုင်ငံအနေနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာ ကုန်သွယ်မှု တိုးမြှင့်စေရန် လိုအပ်သော အဖွဲ့အစည်းများနှင့် အခြေခံအဆောက်အဦများ တည်ဆောက်ရန် လိုအပ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်နှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေများ ပြဋ္ဌာန်းပြီးနောက် ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုလွယ်ကူလာသောကြောင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မှတ်ပုံတင်ထားသော ကုမ္ပဏီပေါင်း ၃၀,၄၀၇ မှ ၅၈,၇၈၉ သို့ တိုးမြင့်လာကြောင်း ယင်းစာတမ်းအရ သိရသည်။

၂၀၀၅ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှုရှိပြီး ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများက ဥပဒေနှင့် စည်းမျဉ်းများ လိုက်နာရန် ကုန်ကျစရိတ်ကြီးမြင့်ကာ ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း၊ ဗဟိုအဆင့် စီးပွားရေးအဖွဲ့အစည်းများဖြစ်သည့် ဗဟိုဘဏ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့က ပိုမိုတိုးတက်စေမည့် မူဝါဒနှင့် စည်းမျဉ်းများ လုပ်ဆောင်ရန် လိုအပ်ကြောင်း ယင်းစာတမ်းတွင် အကြံပြုထားသည်။ ■

## NEWS IN BRIEF

### အထောက်အထားမစုံဘဲရောင်းသည့်မြန်မာငါးဖမ်းလှေများကို သိမ်းဆည်းမည်ဟု ထိုင်းညွှန်ကြားချက်ထုတ်

**ရန်ကုန်၊ ဩဂုတ် ၃၀**

ထိုင်းနိုင်ငံအတွင်းသို့ အထောက်အထားမစုံလင်ဘဲ လာရောက်ရောင်းချသည့် မြန်မာငါးဖမ်းလှေများကို စက်တင်ဘာလမှစတင်၍ အပြီးအပိုင်သိမ်းဆည်းမည်ဟု ထိုင်းနိုင်ငံဆိုင်ရာ ငါးလုပ်ငန်းအဖွဲ့ချုပ်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနထံမှ သိရသည်။

ဩဂုတ်လ ၂၇ ရက်နေ့က ထိုင်းနိုင်ငံရှိ မဟာချိုင်မြို့တွင် ထိုင်းနိုင်ငံဆိုင်ရာ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ထိုင်းငါးလုပ်ငန်း ဦးစီးဌာနတို့ပြုလုပ်သည့် အစည်းအဝေးတွင် ယင်းညွှန်ကြားချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အသား၊ ငါးများနှင့်ပတ်သက်၍ Health Certificate၊ Cash Certificate နှင့် အခြားစာရွက်စာတမ်း အထောက်အထား လုံးဝမပါသည့်ငါးများကို ဝယ်ယူခြင်း၊ တင်သွင်းခြင်းမပြုရန်နှင့် အထောက်အထားမပါသည့် မြန်မာနိုင်ငံမှ ငါးဖမ်းလှေများကိုလည်း အပြီးအပိုင် သိမ်းဆည်းမည်ဟု ညွှန်ကြားချက်တွင် ပါဝင်ကြောင်း ယင်းဦးစီးဌာနထံမှ သိရသည်။

ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံက ရောင်းချသည့်ငါးများကို အဓိကထားမှီခိုနေရခြင်းဖြစ်ပြီး ၉၀ ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှ လာရောက်ရောင်းချသည့် ငါးများဖြစ်ကာ မြန်မာ့ပင်လယ်ပြင်အတွင်း ငါးခိုးဖမ်းခြင်းများလည်းရှိခဲ့ရာ ယခုကဲ့သို့ ငါးဝယ်ယူခြင်းကို တင်းကျပ်လိုက်ခြင်းသည် မြန်မာနိုင်ငံမှ ငါးဝယ်ယူခြင်းကို ကန့်သတ်လိုခြင်းနှင့် ဈေးနှိမ်လိုခြင်းဖြစ်မည်ဟုယူဆကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

### ရေမြုပ်ပျက်စီးသည့် စိုက်ခင်းများကို ပေးဝေရန် မျိုးစပါးတင်း ခုနစ်သိန်း စုဆောင်းမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

မြန်မာနိုင်ငံဒေသအချို့တွင် ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ကေများကို မျိုးစပါးထောက်ပံ့ပေးရန် မျိုးစပါးတင်း ခုနစ်သိန်း စုဆောင်းရန်လျာထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းက ပြောကြားသည်။

အချို့သောစိုက်ကေများမှာ ရေမြုပ်သော်လည်း ထိခိုက်ပျက်စီးခြင်းမရှိဘဲ ပြန်လည်စိုက်ပျိုး၍ရကြောင်း၊ လက်ရှိရေမြုပ်သည့် စိုက်ကေများကို တွက်ကြည့်လျှင် ဌာနတွင်းစုဆောင်းထားသည့် မျိုးစေ့အရေအတွက်နှင့် လုံလောက်နိုင်ကြောင်း၊ အကယ်၍ လိုအပ်လာပါက ပုဂ္ဂလိကမျိုးစေ့ခြံများမှ ဝယ်ယူကာ တောင်သူများသို့ အခမဲ့ပေးဝေမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

လက်ရှိအချိန်တွင် ရေပြန်ပေါ်လာသည့် မိုးစပါးစိုက်ကေများသို့ မျိုးစေ့များချပေးနေပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးကို မျိုးစပါး တင်းလေးထောင် ထောက်ပံ့ပေးပို့ထားကြောင်း၊ ရေကြီးမှုအန္တရာယ် မဖြစ်ပေါ်မီ အချိန်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျိုးစပါးတင်းပေါင်း နှစ်သိန်းနီးပါးကို ကြိုတင်စုဆောင်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံမှ သိရသည်။

### *666# ကို ဖုန်းခေါ်ဆိုပြီး အူရီဒူးဆင်းမ်ကတ်များ မှတ်ပုံတင်ထားခြင်းရှိ မရှိ စစ်ဆေးနိုင်မည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

အူရီဒူးသုံးစွဲသူများအနေနှင့် မိမိဆင်းမ်ကတ် မှတ်ပုံတင်ထားခြင်းရှိ မရှိကို *666# သို့ အခမဲ့ဖုန်းခေါ်ကာ စစ်ဆေးနိုင်မည်ဖြစ်ကြောင်း အူရီဒူးမြန်မာက သတင်းထုတ်ပြန်သည်။

မိမိဆင်းမ်ကတ် မှတ်ပုံတင်ထားခြင်းမရှိပါက အနီးပတ်ဝန်းကျင်ရှိ အူရီဒူးအမှတ်တံဆိတ် အရောင်းဆိုင်များတွင် ဆင်းမ်ကတ်မှတ်ပုံတင်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း အူရီဒူးမြန်မာထံမှ သိရသည်။

နောက်ပိုင်းတွင် အူရီဒူး Website နှင့် My Ooredoo Application များတွင် အလွယ်တကူမှတ်ပုံတင်နိုင်ရန် လုပ်ဆောင်နေကြောင်း အူရီဒူးမြန်မာထံမှ သိရသည်။

# အကောက်ခွန်၏ ဒဏ်ကြေးသစ်သတ်မှတ်ချက် ထွက်ပေါ်မှု ကောလာဟလဟုဆို

**ရန်ကုန်၊ ဩဂုတ် ၃၀**


ဓာတ်ပုံ - အောင်နိုင်

မော်တော်ယာဉ်ဈေးကွက်အတွင်း ပျံ့နှံ့လျက်ရှိသော အကောက်ခွန်ဦးစီးဌာနက ဒဏ်ကြေးသစ်သတ်မှတ်ချက်များ ထုတ်ပြန်ထားသည်ဟုဆိုခြင်းမှာ ကောလာဟလသာဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။

"ဒါက ကောလာဟလပါ။ ကျွန်တော်တို့ ရုံးတွင်းအမိန့်လည်း မထုတ်ထားသလို ဘာစာရွက်မှလဲ မထုတ်ပြန်ထားပါဘူး" ဟု အကောက်ခွန်ဦးစီးဌာနမှ အကြီး တန်းအရာရှိတစ်ဦးက ပြောဆိုသည်။

မော်တော်ယာဉ်ဈေးကွက်အတွင်း ပျံ့နှံ့နေသည့်သတင်းမှာ ယခင်က မော်တော်ယာဉ် တစ်နှစ်လျှော့များ ပြည်ပမှတင်သွင်းပါက ယင်းမော်ဒယ်လ် ဆိပ်ကမ်းအရောက်တန်ဖိုး၏တစ်ဝက်ကို ဒဏ်ကြေးအဖြစ်ပေးဆောင်စေရာမှ သိမ်းဆည်းအဆင့်သို့ ပြောင်းလဲမည်ဟု အဓိကသတ်မှတ်ချက်အဖြစ် ပါဝင်လာခြင်းဖြစ်ကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များထံမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနက ဒဏ်ကြေးသစ်များ ထုတ်ပြန်လေ့ရှိသော်လည်း အမှန်တကယ်အရေးယူမှုတွင်မူ အားနည်းလေ့ရှိကြောင်း မော်တော်ယာဉ်လုပ်ငန်းရှင်များက ပြောကြားသည်။

သို့သော် အမှန်တကယ်အရေးယူမည်ဆိုပါကလည်း မြန်မာနိုင်ငံ၏ မော်တော်ယာဉ် မော်ဒယ်လ်နှစ်သတ်မှတ်ပုံနှင့် ပြည်ပနိုင်ငံများ၏ မော်ဒယ်လ်နှစ်သတ်မှတ်ပုံတို့မှာ ကွဲပြားလေ့ရှိခြင်းကြောင့် မော်တော်ယာဉ်တင်သွင်းသူများအတွက် အခက်အခဲဖြစ်ပေါ်ရလေ့ရှိကြောင်း ၎င်းတို့က ပြောဆိုသည်။ ■

# Vietjet လေကြောင်း ဟိုချီမင်းမြို့မှတစ်ဆင့် ထိုင်ဝမ်နိုင်ငံသို့ တိုးချဲ့ပျံသန်းမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

ဗီယက်နမ်နိုင်ငံမှ အခြားဒေသများသို့ သွားရောက်လည်ပတ်မည့် မြန်မာခရီးသွားများအတွက် ဟန္နိုင်း-တိုင်ပေ(ထိုင်ဝမ်)ခရီးစဉ်နှင့် ဟိုချီမင်း-ကောင်းရှမ်(ထိုင်ဝမ်) ခရီးစဉ်တို့ကို Vietjet လေကြောင်းလိုင်းက အောက်တိုဘာနှင့်ဒီဇင်ဘာလများတွင် တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဟန္နိုင်း-တိုင်ပေခရီးစဉ်ကို အောက်တိုဘာလ ၃၀ မှစ၍ နေ့စဉ်ပြေးဆွဲမည်ဖြစ်ပြီး ဟိုချီမင်း-ကောင်းရှမ်ခရီးစဉ်ကို ဒီဇင်ဘာလ ၁၂ မှစ၍ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာနှင့် တနင်္ဂနွေနေ့များတွင် ပြေးဆွဲမည်ဖြစ်သည်။

ယခုနှစ်ခရီးသွားရာသီတွင် မြန်မာနိုင်ငံသားများသည် ပြည်ပခရီးစဉ်အဖြစ် ဗီယက်နမ်နိုင်ငံသို့ အလည်အပတ် သွားရောက်မှု များသည်။ ■

# ပဲငွေကြေးအရှုပ်အရှင်းပမာဏ ရက်ပိုင်းအတွင်း ထုတ်ပြန်မည်ဟုဆို

**ရန်ကုန်၊ ဩဂုတ် ၃၀**

ငွေကျပ်သိန်းသောင်းနှင့်ချီ၍ အရှုပ်အရှင်းဖြစ်ပေါ်ထားသည့်ပမာဏနှင့် လျော်ကြေးခွဲဝေပေးရမည့် ကုမ္ပဏီများကိစ္စကို ရက်ပိုင်းအတွင်း ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ယင်းကိစ္စကိုကြားဝင်လုပ်ကိုင်ပေးလျက်ရှိသည့် မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

ရောင်းမှား ဝယ်မှားဖြစ်ပေါ်ခဲ့သည့် Thein Than Trading ကုမ္ပဏီက ပဲ၊ နှမ်းအသင်းကို ယင်းကိစ္စနှင့်ပတ်သက်၍ ကြားဝင်ဖြေရှင်းပေးရန် လွှဲပြောင်းပေးထားသည့်အတွက် အသင်းကလုပ်ဆောင်ပေးရန်စီစဉ်လျက်ရှိကြောင်း အဆိုပါအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်က ပြောကြားသည်။

ပဲဈေးနှုန်းများသည် ဇူလိုင်လ နောက်ဆုံးပတ်အတွင်းက ပြည်ပပို့ ပဲတစ်တန်လျှင် ကျပ် ၁၅ သိန်းခန့် ဈေးရှိခဲ့ရာမှ ရုတ်တရက် ဈေးကျဆင်းသွားခြင်းကြောင့် Thein Than Trading ကုမ္ပဏီသည် ငွေပေးချေရန် ပျက်ကွက်ခြင်း၊ ငွေရယူထားပြီး ပဲတင်ပို့ရန် ပျက်ကွက်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။

ထိုသို့ရောင်းမှား ဝယ်မှားဖြစ်ပေါ်ခြင်းမရှိစေရန် ပဲ ကြိုရောင်းကြိုဝယ်လုပ်မည့်သူများအနေနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ၁၀ ရာခိုင်နှုန်းသွင်း၍ ရောင်းဝယ်ကြရန် ပဲ၊ နှမ်းအသင်းက တိုက်တွန်းထားသော်လည်း ငွေကြေးအရှုပ်အရှင်းများမှာ ပဲလောကတွင် နှစ်စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း ပဲကုန်သည်များထံမှ သိရသည်။

လတ်တလော ပဲဈေးကွက်အတွင်း ဈေးနှုန်းများ စံချိန်တင်ကျဆင်းနေခြင်းကြောင့် ဈေးကောင်းစောင့်၍ရောင်းချရန် ပဲလှောင်ထားသူများ အရှုံးပေါ်လျက်ရှိကြောင်း ပဲကုန်သည်များထံမှ သိရသည်။ ■

## ဩဂုတ် ၃၀ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

MCB ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းများသည် ဆက်တိုက်ဈေးတက်လျက်ရှိပြီး ကျပ် ၉၈၀၀ ဖြင့် ဈေးပိတ်ခဲ့သည်။ FMI ကုမ္ပဏီ၏ ရှယ်ယာသည် ယခင်ရက်များကဈေးနှုန်းအတိုင်း ကျပ် နှစ်သောင်းဖြင့် အပြောင်းအလဲမရှိဘဲ ဈေးဆက်လက် ငြိမ်လျက်ရှိသည်။ MTSH ကုမ္ပဏီ၏ ရှယ်ယာဈေးနှုန်းမှာ ကျပ်တစ်ထောင်ကျဆင်းခဲ့ကာ ကျပ် ၄၂,၀၀၀ သို့ ဈေးကျသွားခဲ့သည်။

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | TradingShares | Trading Value(MMK) |
|---|---|---|---|---|---|---|
| FMI | 20000 | 19500 | 20000 | - | 1835 | 36,286,500 |
| MTSH | 43000 | 42000 | 42000 | -1000 | 585 | 24,570,000 |
| MCB | 8800 | 9800 | 9800 | +1000 | 26,806 | 262,698,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** Source: KBZ Bank

| 30.8.2016 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၂၀၈ | ၁၃၃၇ | ၈၇၉ |
| ရောင်းဈေး(ကျပ်) | ၁၂၁၄ | ၁၃၅၅ | ၈၉၀ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 30.8.2016 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၈၅၅,၀၀၀ (ဖွင့်) | ၈၅၅,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၂၄ (ဖွင့်) | ၁၃၂၃ (ပိတ်) |

# အိန္ဒိယသို့ သစ်အလုံးလိုက်တင်ပို့မှုမရှိဘဲ အချောထည်အဆင့်သာ တင်ပို့မှုရှိဟုဆို

**မန္တလေး၊ ဩဂုတ် ၃၀**

အိမ်နီးချင်းနိုင်ငံများသို့ သစ်အလုံးလိုက် တရားမဝင်တင်ပို့မှုများကြောင့် သစ်တောပြုန်းတီးမှုများရှိနေရာ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပြီးခဲ့သည့် ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သစ်အလုံးလိုက်တင်ပို့မှုများမရှိဘဲ သစ်အချောထည် အမေရိကန်ဒေါ်လာ သန်းတစ်ရာကျော်ဖိုးသာတင်ပို့မှုရှိခဲ့ကြောင်း မန္တလေးမြို့ရှိ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန် ဒေါက်တာ Nandakumar က ပြောကြားသည်။

"ကျွန်တော်ထင်ပါတယ်။ အစိုးရကနေ သစ်နဲ့ပတ်သက်တဲ့ ရောင်းဝယ်မှုတွေကို ခဏရပ်ထားတယ်။ ဒါကြောင့်မို့လည်း ဒီလိုဖြစ်တယ်လို့ထင်ပါတယ်။ ဒီလိုလုပ်လိုက်တာကလည်း ကောင်းပါတယ်။ အိန္ဒိယကုမ္ပဏီတွေက မြန်မာနိုင်ငံကို လာပြီးတော့ သစ်နဲ့ပတ်သက်တဲ့ အချောထည်ကိစ္စတွေကို ဆက်ပြီးဆောင်ရွက်နိုင်မယ်" ဟု ကောင်စစ်ဝန်က ဆိုသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တွင် ဩဂုတ်လ ၂၉ ရက်နေ့က ပြုလုပ်သည့် ၂၀၁၆ ခုနှစ်မွန်ဘိုင်း အခြေစိုက် အင်ဒို-မြန်မာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကုန်သည်များအသင်း (IMICCI) မှ လုပ်ငန်းရှင် ကိုယ်စားလှယ်အဖွဲ့နှင့် MRCCI တို့မှ ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် ကောင်စစ်ဝန်က ထည့်သွင်းပြောကြားသည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပြီးခဲ့သည့် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် သစ်အကြမ်းထည် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ခန့်တင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သစ်အချောထည် အမေရိကန်ဒေါ်လာ ၁၂၅ သန်းဖိုးသာတင်ပို့နိုင်ခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

"လက်ရှိအစိုးရလက်ထက်မှာ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းတွေက တိုးလာတယ်။ သစ်လုပ်ငန်းလုပ်ငန်းရှင်တွေအနေနဲ့ အိန္ဒိယကုမ္ပဏီတွေကို အများကြီးဖိတ်မယ်။ ဒီကိုလာပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်မယ်။ ဒီလိုလုပ်ခြင်းအားဖြင့် အိန္ဒိယဘက်ကလည်း သူတို့ရဲ့လိုအပ်ချက်ကို ရနိုင်သလို မြန်မာဘက်ကလည်း လူတွေအလုပ်ပိုရ၊ သစ်အချောထည် ပိုပြီးထုတ်လုပ်လာနိုင်မယ်" ဟု ဒေါက်တာ Nandakumar က ထပ်လောင်းပြောဆိုသည်။

ယင်းအပြင် အိန္ဒိယနိုင်ငံအနေနှင့် မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ နည်းပညာ၊ ဆောက်လုပ်ရေးစသည့် အခန်းကဏ္ဍများတွင် အဓိကထား ရင်းနှီးမြှုပ်နှံသွားရန်ရှိနေကြောင်း အိန္ဒိယကောင်စစ်ဝန်က ထပ်လောင်းပြောကြားသွားသည်။ ■

**မြတ်မင်း**




ကွင်းသုံးဆယ်ကျေးရွာ ဆန်ဖွတ်တောင်အနီးတွင် အမျိုးအမည်မသိ ရွှေချက်စက်ရုံတစ်ရုံ တည်ဆောက်လျက်ရှိသည်ဟု ဒေသခံများက ပြောဆိုကြသည်

# သပိတ်ကျင်းတွင် အမည်မသိ ရွှေချက်စက်ရုံတည်ဆောက်မှု ဒေသခံများဝေဖန်

**သပိတ်ကျင်း၊ ဩဂုတ် ၃၀**

တရားမဝင်ရွှေထုတ်လုပ်မှု အများဆုံးတည်ရှိရာ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကွင်းသုံးဆယ်ကျေးရွာရှိ ဆန်ဖွတ်တောင်အနီးတွင် အမျိုးအမည်မသိသည့် ရွှေချက်စက်ရုံတစ်ရုံလာရောက် တည်ဆောက်မှုသည် ပွင့်လင်းမြင်သာမှုမရှိကြောင်း ပြောကြားသည်။

ယင်းစက်ရုံကို လက်ရှိ ၂၀၁၆ ခုနှစ် ဇွန်လဆန်းမှ စတင်တည်ဆောက်လျက်ရှိကာ ဩဂုတ်လ ၃၀ ရက်နေ့ထိ ကျေးရွာဒေသခံများကို ချပြရှင်းလင်းခြင်းမရှိသကဲ့သို့ မည်သည့်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည်ကိုလည်း မသိရှိကြရသေးကြောင်း အဆိုပါဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် ဦးမောင်ကြီးက ပြောကြားသည်။

"အရပ်သားအစိုးရသစ်အနေနဲ့ကတော့ အထက်မှာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတာကောင်းပါတယ်။ မကောင်းတာကတော့ ကျွန်တော်တို့ မြို့နယ်အောက်ခြေအဖွဲ့အစည်းတွေ။ ဘာလို့လဲဆိုတော့ လူထုက မှောင်ခိုလုပ်ကိုင်မှုတွေကို တိုင်ရင်အချိန်ဆွဲပြီးနေတာနဲ့ လွတ်သွားတာကများတယ်။ လုပ်ငန်းရှင် ခရိုနီနဲ့ကုမ္ပဏီတွေက တိုင်လိုက်ရင်တော့ ပြည်သူတွေကို ချက်ချင်းအရေးယူ ဆောင်ရွက်နေတာ။ အခုလည်း လုပ်ကွက်ဆိုင်းဘုတ်မရှိ ဘာလုပ်ကိုင်မယ်ဆိုတာမသိတဲ့ စက်ရုံကိုဆောက်နေတယ်" ဟု ၎င်းကထပ်မံဆိုသည်။

ပြီးခဲ့သည့် ဩဂုတ်လ ၁၆ ရက်နေ့ကလည်း ဝက်သေကျေးရွာမြေပေါ်တွင် တရုတ်နိုင်ငံသားတစ်ဦးက အခိုင်အမာတည်ဆောက်ထားသော ရွှေချက်စက်ရုံကို ဖျက်သိမ်းပေးရန် မြို့နယ်အဆင့်ဆင့်မှ ညွှန်ကြားထားသော်လည်း မဖျက်သိမ်းဘဲ လုပ်ငန်းလုပ်ကိုင်ရန် ပြင်ဆင်နေ၍ ဒေသခံများက ထပ်မံတိုင်ကြားရာ ဩဂုတ်လ ၂၁ ရက်နေ့က ဌာနဆိုင်ရာတာဝန်ရှိသူများအဖွဲ့က ကွင်းဆင်းချိန်တွင် စက်ရုံသာရှိ၍ တရုတ်နိုင်ငံသားများမရှိတော့ကြောင်း ဦးမောင်ကြီးက ဆက်လက်ရှင်းပြသည်။

ကျေးရွာအတွင်းအနီးရှိ အမျိုးအမည်မသိစက်ရုံတည်ဆောက်လုပ်ကိုင်ခြင်းကို မြို့နယ်ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ အသိပေးအကြောင်းကြားခြင်း မရှိသကဲ့သို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှလည်း တရားဝင်လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ချထားပေးခြင်းမရှိကြောင်း သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မိုးဦးက ပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအမှတ် ၂ သတ္တုတွင်းလုပ်ငန်းရုံးသို့ ဆက်သွယ်မေးမြန်းရာ တရားမဝင်ရွှေတူးဖော်မှုများနှင့် ပတ်သက်၍ ပြည်သူများတိုင်ကြားလာပါက အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကာ သတ္တုတွင်းဥပဒေများဖြင့် ထိရောက်စွာ အရေးယူတင်ပြရန် နယ်မြေတာဝန်ခံများကို ညွှန်ကြားထားပြီးဖြစ်ကြောင်း အမှတ် ၂ သတ္တုတွင်းလုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားသည်။ ■

# မျိုးစေ့ထုတ်လုပ်သည့် ကုမ္ပဏီများပေါ်ပေါက်လာရေး MRF ဆောင်ရွက်မည်ဟုဆို

**မန္တလေး၊ ဩဂုတ် ၃၀**

ပြည်တွင်းရှိ စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးစေ့ထုတ်လုပ်သည့် ကုမ္ပဏီများ ပိုမိုပေါ်ပေါက်လာစေရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းဝင်းက ပြောကြားသည်။

"မျိုးစေ့ထုတ်တဲ့ ကုမ္ပဏီတွေရှိတယ်။ မျိုးတွေထုတ်ပြီး ဖြန့်ဖြူးပေးနေတဲ့သူတွေရှိတယ်။ တစ်ပိုင်တစ်နိုင်တွေလုပ်နေတာတွေရှိတယ်။ ဒါတွေကိုပိုပြီးတော့ လုပ်နိုင်အောင် လုပ်ငန်းကြီးကြီးမားမားနဲ့ ပိုပြီးလုပ်နိုင်အောင်လို့ပါ" ဟု ၎င်းကဆိုသည်။

လက်ရှိတွင် စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းများနှင့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးမှုများပြုလုပ်နေသည့်အပြင် ပြည်တွင်းရှိ စိုက်ပျိုးရေး မျိုးစေ့ထုတ်လုပ်သည့် ခြံများနှင့် ပူးပေါင်းကာ မျိုးစေ့ထုတ်လုပ်သည့် နည်းပညာဖွံ့ဖြိုးတိုးတက်ရန်အတွက်ပါ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း MRF ထံမှ သိရသည်။ ■**မြတ်မင်း**





ဓာတ်ပုံ-မောင်ရဲနွေ

မိုးကုတ်ရေပူကျောင်းတိုက် ဓာတ်ပေါင်းစုစေတီတည်ရန် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်

# မိုးကုတ်ရေပူဆရာတော် ဓာတ်ပေါင်းစုစေတီ တည်မည်

**မန္တလေး၊ ဩဂုတ် ၃၀**

ကျောင်းဆောက်လုပ်ရန် သစ်စုဆောင်းမှုဖြင့် ငွေဒဏ်ပေးဆောင်ခဲ့ရသည့် မိုးကုတ်မြို့ရေပူကျောင်းတိုက် ဆရာတော်က ဓာတ်ပေါင်းစုစေတီတည်ထားရန် စီစဉ်လျက်ရှိကြောင်း ရေပူဆရာတော် အရှင်ဣန္ဒကက The Voice သို့ မိန့်ကြားသည်။

ယင်းသို့ စေတီတည်ရန် မြေပြုပြင်ခြင်း လုပ်ငန်းများကို မြို့ခံပြည်သူများ၏ လုပ်အားဒါနဖြင့် ရက်ခြားဆောင်ရွက်နေပြီး ယင်းလုပ်ငန်းများ ပြီးစီးပါက စေတီတည်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်မိန့်ကြားသည်။

ဆရာတော်သည် ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းစေတီ ငါးဆူအား ဖြိုဖျက်ပြီး ဓာတ်ပေါင်းစုစေတီတည်ရန် ဆောင်ရွက်ခဲ့ခြင်းကိုအစပြုကာ သစ်တောပုဒ်မ၊ သာသနာညှိုးနွမ်းမှုပုဒ်မ၊ ကျောက်မျက်ပုဒ်မတို့ဖြင့် အမှုဖွင့် တရားစွဲဆိုခံခဲ့ရပြီး ကျောက်မျက်မှုမှာ မေလ ၁၉ ရက်နေ့တွင် တရားသေအမိန့်ပိတ်သိမ်းခဲ့ပြီး မေလ ၁၈ ရက်နေ့တွင် သစ်တောပုဒ်မဖြင့် ပြင်ဦးလွင်မြို့နယ်တရားရုံးက ဒဏ်ငွေကျပ်နှစ်သောင်းပြစ်ဒဏ်ကျခံခဲ့ကာ ဧပြီလ ၂၂ ရက်နေ့တွင် သာသနာညှိုးနွမ်းမှုပုဒ်မကို တရားရှင်လွှတ်ခဲ့သည်။

မိုးကုတ်မြို့ ရေပူဆရာတော်သည် ရွှေဝါရောင်သံဃာ့အရေးအခင်းတွင် ပါဝင်ခဲ့ပြီး မိုးကုတ်မြို့ ပတ္တမြားမြေ ငြိမ်းချမ်းရေးကွန်ရက် နာယကဆရာတော်တစ်ပါးနှင့် ပရဟိတလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး မြို့ခံလူထု၏ ကြည်ညိုလေးစားခြင်း ခံထားရသော ဆရာတော်တစ်ပါးဖြစ်သည်။ ■

# မန္တလေးတွင် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှု နေအိမ်သုံးလုံးဆုံးရှုံး

**မန္တလေး၊ ဩဂုတ် ၃၀**

မန္တလေးခရိုင် အမရပူရမြို့နယ် ဆင်စွယ်ပွက်တန်းရပ်ကွက်တွင် ဩဂုတ်လ ၂၉ ရက်နေ့ ည ၇ နာရီမိနစ် ၃၀ခန့်က သွပ်မိုးထရံကာ နေအိမ်တစ်ခုအတွင်း မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ်သုံးလုံးဆုံးရှုံး ပျက်စီးခဲ့ကြောင်း မန္တလေးခရိုင် မီးသတ်တပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

အဆိုပါမီးလောင်မှုကြောင့် ကျပ်ရှစ်သိန်းခုနစ်သောင်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး မီးစတင်လောင်ကျွမ်းရာ နေအိမ်ပိုင်ရှင်ကို (ပ)၃၁၇/၂၀၁၆ ပြစ်မှုပုဒ်မ ၂၈၅ အရအမှုဖွင့်ထားကြောင်း ယင်းတပ်ဖွဲ့မှ ထပ်မံသိရသည်။

ယင်းနေ့ ည ၈ နာရီ မိနစ် ၃၀ ခန့်ကလည်း အောင်မြေသာစံမြို့နယ် ညောင်ပင်ဈေးအတွင်းရှိအထည်ဟောင်းဆိုင်တစ်ခုတွင်လည်း အမွှေးတိုင်ထွန်းမီး ပူဇော်ရာမှ မီးပွားများ အထည်ပေါ်ကျကာ မီးကူးစက်လောင်ကျွမ်းခဲ့ပြီး ဆုံးရှုံးမှု ကျပ်တစ်သောင်းခန့်သာရှိခဲ့ကြောင်း မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။ ■

# မန္တလေးနှင့် ပုဂံဒေသတွင် မှုခင်းလျော့ကျရေး လျှပ်စစ်မီးနှင့် အင်တာနက်ဝိုင်ဖိုင်ပါ တိုင်များစိုက်ရန် စီစဉ်

**မန္တလေး၊ ဩဂုတ် ၃၀**

ပြည်တွင်း၊ ပြည်ပခရီးသွားများ အဓိကသွားရောက်ရာ ဒေသများဖြစ်သည့် မန္တလေးမြို့နှင့် ညောင်ဦးမြို့နယ် ပုဂံဒေသတို့တွင် လုယက်မှုနှင့် မှုခင်းများ လျော့ကျစေရန်အတွက် လျှပ်စစ်မီးနှင့် အင်တာနက်ဝိုင်ဖိုင်ပါ တိုင်များကို စိုက်ထူနိုင်ရန် စီစဉ်နေကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

ယင်းတိုင်များ စိုက်ထူနိုင်ရန် မန္တလေးခရိုင် ခုနစ်မြို့နယ်တွင် ကနဦးလုပ်ဆောင်သွားမည်ဖြစ်ပြီး ရပ်ကွက်များရှိ အမှောင်ရိပ်ကျသည့်နေရာများ စာရင်းကို တင်ပြခိုင်းထားကြောင်း တိုင်းဒေသ ကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ပြောကြားသည်။

"တိုင်တစ်တိုင်မှာ မီးနှစ်ခု ဘယ်၊ ညာပါမယ်။ အပေါ်က ဆိုလာပါမယ်။ နောက် အင်တာနက်ဝိုင်ဖိုင်ပါမယ်။ Amarican Brand ကုမ္ပဏီတစ်ခုက လာပြီးတင်ပြတာပါ။ အကုန်လုံး သူတို့ပဲ အကုန်အကျခံပြီးလုပ်မှာ။ အထူးသဖြင့် ကမ်းနားလမ်းနဲ့ ကန်တော်ကြီးလို နေရာမျိုးတွေမှာ မှုခင်းတွေ အဖြစ်များတယ်လို့သိရတယ်။ အဲဒီနေရာတွေမှာ တပ်ဆင်သွားမယ်။ ဘယ်နေရာတွေ တပ်မယ်ဆိုတာကတော့ ကုမ္ပဏီဘက်က ဆာဗေးလုပ်ရမယ်" ဟု ဝန်ကြီးက ဆိုသည်။

လျှပ်စစ်မီးများ တပ်ဆင်ရခြင်းမှာ အလင်းရောင်ရှိလျှင် မှုခင်းကျဆင်းရေးအတွက် အထောက်အကူပြုနိုင်သဖြင့် တပ်ဆင်ခြင်းဖြစ်ပြီး အင်တာနက်ဝိုင်ဖိုင်မှာ မှုခင်းဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ လူမှုကွန်ရက်စာမျက်နှာတို့မှတစ်ဆင့် အကြောင်းကြားနိုင်သဖြင့် ယင်းကဲ့သို့ မီးနှင့် အင်တာနက်ဝိုင်ဖိုင်ပါ တိုင်များ စိုက်ထူခြင်းဖြစ်ကာ ပြုလုပ်မည့်ကုမ္ပဏီကိုမူ မကြာခင်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ဦးစိုင်းကျော်ဇောက ရှင်းပြသည်။

"မန္တလေးက ဖေ့စ်ဘွတ်အားကောင်းတယ်။ မီးလောင်တာ၊ လုယက်တာ၊ ယာဉ်တိုက်မှု စတာတွေကို သိတဲ့သူ တွေက ဖေ့စ်ဘွတ်မှာ တင်တတ်ကြတယ်။ ဟိုတစ်ခါ ကမ်းနားလမ်းက မူးယစ်ဆေးဖမ်းလိုက်ကြတာလည်း ဖေ့စ်ဘွတ်မှာ နာမည်စာရင်းအတိအကျနဲ့ တင်ပြလိုက်လို့ ဆင်းဖမ်းတာလို့ ပြောရမယ်။ အဓိကလက်သည်တွေ မိတာ မမိတာတော့ တစ်ပိုင်းပေါ့။ ဒီလို တင်ပြတာမျိုးတွေကို အစိုးရဘက်က အလေးထားတယ်ဆိုတာသိရတော့ ပြည်သူတွေအတွက် ပူးပေါင်းပါဝင်လို့ အဆင်ပြေတာပေါ့" ဟု မန္တလေးဒေသခံ လူငယ်တစ်ဦးကဆိုသည်။

ပေလေးဆယ် (၁၂ မီတာခွဲ) အမြင့်ရှိ တိုင်များကို ပေ ၁၅၀ အကွာတွင် တစ်တိုင်နှုန်းဖြင့် စိုက်ထူသွားမည်ဖြစ်ပြီး ရည်ရွယ်ချက်အောင်မြင်ပါက ရှေးဟောင်းပုဂံမြို့တော်သို့ လာရောက်သည့် ခရီးသွားများ အဆင်ပြေစေရန်အတွက် အဆိုပါတိုင်များကို ထပ်မံစိုက်ထူသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ထပ်မံသိရသည်။ ■



# မကွေးတောင်သူလယ်သမားတွေ့ဆုံပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်၊ ကြီးမားသည့်ပြောင်းလဲမှုတစ်ရပ်ဟုဆို

**မကွေး၊ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး အတွင်းရှိ သိမ်းဆည်းခံ လယ်ယာမြေပြဿနာဖြေရှင်းရေး တောင်သူလယ်သမားတွေ့ဆုံပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်လာခြင်းသည် ကြီးမားသည့်ပြောင်းလဲမှုတစ်ရပ်ဖြစ်ကြောင်း ယင်းတွေ့ဆုံပွဲကို တာဝန်ယူကျင်းပခဲ့သည့် မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားသမဂ္ဂ အကြံပေးတာဝန်ခံ ဦးအောင်ကျော်ကျော်က ပြောကြားသည်။

"အရင်အစိုးရလက်ထက်ကလည်း အခုလိုပဲ တောင်သူလယ်သမားဖိုရမ် လုပ်ဖူးတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရော တိုင်းလွှတ်တော် ကိုယ်စားလှယ်အချို့ကို ဖိတ်ခဲ့ဖူးတယ်။ မလာကြဘူး။ အခုဖိုရမ်မှာတော့ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေတက်ရောက်ဆွေးနွေးကြတယ်။ အခုပွဲမှာ မကွေးဝန်ကြီးချုပ်ကိုယ်တိုင် မိန့်ခွန်းပြောတယ်။ ဒါကိုက မတူညီတဲ့ ပြောင်းလဲခြင်းတွေပါပဲ"ဟု ၎င်းကဆိုသည်။

ယင်းတွေ့ဆုံပွဲကို မကွေးမြို့ စီးတီးစတားခန်းမ၌ ဩဂုတ်လ ၂၇ ရက်နှင့် ၂၈ ရက်နေ့တို့က ကျင်းပခဲ့ခြင်းဖြစ်ရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခုမှ တောင်သူလယ်သမားကိုယ်စားလှယ် ၁၅၀ ကျော် တက်ရောက် ဆွေးနွေးခဲ့ကြသည်ဟု ပေါက်မြို့နယ်မှ တောင်သူလယ်သမား ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

လက်ရှိအစိုးရလက်ထက်တွင် သိမ်းဆည်းခံလယ်ယာမြေအရေး ဖြေရှင်းပေးနိုင်ရန် ကြိုးပမ်းနေကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ယန္တရားတပ်၊ စေတုတ္တရာမြို့နယ်မှ ကြီးအုံကြီးဝဆည်စီမံကိန်း၊ ပွင့်ဖြူမြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံ၊ ပေါက်မြို့နယ်မှ အမှတ် ၂၄ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး စက်ရုံ စသည့်နေရာများမှ သိမ်းဆည်းခံလယ်ယာမြေအရေးကိစ္စများမှာ တချို့တစ်ဝက်ပြေလည် တော့မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး၌ ယခုကဲ့သို့ တောင်သူလယ်သမားဖိုရမ်များ နှစ်စဉ်ကျင်းပနေခြင်းဖြင့် တောင်သူလယ်သမားများနှင့်ဌာနဆိုင်ရာများ အကြား ပျောက်ဆုံးနေသည့် ယုံကြည်မှုများ အပြန်အလှန်ရရှိစေရေးနှင့် သိမ်းဆည်းခံလယ်ယာမြေအရေးကိစ္စများ ဖြေရှင်းညှိနှိုင်းရာတွင် တောင်သူလယ်သမား ကိုယ်စားလှယ်များ ပါဝင်ခွင့်ရရှိရေး စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဟု မျှော်လင့်ကြောင်း ပွဲစီစဉ်သူ ဦးအောင်ကျော်ကျော်က ထပ်လောင်း ပြောဆိုသည်။

နှစ်ရက်တာကျင်းပသည့်မကွေးတိုင်းဒေသကြီး မြေယာအရေးဆိုင်ရာဆွေးနွေးပွဲအပြီးတွင် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၅ ခုမှ တောင်သူ လယ်သမားကိုယ်စားလှယ်များက အကြံပြုချက် ၁၀ ချက်ပါဝင်သော "မြေလတ်ဒေသ တောင်သူလယ်သမားအသံအမည်ရှိ တောင်းဆိုချက်တစ်ခုကိုလည်း အစိုးရအဖွဲ့ထံ တောင်းဆိုခဲ့ကြောင်း ဆွေးနွေးပွဲတက်ရောက်သူများထံမှ သိရသည်။ ■

# မုန်းချောင်းကမ်းပါးတွင် အမျိုးသမီးကြီးတစ်ဦး သေဆုံး

**တောင်ငူ၊ ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသ မီးတိုင်တောကျေးရွာအုပ်စု ကျောင်းစုကျေးရွာအနီး မုန်းချောင်းကမ်းပါးတွင် ဩဂုတ်လ ၂၉ ရက်နေ့နံနက် ၁၀ နာရီခွဲခန့်က အသက် ၆၅ နှစ်အရွယ် အမျိုးသမီးကြီး သေဆုံးခဲ့ကြောင်း ယင်းဒေသ အုပ်ချုပ်ရေးမှူးရုံးထံမှ စုံစမ်းသိရှိရသည်။

အဆိုပါကျေးရွာတွင် နေထိုင်သော ဒေါ်နော်နေဖောမှာ ယင်းနေ့နံနက်က နေအိမ်မှ ထွက်ခွာသွားပြီးနောက် ချောင်းကမ်းပါးတွင် ခြေလက်များဖွေးကာ ပါးစပ်မှ အမြှုပ်များထွက်ပြီး ရင်ဘတ်နှင့်ကျောဘက်တို့တွင် ညိုမည်းကာသေဆုံးနေသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ရေနစ်သေဆုံးသော လက္ခဏာများကို တွေ့ရှိရသော်လည်း ဆေးစစ်ချက် အဖြေကို စောင့်ကြည့်ရမည်ဖြစ်ပြီး သေမှုသေခင်း အမှတ်စဉ်ဖြင့် အမှုဖွင့်ကာ စစ်ဆေးနေကြောင်း မုန်းဒေသနယ်မြေရဲစခန်းမှ ရဲအုပ်သန်းထိုက်ထွေးက ပြောကြားသည်။ ■

The VOICE Daily CARTOON




## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ကိုယ့်ပတ်ဝန်းကျင်မှာ ကျောင်းနေအရွယ် ကလေးငယ်လေးတွေ ခိုကိုးရာမဲ့ဖြစ်နေတာတွေ့ရင် ဆက်သွယ်နိုင်ဖို့ပါ။ ငါးသိုင်းချောင်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီးက ဘဝအမောဖြေရာပရဟိတအဖွဲ့က ဆရာတော် ဦးဥတ္တမသီရိက ကျောင်းနေအရွယ် ကလေးငယ်တွေ ခိုကိုးရာမဲ့ဖြစ်နေရင် နေစရာ၊ စားစရာနဲ့ ပညာသင်ကိစ္စတွေ ဆောင်ရွက်ပေးမယ်လို့ ဆိုထားပြီး သင်္ကန်းဝတ်လိုသူတွေအတွက်လည်း စီစဉ်ပေးမယ်လို့ ဆိုပါတယ်။ သင်္ကန်းဝတ်လိုသူတွေအတွက် စာဝါလိုက် နိုင်အောင်လည်း စီစဉ်ပေးမှာပါ။ အသေးစိတ်သိလိုတယ်၊ ဆက်သွယ်လိုတယ်ဆိုရင် ဆရာတော် ဦးဥတ္တမသီရိ ၀၉ - ၄၅၀၇၄၇၂၃၄ ၊ ဦးသူရ ၀၉ - ၇၉၉၆၁၆၀၅၃ ကို ဆက်သွယ်နိုင်ပါတယ်။ ■

## ဈေးဝယ်လမ်းညွှန်



### ရင်သားတွဲကျတာကို ကာကွယ်ပေးမယ့် Posture Bra

နို့တိုက်မိခင်တွေနဲ့ လက်ပြင်နောက်ကျော ချိုင်းအောက်မှာ အဆီတွေများလို့ စိတ်ညစ်နေရသူတွေအတွက် Scala အမှတ်တံဆိပ် Posture Bra ကို ညွှန်ပေးချင်တယ်။ ဘရာဇီးနိုင်ငံထုတ်ဖြစ်ပြီး ရင်သားပျော့တွဲကျတာကို ပင့်တင်ပေးပြီး ရင်သားသေးတာ၊ ပုံစံမကျတာတွေကို ပြုပြင်ပေးသွားမှာပါ။ လက်ပြင်နောက်ချိုင်းအောက်က အဆီတွေကို ချေဖျက်ပေးပြီး နို့တိုက်မိခင်တွေ အမြဲဝတ်ဆင်ထားမယ်ဆိုရင် ကလေးနို့ဆွဲတာကြောင့် ရင်သားတွဲကျတာကို အကာအကွယ်ပေးနိုင်တယ်လို့ ရောင်းချသူက အာမခံစကားဆိုထားပါတယ်။ ဒီ Posture Bra က ကိုယ်ဝတ်နေကျ Bra ပေါ်ကနေ တွဲဖက်ဝတ်ဆင်ရမှာဖြစ်ပြီး ဈေးနှုန်းက ၆၇၀၀၀ ကျပ်ကျသင့်မှာပါ။ Size အမျိုးမျိုးရှိပြီး ဝယ်ယူလိုတယ်ဆိုရင် ဖုန်း ၀၉ ၉၇၅၅၅၅၄၉၉ ၊ ၀၉ ၇၉၃၂၂၆၅၃၈ ကို ဆက်သွယ်ဝယ်နိုင်ပါတယ်။ ■



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂




ကမ္ဘာပေါ်တွင် နိုင်ငံနှင့်ပြည်သူများကို အုပ်ချုပ်ကြရာတွင်လည်းကောင်း၊ နိုင်ငံနှင့်ပြည်သူများ၏ တိုးတက်ရာတိုးတက်ကြောင်းကို ရှာဖွေကြံဆဖော်ထုတ်ကြရာတွင်လည်းကောင်း အမျိုးမျိုးသောအယူအဆများ၊ အယူဝါဒများပေါ်ပေါက်လာကြပါသည်။ ယင်းသို့သောအယူဝါဒများစွာအနက် ဂျာမန်နိုင်ငံသား ကားလ်မာ့က်စ် (Karl Marx) နှင့် အိန်ဂျယ်လ် (Friedrich Engles) တို့၏ မာ့က်စ်အိန်ဂျယ်လ်ဝါဒ ခေါ် ကွန်မြူနစ်ဝါဒသည် ကမ္ဘာပေါ်တွင် ထင်ပေါ်ကျော်ကြားပါသည်။

အဆိုပါကွန်မြူနစ်ဝါဒကို ဆိုဗီယက်နိုင်ငံမှ လီနင်နှင့် စတာလင်တို့ကလည်း လေ့လာလိုက်စားကာ လိုက်နာဆောင်ရွက်ခဲ့ကြရာ တစ်ချိန်က ဆိုဗီယက်ရုရှားနိုင်ငံကြီးအဖြစ် နိုင်ငံရေး၊ စစ်ရေးနှင့် စီးပွားရေးတို့တွင် အောင်မြင်ခဲ့ကြပြီး အမေရိကန်နိုင်ငံကိုပင် ပခုံးချင်းယှဉ်၍ လူမပါသော အာကာသယာဉ်ကို ကမ္ဘာပေါ်တွင် ပထမဦးစွာ လွှတ်တင်နိုင်သောနိုင်ငံတစ်ခု ဖြစ်ခဲ့ပါသည်။

အရှေ့ဥရောပနိုင်ငံများကိုလည်း ယင်း၏သြဇာခံနိုင်ငံများအဖြစ် စည်းရုံးသိမ်းသွင်းနိုင်ခဲ့ရုံမျှမက အာရှမှ လူဦးရေအများဆုံးနိုင်ငံကြီးဖြစ်သည့် တရုတ်နိုင်ငံမှခေါင်းဆောင်ကြီး မော်စီတုန်း(Mao Zedong) နှင့် တိန့်ရှောင်ပင် (Deng Xiao Ping)တို့သည်လည်း မာက်စ်ဝါဒကို မိမိနိုင်ငံနှင့်လိုက်လျောညီထွေဖြစ်အောင် အဆင့်ဆင့်ပြုပြင်ပြောင်းလဲကျင့်သုံးခဲ့ရာ ယခုအခါ အာရှတွင်သာမက ကမ္ဘာ့စစ်ရေးနှင့် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်သို့ပင် ရောက်ရှိလာပြီဖြစ်ပါသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကလည်း တက်ကြွသောမြန်မာလူငယ်တို့သည် ကွန်မြူနစ်ဝါဒသဘောတရားစာပေများကို လေ့လာကြပြီး ဗမာပြည်ကွန်မြူနစ်ပါတီကို ဖွဲ့စည်းထူထောင်ခဲ့ကြရာ ဗိုလ်ချုပ်အောင်ဆန်းသည်ပင် ၁၉၃၉ ခုနှစ်ကဖွဲ့စည်းခဲ့သော ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပထမဆုံးအထွေထွေအတွင်းရေးမှူး ဖြစ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် သဘောတရားရေးရာအယူဝါဒ အစွဲလွန်ကဲမှုနှင့် ပုဂ္ဂိုလ်ရေးပဋိပက္ခများကြောင့် အကြိမ်ကြိမ်ကွဲကြပြီး နောက်ဆုံးတွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ဗကပအား ဖဆပလအဖွဲ့ချုပ်မှ ထုတ်ပယ်သည်အထိ ဖြစ်ခဲ့ရပါသည်။

တကယ်တော့ ကွန်မြူနစ်ဝါဒ(ဝါ)ကွန်မြူနစ်စနစ်သည် ဖတ်ကြည့်လျှင် အလွန်ပင်သဘောကျနှစ်ခြိုက်စရာကောင်းပါသည်။ ယင်းဝါဒကိုသာ မြန်မာပြည်၏ ထိုစဉ်ကအခြေအနေနှင့် လိုက်လျောညီစွာ ပြုပြင်ပြောင်းလဲကျင့်သုံးကြပြီး တစ်ယူမသန်၊ အယူအဆမကွဲ၊ တစည်းတလုံးတည်းသာရှိခဲ့ကြမည်ဆိုလျှင် မြန်မာ့လွတ်လပ်ရေးကို ဖဆပလနှင့်အတူတိုင်ပွဲဝင်ခဲ့သည့်ဗကပသည် လွတ်လပ်ရေးရရှိပြီးနောက်တွင်လည်း ဆက်လက်ရပ်တည်သွားနိုင်မည်ဖြစ်ပါသည်။

မြန်မာပြည်သူတွေ ဗကပကိုအော့ကြောလန်ဖြစ်ခဲ့ရသည့်အကြောင်းရင်းမှာ လွတ်လပ်ရေးရရှိပြီးနောက် လက်နက်ကိုင်တောခိုကာ ပထမဆုံးသော မြန်မာ့ပြည်တွင်းစစ်ကို စတင်ဖန်တီးသူဖြစ်ခဲ့သောကြောင့်ပင်ဖြစ်ပါသည်။ ထို့နောက်ပိုင်းတွင်လည်း လူသတ်မိုင်းခွဲအလုပ်များကို လုပ်ကိုင်ခဲ့ကြပြီး ခရီးသည်တင်ကား၊ ရထား၊ သင်္ဘောများကို မိုင်းခွဲတိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများစွာကို သေကျေပျက်စီးစေခဲ့သည့်အပြင် ဖြုတ်ထုတ်သတ်စနစ်ကိုကျင့်သုံးကာ အဖသတ်သည့် အဇာတသတ်လက်သစ်ကိုဖြစ်ပေါ်ခဲ့သည့်အတွက်ကြောင့်ပင် ဖြစ်ပါသည်။

၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းဦးဆောင်သော တော်လှန်ရေးကောင်စီ(တပ်မတော်) က နိုင်ငံတော်အာဏာကိုသိမ်းပိုက်ကာ တော်လှန်ရေးကောင်စီ၏ မူဝါဒသဘောထားကြေညာချက်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုကြေညာ၍ မဆလဟု ပြည်သူတို့အတိုကောက်ခေါ်ဝေါ်ကြသည့် 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' ကိုထူထောင်ခဲ့သည်။ မဆလပါတီသည် မာက်စ်လီနင်ဝါဒကိုအခြေမခံသော ကိုယ့်နည်းကိုယ့်ဟန် (မြန်မာ့ဟန်) ဖြင့် ပါတီ၏ သဘောတရားဖြစ်သော 'လူနှင့် ပတ်ဝန်းကျင်တို့၏ အညမညသဘောတရား' စာအုပ်ကိုရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်နှင့်တစ်ဆက်တည်းထုတ်ဝေခဲ့သော ပါတီ၏သဘောတရားစာအုပ်များ၊ ဆိုရှယ်လစ်စီးပွားရေးနှင့် သက်ဆိုင်သည့် စာအုပ်များမှာ ဖတ်ကြည့်လျှင် အလွန်ကောင်းပါသည်။ စာအုပ်ပါအကြောင်းအရာတို့ကို လူတစ်ဦးချင်း၊ တစ်စုတစ်ဖွဲ့ချင်း အမှန်တကယ်သာလိုက်နာဆောင်ရွက်၍ အကောင်အထည်ဖော်ကြမည်ဆိုလျှင် ဆိုရှယ်လစ်စနစ်ကြီးအောင်မြင်၍ (သူတို့ရေးထားသည့်အတိုင်း) သာယာဝပြောသည့် ဆိုရှယ်လစ်လူ့ဘောင်သစ်ကြီးဆီသို့ အမှန်တကယ်ရောက်ရှိလိမ့်မည်ဟု ထင်မြင်ယူဆစရာပင်ဖြစ်ပါသည်။

သို့သော် ၁၉၈၈ ခုနှစ်တွင် အရှိန်အဟုန်ပြင်းထန်လှသော လူထုလှုပ်ရှားမှုကြီးနှင့်အတူ မဆလပါတီကြီးနှင့်တကွ ပါတီ၏သဘောတရားများအားလုံးတို့သည် မြန်မာ့မြေပေါ်မှဆိတ်သုဉ်းပျောက်ကွယ်သွားကြသည်။ အဘယ်ကြောင့်ဆိုသော် ပါတီသည် ပြည်သူလူထုနှင့် ကင်းကွာခဲ့ခြင်း၊ ဗဟိုမှသည် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်အထိ အာဏာနှင့် လုပ်ပိုင်ခွင့်သည် တစ်ဦးတည်းအပေါ်၌သာ တည်ရှိနေခြင်း။ အဆင့်ဆင့်သောပါတီနှင့် အာဏာပိုင်အဖွဲ့အစည်းဝင်များသည် အာဏာကိုယစ်မူး၍ ပြည်သူအပေါ်အာဏာပြလာခြင်း၊ ကိုယ်ကျိုးရှာ၍ အတ္တလွန်ကဲမှုများလွှမ်းမိုးလာခြင်း။ စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ခြေမှတင်ပြသော စာရင်းအမှန်များကို လက်သင့်မခံဘဲ လိမ်ညာတင်ပြသော အောင်မြင်မှုစာရင်းဇယားများအပေါ်တွင် သာယာခြင်း စသည့်အချက်များကြောင့်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကွန်မြူနစ်စနစ်နှင့် ဆိုရှယ်လစ်စနစ်တို့မအောင်မြင်ဘဲ အကြီးအကျယ်ကျဆုံးခဲ့ကြသော်လည်း ကျွန်တော်တို့၏ အိမ်နီးချင်းတရုတ်နိုင်ငံတွင် တရုတ်ကွန်မြူနစ်ပါတီသည် ဆိုရှယ်လစ်စနစ်ကိုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး ယခုအခါ ကမ္ဘာ့စီးပွားရေးနှင့် စစ်ရေးအင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံအဖြစ်သို့ တက်လှမ်းနေပြီဖြစ်ပါသည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရပါသနည်း။

မကြာသေးမီက ဆရာရဲထက် ရေးသားပြီး အလင်းသစ်စာပေတိုက်က ထုတ်ဝေသည့် တရုတ်စီမံခန့်ခွဲမှုနှင့် နိုင်ငံအုပ်ချုပ်ရေးအမည်ရှိ ဘာသာပြန်စာအုပ်ကို ဖတ်ရှုလိုက်ရပါသည်။ အဆိုပါစာအုပ်မှာ တရုတ်သမ္မတရှီကျင့်ဖျင် (Xi Jinping) ရေးသားပြီး အများအားဖြင့် သူ၏ဟောပြောဆွေးဆွေးချက်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။ ၎င်းစာအုပ်ပါအချက်များအရ တရုတ်ကွန်မြူနစ်ပါတီ၏အောင်မြင်မှုရရှိသည့် အဓိကအကြောင်းခြင်းရာများကို အကျဉ်းရုံး၍ ကောက်နုတ်တင်ပြရသော် -

- ပြည်သူဟာသမိုင်းကို ဖန်တီးသူဖြစ်တယ်၊
- လူထုသည် စစ်မှန်တဲ့သူရဲကောင်းဖြစ်တယ်၊
- ပြည်သူလူထုသည် ကျွန်တော်တို့အင်အားရဲ့ ရေသောက်မြစ်ဖြစ်တယ်၊
- တစ်စိတ်တစ်ဝမ်းတည်းသာရှိမယ်ဆိုရင် မကျော်လွှားနိုင်တဲ့အခက်အခဲဆိုတာရှိမှာ မဟုတ်ဘူး၊
- ပါတီထုနဲ့နီးနီးကပ်ကပ်ရှိပြီး ပြည်သူလူထုနဲ့ဆက်ဆံရေးကို တစ်သွေးတစ်သားတည်းဖြစ်အောင် စောင့်ရှောက်ထိန်းသိမ်းရမယ်၊
- တစ်ဦးတစ်ယောက်တည်းကသာ ပါတီကိုအုပ်စိုးထားပြီး အာဏာကို ဆုပ်ကိုင်ထားမယ်ဆိုရင် အနာဂတ်ကံကြမ္မာရဲ့အသက်ဟာ ပြည်သူလူထုရဲ့ နှလုံးသားထဲကမျှော်မှန်းချက်များကို ကျောခိုင်းတာပဲဖြစ်မယ်၊
- ကျွန်တော်တို့က လူထုနဲ့ကင်းကွာလို့ရှိရင် လူထုရဲ့ထောက်ခံအားပေးမှုတွေ ဆုံးရှုံးမှာဖြစ်သလို နောက်ဆုံးတော့ အရာအားလုံးအရှုံးနဲ့ရင်ဆိုင်ရမှာဖြစ်တယ်၊
- လူထုကိုဝါဒဖြန့်၊ လူထုကိုသင်ကြားပို့ချ၊ လူထုကို အလုပ်အကျွေးပြု၊ နှိမ့်ချတဲ့စိတ်ထားနဲ့ လူထုဆီက လေ့လာသင်ကြားရမယ်၊ လူထုရဲ့ကြီးကြပ်မှုကိုစိတ်ထားမှန်ကန်စွာနဲ့လက်ခံရမယ်၊ အစမှအဆုံး တစ်လျှောက်လုံး လူထုဆီမှာအမြစ်တွယ်ရမယ်၊ လူထုကို ချမ်းမြေ့သာယာအောင် အကျိုးဆောင်ပြီး ပါတီနဲ့ပြည်သူကို ညီတူစိတ်ဝမ်း အသွေးအသားခွဲခြားမရတဲ့ ဆက်ဆံမှုကို အဆုံးတိုင်ထိန်းသိမ်းရမယ်၊ နှလုံးသားချင်းနီးကပ် အတူတကွ အသက်ရှင်၊ ကံကြမ္မာလည်း ထပ်တူဖြစ်ရမယ်၊ လူထုရဲ့ကြီးမြတ်တဲ့ လက်တွေ့ဖြတ်သန်းမှု အတွေ့အကြုံတွေထဲက အသိပညာနဲ့ စွမ်းအားတွေကို ထုတ်ယူပြီး လူထုရဲ့ဆန္ဒနဲ့ကိုက်ညီအောင် လုပ်ရမယ်၊ ပူပင်သောကကင်းအောင် လူထုရဲ့ နေထိုင်မှုဘဝကို အကျိုးကျေးဇူးပြုရမယ်၊ လူထုအကျိုးစီးပွားထိခိုက်နစ်နာစေတဲ့ အပြုအမူတွေကို ပြုပြင်ရမှာ ဖြစ်ပါတယ်... ဟူ၍ဖြစ်ပါသည်။

အထက်ပါအချက်များကိုကြည့်လျှင် တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ အောင်မြင်ရသည့်အကြောင်းကို အကြမ်းဖျင်းအကဲခတ်နိုင်မည်ဖြစ်ပါသည်။

ဤဆောင်းပါးကိုနိဂုံးမချုပ်မီ တရုတ်သမ္မတရှီကျင့်ဖျင်၏ ၂၆.၁၂.၂၀၁၂ ခုနှစ်က မော်စီတုံး နှစ် ၁၂၀ မြောက်မွေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည့် 'မော်စီတုံး၏အတွေးအခေါ်မှာ အခြေခံမူသုံးရပ်ရှိတယ်၊ ဒါတွေကတော့ ဖြစ်ရပ်ကအမှန်ရှာ၊ လူထုလမ်းစဉ်ကိုကျင့်သုံး၊ အမှီအခိုကင်းစွာဆုံးဖြတ် ဆိုတာပဲဖြစ်တယ်' ဟူသည့် အချက်သုံးချက်အနက် တတိယအချက်ဖြစ်သည့် အမှီအခိုကင်းစွာ ဆုံးဖြတ်ဆိုသည့်အချက်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

၎င်းက 'လွတ်လပ်ပြီးအမှီအခိုကင်းတဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဆိုတာ လက်တွေ့ဘဝထဲကအစပြုလာတာ ဖြစ်တယ်။ ပါတီနဲ့ပြည်သူရဲ့အင်အားကို မှီခိုအားထားပြီး အစဉ်တစိုက်ဆောင်ရွက်ခဲ့တာဖြစ်တယ်။ နိုင်ငံနဲ့အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကို ကိုယ့်အင်အားရဲ့အခြေခံပေါ်မှာ ထားရမယ်။ အမျိုးသားဂုဏ်မာနနဲ့ မိမိကိုယ်ကိုယ်ယုံကြည်စိတ် အပြည့်အဝထားပြီး မိမိတို့ရဲ့လမ်းကို မမှိတ်မသုန် ဦးတည်လျှောက်သွားရမှာဖြစ်တယ်။

တရုတ်ပြည်သူတွေအနေနဲ့ ဒီလိုယုံကြည်မှုမျိုးရှိပြီး တရုတ်နိုင်ငံသားတိုင်း ဒီလိုယုံကြည်မှုမျိုးရှိသင့်ပါတယ်။ အမှီအခိုကင်းစွာဆုံးဖြတ်ခြင်းဆိုတာ တရုတ်နိုင်ငံရဲ့ကိစ္စကို တရုတ်ပြည်သူတွေကိုယ်တိုင်က ဆုံးဖြတ်၊ ကိုယ်တိုင်ဖြေရှင်းတာဖြစ်တယ်။ လူသားမျိုးနွယ်သမိုင်းမှာ ဘယ်အမျိုးသား၊ ဘယ်နိုင်ငံမှ ပြည်ပအားကို မှီခိုအားထားပြီး အင်အားတောင့်တင်းတဲ့ ဖွံ့ဖြိုးရေးဖြစ်လာတယ်ဆိုတာ မရှိပါဘူး။ အဲဒီလိုလုပ်လို့ရတဲ့အဖြေက မုချ အရှုံးနဲ့ရင်ဆိုင်ရမှာဖြစ်ပြီး မလွဲမသွေ သူတစ်ပါးသြဇာခံရုပ်သေးရုပ်တစ်ရုပ် ဖြစ်သွားမှာပါ။

အမှီအခိုကင်းကင်းဆုံးဖြတ်ခြင်းကို ဆုပ်ကိုင်တာဟာ ငြိမ်းချမ်းရေးနဲ့ နိုင်ငံခြားရေးရာပေါ်လစီကို ဆုပ်ကိုင်တာဖြစ်ပြီး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်မှာ တစ်သမတ်တည်း လျှောက်လှမ်းတာလည်း ဖြစ်တယ်။ ငြိမ်းချမ်းရေးကို မြှင့်မားအောင်မြှင့်တင်၊ ဖွံ့ဖြိုးတိုးတက်အောင်လုပ်၊ ပူးပေါင်းဆောင်ရွက်ပြီး အတူတကွအနိုင်ရ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ (၅) ချက် အခြေခံပေါ်မှာ နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြပြီး တန်းတူအပြန်အလှန်အကျိုးရှိတဲ့မူအပေါ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံအပေါ်မှာ အပြန်အလှန် ပူးပေါင်းဖလှယ်ရေးကို တက်တက်ကြွကြွ ဆင်နွှဲကြရမှာဖြစ်တယ်။ ကျွန်တော်တို့ဟာ အရင်းခံအမှားအမှန်ကို စုံစမ်းစစ်ဆေး၊ အထောက်အထားကိုကြည့်ပြီးမှသာ မိမိရဲ့ရပ်တည်ချက်နဲ့ ပေါ်လစီကို ဆုံးဖြတ်ရမှာဖြစ်တယ်။ သမာသမတ်ကျမှုကိုင်စွဲ၊ တရားမျှတမှုကို တိုးပွားစေရမယ်။ သူတစ်ပါးကို မိမိရဲ့ဆန္ဒ

စာမျက်နှာ 23 သို့

> "... လူထုကို ဝါဒဖြန့်၊ လူထုကို သင်ကြားပို့ချ၊ လူထုကို အလုပ်အကျွေးပြု၊ နှိမ့်ချတဲ့စိတ်ထားနဲ့ လူထုဆီက လေ့လာသင်ကြားရမယ်၊ လူထုရဲ့ကြီးကြပ်မှုကို စိတ်ထားမှန်ကန်စွာနဲ့ လက်ခံရမယ်၊ အစမှအဆုံး တစ်လျှောက်လုံး လူထုဆီမှာ အမြစ်တွယ်ရမယ်၊ လူထုကို ချမ်းမြေ့သာယာအောင် အကျိုးဆောင်ပြီး ပါတီနဲ့ပြည်သူကို ညီတူစိတ်ဝမ်း အသွေးအသားခွဲခြားမရတဲ့ ဆက်ဆံမှုကို အဆုံးတိုင်ထိန်းသိမ်းရမယ်၊ နှလုံးသားချင်း နီးကပ် အတူတကွ အသက်ရှင်၊ ကံကြမ္မာလည်း ထပ်တူဖြစ်ရမယ်..."

# တစ်နေ့

က ငလျင်ပြင်းပြင်းထန်ထန်လှုပ်ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေ ပျက်စီးတယ်။ အိုးအိမ်၊ အသက်စည်းစိမ် ဆုံးရှုံးရတာတွေအတွက် ပြည်သူအားလုံး နှမြောတသဖြစ်ရပါတယ်။ မြန်မာပြည်ရဲ့ထုံးစံအတိုင်း မြေပြင်မှာဖြစ်ပြီးတဲ့ကိစ္စတွေတိုင်းဟာ လူမှုကွန်ရက်ဖေ့စ်ဘွတ် (Facebook) မှာ ဆက်ပြီး မဆီမဆိုင်တွေပြောဆိုလေ့ရှိတာမို့ လေ့လာကြည့်တဲ့အခါ မိန်းမတိုင်းပြည်အုပ်ချုပ်နေလို့ ဖြစ်တာကွဆိုတာမျိုးတွေ၊ သာသနာကြီး ကွယ်တော့မယ့်နိမိတ်၊ တိုင်းပြည်ပျက်မယ့်နိမိတ်ဆိုတာမျိုးတွေ၊ မဆီမဆိုင် ဘာသာရေးသဘောထားကွဲတာတွေ၊ အစိုးရကိုထိုင်ဆဲနေတာတွေ၊ တိုင်းပြည်အတွက် နိမိတ်ကောင်းပါဆိုပြီး ပြောဆိုနေတာတွေ ဖတ်ရတဲ့အပြင် လွှတ်တော်အမတ်တစ်ယောက်ရဲ့ ငလျင်လှုပ်တာဟာ ၂၁ ရာစု ပင်လုံညီလာခံကြီးအတွက် နိမိတ်ကောင်းပါလို့ ပြောလာတဲ့အခါ အတော်လေးစိတ်မသက်မသာ ဖြစ်ရပါတယ်။ စာရေးသူတို့လို သာမန်ပြည်သူတွေအနေနဲ့ လက်လွတ်စပယ်ပြောဆိုတာက သိပ်မသိသာပေမယ့် ပြည်သူကို ကိုယ်စားပြုနေတဲ့ပုဂ္ဂိုလ်တွေအနေနဲ့ အပြောအဆို၊ အရေးအသား အထူးသတိထားဖို့လိုပါမယ်။

## ငလျင်အကြောင်း သိကောင်းစရာ

ငလျင်ဆိုတာ ကြိုတင်ခန့်မှန်းဖို့ခက်တဲ့ သဘာဝဘေးဒဏ်ပါ။ မုန်တိုင်းဖြစ်နိုင်တာတွေ၊ ရေကြီးနိုင်တာတွေကို အနီးစပ်ဆုံး ခန့်မှန်းနိုင်ပေမယ့် ငလျင်ဘယ်အချိန်ဖြစ်မယ်၊ ဘယ်အတိုင်းအတာထိဖြစ်မယ် ဆိုတာ အတိအကျခန့်မှန်းနိုင်မှု အတော်နည်းပါတယ်။ ပြတ်ရွှေ့ကြောတွေရှိတယ်၊

> **အခြားနိုင်ငံတွေမှာလည်း ရောင်းသူမဲ့အအေးဆိုင်တွေရှိပြီး ရေရှည်တည်တံ့ပါတယ်။ နည်းပညာအကူအညီနဲ့ လမ်းဘေးတွေမှာ Vending Machine လို့ခေါ်တဲ့ စက်တွေထားပြီး ရောင်းပါတယ်။ ဒါဘာလဲဆိုတော့ လုပ်တာချင်း အတူတူ ပညာပါတာနဲ့ မပါတာ ကွာခြားချက်ပါ။ အဲ့လိုပါပဲ သဘာဝဘေး ဖြစ်တာချင်းအတူတူ၊ လုပ်တဲ့ကိစ္စချင်းအတူတူ အတွေးအခေါ်လွဲသူတွေ၊ ပညာမပါသူတွေဟာ ဆုံးရှုံးမှုများမယ်၊ အောင်မြင်မှုနည်းပါမယ်။**

ဒီဒေသဝန်းကျင်တွေ သတိထားဖို့လိုတယ်ဆိုတာလောက်ပဲ ကြိုတင်ခန့်မှန်းနိုင်ကြပါတယ်။ မြေထုချပ်လှုပ်ရှားမှုကြောင့်ဖြစ်တဲ့ငလျင်၊ မီးတောင်ပေါက်ကွဲမှုကြောင့်ဖြစ်တဲ့ ငလျင်နဲ့ လူလုပ်ငလျင်ဆိုပြီး ငလျင်လှုပ်ရခြင်းရဲ့အကြောင်းရင်း သုံးမျိုးရှိပါတယ်။ မြေထုချပ်တွေလှုပ်ရှားလို့ဖြစ်တဲ့ ငလျင်က အများဆုံးဖြစ်ပြီး ပြင်းအားအမြင့်ဆုံးနဲ့ ခန့်မှန်းဖို့အခက်ဆုံးဖြစ်ပါတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့်ဖြစ်တဲ့ ငလျင်တွေကတော့ ဖျက်ဆီးအားပြင်းထန်မှုမရှိဘဲ မီးတောင်ပေါက်ကွဲချိန်မတိုင်မီ သို့မဟုတ် တစ်ပြိုင်နက်ဖြစ်တတ်ပါတယ်။ လူတွေရဲ့လုပ်ဆောင်မှု၊ အဆောက်အအုံကြီးတွေကြောင့်ဖြစ်တဲ့ငလျင်ကို လူလုပ်ငလျင်လို့ခေါ်တာပါ။ လူလုပ်ငလျင်အနေနဲ့လည်း သိသာပေမယ့် ကြီးမားတဲ့အပျက်အစီးဖြစ်ခဲပါတယ်။

ကမ္ဘာတစ်ဝန်းမှာ နေ့စဉ်ငလျင်လှုပ်နေပါတယ်။ ပမာဏ ၂ ဒသမ ၅ နှင့်အောက်လှုပ်တဲ့ငလျင်က တစ်နှစ်မှာ အကြိမ် ၉ သိန်း၊ ပမာဏ ၂ ဒသမ ၅ မှ ၅ ဒသမ ၄ အတွင်းငလျင်က တစ်နှစ်မှာ အကြိမ် ၃ သောင်း၊ ၆ ဒသမ ၁ မှ ၆ ဒသမ ၉ အတွင်းငလျင်က တစ်နှစ်မှာ အကြိမ် ၅၀၀၊ ပမာဏ ၇ ကနေ ၇ ဒသမ ၉ အထိငလျင်က တစ်နှစ်မှာ အကြိမ် ၂၀၊ ပမာဏ ၈ နဲ့ အထက်ငလျင်က ငါးနှစ်တစ်ကြိမ် သို့မဟုတ် ဆယ်နှစ်တစ်ကြိမ် လှုပ်လေ့ရှိတယ်လို့ ဆိုပါတယ်။ ကိုယ့်နိုင်ငံမှာလှုပ်တာပဲသိပြီး အတိတ် နိမိတ်တွေနဲ့ နောက်လိုက်နေရင် 'လူအ' ဖြစ်နေပါမယ်။

## သတိထားဖွယ် နောက်ဆက်တွဲငလျင်များ

စာရေးသူကိုယ်တိုင် မကြာခင်ကာလက လှုပ်ခတ်သွားတဲ့ ဂျပန်နိုင်ငံ ကူမာမိုတိုငလျင်ဒဏ်ကို ကိုယ်တွေ့ခံစားခဲ့ရတာပါ။ ပုံမှန်အားဖြင့်




ဂျပန်နိုင်ငံမှာ မုန်တိုင်း၊ မိုးကြီး၊ ရေကြီး စတဲ့ကြိုတင်ခန့်မှန်းချက်တွေကို ပြည်သူတွေရဲ့ မိုဘိုင်းလ်ဖုန်းတွေဆီကို စာပို့ပြီးသတိပေးလေ့ရှိပါတယ်။ ဒါပေမဲ့ ငလျင်လှုပ်မယ့်အခြေအနေကို ကြိုတင်သတိမပေးနိုင်ခဲ့ပါဘူး။ ငလျင်လှုပ်တဲ့အချိန်နဲ့ ဖုန်းကိုစာဝင်တဲ့အချိန် တစ်ပြိုင်တည်းလောက်ပါပဲ။

အကြမ်းဖျင်းအားဖြင့် ငလျင်လှုပ်တဲ့အခါ အကြိုငလျင် (Foreshock)၊ ပင်မငလျင်(Mainshock)နဲ့ နောက်ဆက်တွဲငလျင် (Aftershock) ဆိုပြီး သုံးမျိုးလှုပ်လေ့ရှိပါတယ်။ ပင်မငလျင်ကတော့ ပြင်းအားအကြီးဆုံးငလျင်ကို ပင်မငလျင်လို့ သတ်မှတ်ပါတယ်။ ပင်မငလျင်မတိုင်ခင်က လှုပ်တဲ့ငလျင်ကို အကြိုငလျင်လို့ သတ်မှတ်ပါတယ်။ ပင်မငလျင်ပြီးနောက်ပိုင်း လှုပ်တဲ့ အသေးစားငလျင်လေးတွေကို Aftershock လို့ ခေါ်ပါတယ်။ ဗဟုသုတအနေနဲ့ပြောရရင် ကူမာမိုတိုမြို့မှာကြုံရတဲ့ အတွေ့အကြုံအရ ပြင်းအား ၆ ဒသမ ၂ ရှိတဲ့ အကြိုငလျင်လှုပ်ပါတယ်။ ပင်မငလျင်အနေနဲ့ ပြင်းအား ၇ အဆင့်ရှိတဲ့ငလျင် လှုပ်ပါတယ်။ နောက်ဆက်တွဲငလျင်တွေကတော့ ယနေ့ထက်တိုင် လှုပ်နေဆဲပါ။ အကြိုငလျင်လှုပ်ပြီးချိန်ကစလို့ ပင်မငလျင်ကြီး လှုပ်နိုင်သေးတယ်ဆိုတဲ့ ပညာရှင်တွေရဲ့ခန့်မှန်းချက်ကြောင့် ဒေသခံအစိုးရနဲ့ ပြည်သူတွေပေါင်းပြီး ငလျင်ဘေးရှောင်စခန်းတွေဖွင့်ကာ ကြိုတင်ပြင်ဆင်ခဲ့ကြပါတယ်။ လုံလောက်တဲ့ အထောက်အပံ့တွေနဲ့ Foreshock အပြီးမှာ ကြိုတင်ပြင်ဆင်ခဲ့ကြပေမယ့် ၄၉ ဦးအနည်းဆုံး သေဆုံးခဲ့ပြီး လူအနည်းဆုံး ၃၀၀၀ ကျော် ဒဏ်ရာရခဲ့ပါတယ်။ မြန်မာပြည်သူတွေအနေနဲ့လည်း ငလျင်ရဲ့သဘောက တစ်ခါလှုပ်ပြီးရင် အနည်းနဲ့အများ ဆက်လှုပ်လေ့ရှိတယ်ဆိုတာ သတိထားကြဖို့လိုပါတယ်။ ၂၅.၈. ၂၀၁၆ ထုတ် ဘန်ကောက်ပို့စ်သတင်းစာကနေ မြန်မာနိုင်ငံမှာ ပြင်းအား ၇ အဆင့်ရှိတဲ့ငလျင် လှုပ်နိုင်သေးတယ်လို့ သတိပေးထားပါတယ်။ ပထမဆုံးလှုပ်တဲ့ ငလျင်က ပင်မငလျင်လို့ တပ်အပ်ပြောဖို့ခက်တဲ့အတွက် သတိရှိထားတာ မမှားပါဘူး။

ဂျပန်ပြည်သူတွေအနေနဲ့ ငလျင်လှုပ်တာ အစိုးရမကောင်းလို့ဆိုပြီး အပြစ်တင်နေသံမကြားရပါဘူး။ အပြစ်တင်မယ်ဆိုလည်း အမြဲတမ်းလှုပ်နေတာဆိုတော့ တက်သမျှအစိုးရ မကောင်းဘူးပဲ ထိုင်ပြောနေရပါမယ်။ တနင်္လာနေ့လှုပ်ရင် ဘာနိမိတ်၊ အင်္ဂါနေ့လှုပ်ရင် ဘာနိမိတ်ပြောရအောင်လည်း တစ်ပတ်လုံး နေ့တိုင်းလိုလိုလှုပ်နေတော့ ဘာပြောကြမလဲ။ အတိတ်ကောင်းတာ မကောင်းတာ၊ နိမိတ်ကောင်းတာ မကောင်းတာတွေ အသာထား လက်တွေ့ကျကျ ပြင်ဆင်စရာရှိတာ ပြင်ဆင်ဖို့၊ ကြိုတင်ကာကွယ်ဖို့သာ အရေးကြီးပါတယ်။ သဘာဝဘေးအန္တရာယ်တွေဟာ တစ်နေ့ထက်တစ်နေ့ ပိုများပြားလာပါတယ်။ မြန်မာတစ်နိုင်ငံတည်းမှ မဟုတ်ပါဘူး၊ အခြားနိုင်ငံတွေမှာလည်း **သဘာဝဘေးတွေ** တစ်နေ့ထက်တစ်နေ့ ဖောက်ပြန်နေကြတာပါ။ မြန်မာအစိုးရအနေနဲ့ သဘာဝဘေးတွေဟာ ခန့်မှန်းတာထက်ဆိုးနိုင်တဲ့အတွက် အစီအစဉ်ကောင်းတွေ သတိကြီးကြီးနဲ့ပြင်ဆင်ထားဖို့လိုသလို ပြည်သူတွေအားလုံးလည်း မမြင်နိုင်တဲ့သဘာဝဘေးတွေအတွက် ဉာဏ်ပညာရှိရှိ လေ့လာပြင်ဆင်ထားဖို့ လိုပါတယ်။

## ပုဂံဒေသကို ဘာလို့တန်ဖိုးထားလဲ

ပုဂံဒေသဆိုတာ ဗုဒ္ဓဘာသာ စေတီပုထိုးတွေဆိုတာထက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ်ရယ်၊ တစ်ချိန်က မြန်မာဆိုတာ ဘာလဲဆိုတဲ့ သမိုင်းရဲ့မော်ကွန်းဝင်ဒေသတစ်ခုအနေနဲ့ရယ် အားလုံးက တန်ဖိုးထားကြရမှာပါ။ လွန်ခဲ့တဲ့သုံးနှစ်လောက်က အင်ဒိုနီးရှားနိုင်ငံကို အလုပ်ရုံဆွေးနွေးပွဲတက်ဖို့သွားရင်း အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ဘော်ရိုဘူဒေါ (Borobudur) ဘုရားကြီးကို ရောက်ခဲ့ပါတယ်။ အစ္စလာမ်ဘာသာအဓိက ကိုးကွယ်တဲ့နိုင်ငံဖြစ်ပေမယ့် ဗုဒ္ဓဘာသာအဆောက်အအုံကြီးကို ဘာလို့ တန်ဖိုးထား ထိန်းသိမ်းထားသလဲ။ အဖြေကတော့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဖြစ်နေလို့ပါပဲ။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တွေမှာ ကိုးကွယ်ရာဘာသာတရားတွေ တံဆိပ်ကပ်စရာမလိုသလို သာသနာကွယ်ခြင်း၊ မကွယ်ခြင်း နိမိတ်နဲ့လည်းမဆိုင်ပါဘူး။ မြန်မာနိုင်ငံသားတွေအတွက် ဘိုးဘွားတွေထားခဲ့တဲ့ အမှတ်တရအမွေတွေဖြစ်လို့ စနစ်တကျထိန်းသိမ်းကြရမှာပါ။ တတ်သိနားလည်တဲ့ ပညာရှင်အဖွဲ့တွေနဲ့ အစိုးရသစ်လက်ထက်မှာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေကို ပိုမိုစောင့်ရှောက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ သဘာဝဘေးဒဏ်တွေသာမက လူတွေကြောင့်ဖြစ်တဲ့ ပျက်စီးဆုံးရှုံးမှုတွေဒဏ်ကလည်း ကာကွယ်ဖို့လိုပါတယ်။

## မပေါ့ဆစေချင်ပါ

သဘာဝဘေးတွေနဲ့ပတ်သက်ပြီး မပေါ့ဆစေချင်ပါ။ မကြာခင်က ရေဘေးဒဏ်ကို ဒေသအတော်များများခံကြရပါတယ်။ တချို့ဒေသတွေရဲ့ရေတက်နှုန်းဟာ မနှစ်ကထက်များတာကို သတိထားမိပါတယ်။ ဒါပေမဲ့ အရင်နှစ်ကလည်း ခံကြရပြီးဖြစ်တဲ့အတွက် ယခုနှစ်မှာ ပြည်သူတွေ မနှစ်ကလောက် အလေးပေးဂရုစိုက်မှု မရှိကြဘူးလို့မြင်မိပါတယ်။ ရေဘေးလိုသဘာဝဘေးဟာလည်း နှစ်စဉ်ကြုံနေရမယ့်အနေအထားရှိပြီး သေချာကြိုတင်ပြင်ဆင်ဖို့ မပေါ့ဆစေချင်သလို ကြိုတင်ခန့်မှန်းဖို့ခက်ခဲတဲ့ ငလျင်ဘေးအတွက်လည်း သတိနဲ့ပြင်ဆင်ထားသင့်ပါတယ်။ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စတာတွေနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ပညာပေးတာတွေ၊ ရှောင်ရန်ဆောင်ရန်တွေကို လက်ကမ်းစာစောင်ဝေတာတွေ၊ ရုပ်သံမီဒီယာကနေ ပညာပေးတာလေးတွေ မကြာခဏပြုလုပ်ပေးသင့်ပါတယ်။ တကယ်တမ်း အရေးအကြောင်းကြုံရတဲ့အခါ ထူပူပြီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ရတာ ကိုယ်တွေ့မို့ပါ။ ကမ္ဘာကြီး ပိုမိုပူနွေးလာမှုနဲ့အတူ ရာသီဥတုဖောက်ပြန်မှုတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုကောင်းလာဖို့မရှိတဲ့အတွက် ပြင်ထားနိုင်မှ တော်ကာကျပါမယ်။ ငလျင်အကြောင်း၊ ငလျင်ဘေးအတွက် ဆောင်ရန်ရှောင်ရန်၊ သတိထားရန်များကို Asia Disaster Preparedness Center(ADPC)၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးကော်မတီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ ပူးပေါင်းထုတ်ထားတဲ့ 'ငလျင်များနှင့်နေထိုင်ခြင်း' ဆိုတဲ့ လမ်းညွှန်စာအုပ်လေးကို ဆောင်ထားသင့်ပါတယ်။ အင်တာနက်အသုံးပြုသူတွေအနေနဲ့ http:\\ww.acmv.org/book/living_with_Earthquakes_Rv52.pdf မှာ ဒေါင်းလုပ်လုပ်ပြီး လေ့လာဆောင်ယူထားနိုင်ပါတယ်။

## အစိုးရရဲ့တာဝန်က ဘာလဲ

သဘာဝအလျောက် ဖြစ်ပျက်တတ်တဲ့သဘာဝဘေးတွေအတွက် ကြိုတင်ခန့်မှန်းနိုင်တဲ့သဘာဝဘေးတွေကို အချိန်နဲ့တစ်ပြေးညီ မပေါ့ဆဘဲ သတိပေးရပါမယ်။ လူတိုင်း မိုဘိုင်းလ်ဖုန်းသုံးနိုင်တဲ့အချိန်မှာ ဖြစ်နိုင်ရင် ဖုန်းအော်ပရေတာတွေနဲ့ချိတ်ဆက်ပြီး သတိပေးစာ အခမဲ့ဖြန့်ဝေတဲ့စနစ်ရှိရင် ကောင်းပါမယ်။ နှစ်စဉ်ကြုံတွေ့ရဖို့ရှိနေတဲ့ ရေဘေးပြဿနာအတွက် ဘယ်လိုဖြေရှင်းကြမလဲဆိုတာ ပညာရှင်အဖွဲ့တွေနဲ့ အဖြေရှာ၊ အကောင်အထည်ဖော်ဖို့လိုပါတယ်။ သဘာဝဘေးတွေအတွက် ကျယ်ကျယ်ပြန့်ပြန့် ပညာပေးရပါမယ်။ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတွေကို စနစ်တကျပြန်လည်ထူထောင်ဖို့ ကူညီရပါမယ်။ ဘေးသင့်ပြည်သူတွေရဲ့ ကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတွေကို ပြန်လည်မြှင့်တင်ပေးရပါမယ်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ ပြန်လည်ထိန်းသိမ်းဖို့အတွက် ပြည်တွင်း၊ ပြည်ပပညာရှင်တွေနဲ့ စနစ်တကျပြုလုပ်ရပါမယ်။ ပုဂံဒေသစေတီပုထိုးတွေမှာ ငလျင်ဒဏ်ကြောင့်ပျက်စီးတာဟာ ယခင်က ပြန်လည်ပြုပြင်ထားတဲ့အစိတ်အပိုင်းတွေများတယ်လို့ သိရပါတယ်။ နားလည်တတ်ကျွမ်းသူများနဲ့ အမှန်တကယ် စောင့်ရှောက်နိုင်မှ ရေရှည်တည်တံ့နိုင်မှာပါ။ ထစ်ခနဲရှိ အစိုးရမကောင်းလို့ဆိုပြီး ပြောနေမယ့်အစား အစိုးရလုပ်သင့်တာတွေ လစ်ဟင်းခဲ့ရင်၊ ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်ပေးသင့်တာတွေ လစ်ဟင်းခဲ့ရင် အပြုသဘောနဲ့ ထောက်ပြခြင်းကသာ ကောင်းမွန်တဲ့အဖြေရလာမှာပါ။

## ပြည်သူတွေသတိထားရမယ့်အချက်

စာရေးသူတို့ပြည်သူတွေအနေနဲ့ မရောင်ရာဆီလူးတဲ့ အတွေးအခေါ်တွေ၊ အပြုအမူ၊ အပြောအဆိုတွေကို ဆင်ခြင်သင့်ပါတယ်။ ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် သတိရယ်၊ ဉာဏ်ပညာရယ် ဦးဆောင်ဖို့ အင်မတန်အရေးကြီးပါတယ်။ ငလျင်လှုပ်တဲ့အပေါ် တချို့ပြည်သူတွေရဲ့ အထင်အမြင်တွေနဲ့ဆက်စပ်ပြီး ဆရာကြီးဦးအောင်သင်းပြောခဲ့တာလေး သတိရမိပါတယ်။ 'လူခါးတောင်းကျိုက်ရင် ကူလီပဲဖြစ်မယ်၊ ဦးနှောက်ခါးတောင်းကျိုက်မှ ခေါင်းဆောင်ဖြစ်မယ်' တဲ့။ အလွန်မှတ်သားစရာကောင်းပါတယ်။ စာရေးသူတို့ ပြည်သူတွေကိုယ်တိုင် ဦးနှောက်ခါးတောင်းမကျိုက်နိုင်ခဲ့လို့၊ ဦးနှောက်ခါးတောင်းကျိုက်ထားတဲ့ ခေါင်းဆောင်မှုတွေမရှိခဲ့လို့ လူခါးတောင်းကျိုက်နေခဲ့ရပြီး ဆင်းရဲမွဲတေလှတဲ့ ကူလီသာသာဘဝတွေနဲ့ တိုင်းပြည်ဆင်းရဲခဲ့ရပါတယ်။ အတွေးအခေါ်တွေဆင်းရဲရင် တိုင်းပြည်ချမ်းသာဖို့မလွယ်ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စတွေအားလုံးမှာ လက်တွေ့ကျကျတွေးခေါ်ပြီး အဖြေကိုဦးတည်တဲ့ပုံစံသွားမှသာ အကျိုးဖြစ်ထွန်းပါမယ်။ ဥပမာ- တစ်လောက ရောင်းသူမဲ့အအေးဆိုင်ဆိုပြီး ဆိုင်တွေဖွင့်လိုက်တာ ကြားမိပါတယ်။ ဘယ်လောက်များ ရေရှည်တည်တံ့ခဲ့သလဲ စဉ်းစားကြည့်နိုင်ပါတယ်။ အခြားနိုင်ငံတွေမှာလည်း ရောင်းသူမဲ့အအေး

စာမျက်နှာ 23 သို့

ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။

အယ်ဒီတာ

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၃၉)

**ဓမ္မဒူတအရှင်ဆေကိန္ဒ**

ဘဝ ဖြောင့်ကြောင်း တစေ့တစောင်း ပြောခဲ့တာတွေ အခုလည်းပြောနေတာပါပဲ နောက်လည်း ပြောဦးမှာပဲ။ လူတစ်ဦးတစ်ယောက်ရဲ့ ဘဝဖြောင့်ဖို့ ဘဝမကောက်ဖို့ အရေးကြီးတယ်ဆိုတာ အားလုံးသိသား။ ဒီလူတစ်ယောက် ဘဝဖြောင့်ရင် တစ်အိမ်လုံးလည်း ဘဝဖြောင့်နိုင်တာပဲ။ ဒီလူကသာ ဦးဆောင်တယ်ဆိုရင်ပေါ့လေ။ တစ်ရပ်လုံး တစ်ရွာလုံး တစ်နိုင်ငံလုံးပေါ့။ တစ်ကမ္ဘာလုံးအထိ ဘဝဖြောင့်နိုင်တာပဲ။ ဘုန်းဘုန်းတို့ကျ တော့ ညီအစ်ကိုမောင်နှမထဲမှာ အစ်ကိုအကြီးဆုံးဆိုတော့ ကိုယ်ဖြောင့်အောင်နေမှ ကျန်တဲ့ညီအစ်ကိုမောင်နှမတွေလည်း ဖြောင့်နိုင်တာကိုး။ အဲ့ဒီလိုလေးတော့ စိတ်ထဲမှာ ကိုယ့်အတွက်လည်း ဘဝဖြောင့်အောင် ဘဝခရီးဖြောင့်ဖြူးအောင် ကိုယ့်ညီအစ်ကိုမောင်နှမတွေလည်းပဲ ဘဝခရီးဖြောင့်ဖြူးအောင် အဲ့ဒီလိုနဲ့ပဲ ဒီလိုဆိုရင် ဘဝကောက်သွားမယ်၊ ဒီလိုဆိုရင် ဘဝဖြောင့်မယ်။ နည်းနည်းလေး ဆင်ခြင်ရတာပေါ့လေ အဲ့ဒီလိုလေးကြည့်ပြီးတော့ နေလာခဲ့ရတာပေါ့။ အဲ့ဒီလိုနေရတဲ့အခါမှာ တွေ့ရကြုံရတာတွေကတော့ အများကြီးပေါ့လေ။ ဟို ကိုယ်နဲ့ တစ်ဦးတစ်ယောက်တည်းဆိုင်တဲ့ အကြောင်းအရာတွေဆုံသလို မိသားစုနဲ့ဆိုင်တဲ့ အများနဲ့ဆိုင်တဲ့ အကြောင်းအရာတွေလည်း ဆုံတာပဲ။

အခု ဒီလိုအချိန်ကျတော့ ဒီလိုအချိန်ကျတော့ဆိုတာ ဘာလေး သတိရတုန်းဆို ဘုန်းဘုန်းတို့အရပ် ဘုန်းဘုန်းတို့ရွာ။ ရွာလို့ခေါ်ရတာတောင် တစ်ခါတလေ အားရပါးရရှိပါတယ်။ အရင်တုန်းက သောတာပန်ရွာပေါ့လေ ဘုန်းဘုန်းတို့ငယ်တုန်းကတော့။ အခုတော့ သောတာပန်ရပ်ကွက် ဖြစ်သွားပြီ။ နောက် မြို့မြူနီစီပယ်အတွင်း သွင်းလိုက်တော့ ရပ်ကွက်ကပိုပြီးတော့ စွဲသွားတာပေါ့။ ဘုန်းဘုန်းတို့ရွာမှာက ရွာဓလေ့ ထုံးစံလေး တစ်ခုရှိတယ်။ ဘာလုပ်ကြတုံးဆိုတော့ အိမ်တွေအိမ်တွေ ဝါးကပ်မိုးကြတယ်။ ခုတော့လည်း သွပ်တွေ ဘာတွေမိုးလို့ ဝါးကပ်မိုးတာတွေက နည်းသွားမှာပါ။ အိမ်ကလည်း ဘုန်းဘုန်းတို့က ဝါးထရန်လုပ်ငန်းလုပ်တယ်။ ဝါးကပ်မိုးတယ် ဘယ်လိုခေါ်မလဲ ရှစ်တန်း၊ ကိုးတန်းဆို ပိုပြီးတော့ ဒီအတွေ့အကြုံလေးက မှတ်မိတာ။ လုပ်ငန်းကိုင်ငန်းတွေ လုပ်တဲ့အခါမှာ အလုပ်လုပ်ပြီးတော့ ချမ်းသာတာမျိုးကို လိုချင်တော့ အလုပ်မျိုးစုံတတ်အောင်လည်းပဲ လုပ်လည်းလုပ်တယ်၊ သင်လည်းသင်တယ်။ သင်လည်းသင်တယ် လုပ်လည်းလုပ်တယ် အဲ့ဒီလိုနေခဲ့တာ။ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းဆိုတော့ လက်သမားအလုပ်ဆိုပါစို့၊ အဖေကလည်း လက်သမားတတ်တယ်၊ ပန်းရန်တတ်တယ်၊ ဆေးသုတ်တတ်တယ်။ ကိုယ်လည်း ဆေးသုတ်တတ်တယ်၊ ပန်းရန်တတ်တယ်၊ လက်သမားတတ်တယ်။ ဒါပေမဲ့လို့ အဲ့ဒီ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းကျတော့ ဆေးသုတ်ကိုတော့ ကျွမ်းကျွမ်းကျင်ကျင်သဘောမျိုး လိုက်လို့ရပြီးတော့ လက်သမားကျတော့ မကျွမ်းကျင်သေးဘူး။ အိမ်မိုးကြပြီ ဝါးကပ်တွေမိုးကြပြီ အညာဒေသ ဝါးကပ်မိုးပေါ့။ တောင်ထန်းမိုးတဲ့လူဆို တောင်ထန်းမိုးပေါ့။ ဓနိမိုးတဲ့လူဆို ဓနိမိုးပေါ့။ သူ့ရပ်သူ့ရွာ သူ့ဒေသနဲ့သူပေါ့။

ဘယ်အချိန်မိုးကြတုံးဆိုတော့ သင်္ကြန်နားနီးရင် မိုးကြတယ်။ မိုးရတဲ့အကြောင်းကလည်းပဲ သင်္ကြန်ကျရင် အိမ်အမိုးအသစ်နဲ့ အိမ်အသစ်ပေါ့လေ။ အဲ့ဒီလိုလည်း ဖြစ်ချင်တာလည်းပါတယ် နှစ်သစ်မှာ။ နောက်



ဓာတ်ပုံ - မြင့်မိုးညို

တစ်ခု သင်္ကြန်မကျခင်ကျတော့ ဒီရက်ကလေး အားကြတာ။ နောက်တစ်ခုကလည်း မိုးလေဝသအရ ဒီသင်္ကြန်မှာ အားတုန်းမိုးထားလိုက်မှ သင်္ကြန်မိုးဆိုတာ ရှိတယ်လေ။ သင်္ကြန်မှာ သင်္ကြန်မိုးရွာတတ်တယ်။ သင်္ကြန်မိုးရွာပြီးရင် နောက်ကနေသွားပြီ။ ဖက်ဆွတ်မိုးတို့ ဘာမိုးတို့ညာမိုးတို့ နောက်ဆုံး မိုးတွင်းကြီး ရောက်သွားတယ်။ အဲ့ဒီအတွက် အိမ်အမိုးမိုးကြတာပေါ့။ ဘုန်းဘုန်းတို့အရပ်ဒေသကတော့ ဝါးနဲ့လုပ်တဲ့ ဝါးကပ်မိုးကြတာ။ ခုတော့လည်း ဘုန်းဘုန်းထင်ပါတယ် ဝါးကပ်တွေက ဈေးကြီးလို့လားမသိဘူး သွပ်တွေပဲ မိုးကြတာများတယ်။ သွပ်တွေက ဈေးလျော့လာလို့နဲ့တူတယ်။ အဲ့ဒီ ဝါးကပ်မိုးတဲ့အခါကျရင် ဘုန်းဘုန်းတို့မှာက ဒီအိမ်မိုးပြီ ကနေ့ဘယ်သူ့အိမ်မိုးမယ်ဟေ့ မနက်ပိုင်း ဘယ်သူ့အိမ်မိုးမယ်ဟေ့ ညနေပိုင်း ဘယ်သူ့အိမ် မိုးမယ်ဟေ့။ နက်ဖြန်ကျ ဘယ်သူ့အိမ်မိုးမယ်ဟေ့။ မနက်ပိုင်း ဘယ်သူ့အိမ်မိုးမယ် ညနေပိုင်း ဘယ်သူ့အိမ် မိုးမယ်လို့ အဲ့ဒီလိုမျိုး တစ်ခုနဲ့တစ်ခုကို ဘယ်လိုခေါ်မလဲ စာရွက်ကြီးပေါ် စီမံကိန်းဆွဲပြီး လုပ်တာတော့ မဟုတ်ဘူး။ ကိုယ့်အိမ်မိုးမယ်ဆို ပြောလိုက်ရင် သတင်းလွှင့်လိုက်တာပေါ့လေ။ အဲ့ဒီလိုပဲ ပြောရမှာ။ အကုန်လုံးက ဒီအိမ်မိုးရင် တစ်ရွာလုံးက တူဆွဲပြီးတော့ လာကြတာ။ မိုးတတ်တဲ့သူတွေ။ မမိုးတတ်ရင်တောင် အောက်ကဝါးကပ်ကို အပေါ်တက်တဲ့သူတွေ ထိုးပေး။

အိမ်တွေ အိမ်တွေကလည်း ကိုယ့်အိမ်မိုးမယ်ဆိုရင် အဲ့ဒီနေ့ကတော့ ထမင်းဟင်းချက်တော့တာပဲ။ ကြက်တော့ သေပြီသာမှတ်တော့ ဆိုတာမျိုးလိုပဲ။ ကြက်သားချက်တယ် ဒါမှမဟုတ်ရင်လည်း ဝက်သားပေါ့ ကြက်မရှိရင်လည်း။ ဝက်သားတော့ အပြင်မှာ ဝယ်ပေါ့။ အဲ့ဒီလို ဟင်းကောင်းကောင်းတစ်ခွက်နဲ့ ချဉ်ရည်နဲ့ ဘာနဲ့ အကုန်လုံး။ ဘုန်းဘုန်းတို့ သုံးနေကျစကားနဲ့ ပြောရင် လုပ်အားပေးပေါ့။ ဒါလည်း ဟေ့ လာကြ လုပ်အားပေးလို့ အဲ့ဒီလိုခေါ်ရတာ မဟုတ်ပါဘူး။ လုပ်အားပေးဆိုတဲ့ စကားလုံးကို အဓိပ္ပာယ်တစ်မျိုးပေါက်သွားစေတော့ ဒါယဉ်ကျေးမှုပဲ ခေါ်မှာပဲ ဘုန်းဘုန်းတို့နိုင်ငံရဲ့။ ယဉ်ကျေးမှု ဓလေ့ထုံးစံဆိုတာ ရှိတာကိုး။ တစ်အိမ်လိုအပ်ချက်ကို တစ်အိမ်က ကူကြတာပဲ။ မှတ်မိသေးတယ် ဘုန်းဘုန်းတို့အိမ်မိုးတာ။ သူများ ဘဘလေးတို့အိမ် မိုးတာတွေ ဟိုအိမ်မိုးတာတွေ ဒီအိမ်မိုးတာတွေ အကုန် အကုန် အခုပြန်မြင်နေရတယ် ဘုန်းဘုန်းကတော့။ စောစောက ပြောခဲ့သလို ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းဆိုတော့ လက်သမားဆရာအလုပ် ဘယ်ခန့်မှာတုံး။ လက်သမားဖြစ်ဖို့ဆိုတာ လက်သမားဆရာဖြစ်ဖို့ ခဏထား လက်သမားဆရာလက်ထောက်ဖြစ်ဖို့ ခဏထား။ ဒီတူတစ်ချက် ရိုက်ရဖို့ဆိုတာကိုက တကယ်အိမ်ဆောက်တဲ့ လုပ်ငန်းကျတော့ ဘယ်ရိုက်ခွင့်ရမှာတုံး။ ဒီအချိန်လေး တူရိုက်ခွင့်ရတာလေ။ ဘယ်ရမလဲ လူကလည်းလူငယ် ရှစ်တန်း၊ ကိုးတန်းဆိုတော့ လှစ်ခနဲဆို အပေါ်ပြေးတက်သွားလိုက် လှစ်ခနဲဆို အောက်ဆင်းလိုက်။ ဒီအိမ်ခေါင်မိုးပေါ် ဘယ်လောက်မြင့်မြင့် တစ်ထပ်ဖြစ်ဖြစ် နှစ်ထပ်ဖြစ်ဖြစ် ရောက်ရောက်သွားတာပဲ ဘုန်းဘုန်းတို့ကတော့။ ဝါးကပ်တွေလှမ်းပေး ရိုက်။

နောက်ပြီးတော့လည်း ရိုက်တဲ့နေရာမှာ ဒီဝါးကပ်ရက်ထားတာက ဟိုလိုပေါ့လေ ဝါးတံလေးတွေက လေးချောင်း အရှည်ကြီးရှိတယ်။ ပက်လက်တစ်ခု မှောက်ရက်တစ်ခု အဲ့ဒီလို လုပ်ကြရတာ။ အဲ့ဒီတော့ ပက်လက်ကလေးတွေပေါ်မှာ ရိုက်ကြရတာ။ လက်သမားစသင်တဲ့ ဘုန်းဘုန်းတို့ငယ်တုန်းက အဲ့ဒီအရွယ်တွေဆို ခေါင်မိုးတက်မိုးရ ပျော်နေတာ။ အသက်အရွယ်ကြီးတဲ့ လူကြီးတွေကျတော့လည်း တော်ရုံ မတက်ချင်ကြတော့ဘူးလေ။ ဒီကောင်လေး မိုးတတ်တယ်၊ ဒီကောင်လေး ဘယ်သူ့အိမ်တုန်းကတောင် မိုးတာ။ မနှစ်ကတောင် မိုးသေးတယ်ဆိုစိတ်ချလက်ချ လွှတ်ပေးရော။ အဲ့ဒီလိုမျိုး ဝါးကပ်မိုးကြတာ။ ပြီးကျတော့လည်း ပြောရင်းပြောရင်းနဲ့။ ပြီးကျတော့လည်းကို မဟုတ်ပါဘူး ဒီဝါးကပ်က အရင်အဟောင်းတွေ ရှိတယ်လေ။ အဲ့ဒါကြီးကို အကုန်ဖြုတ်ချပြီးတော့။ ကိုယ့်အိမ်အကြောင်းပဲ ကိုယ်ပြောပါဦးမယ်။ အိမ်တစ်အိမ်လုံး ရှိသမျှပစ္စည်းတွေ ဘယ်အပြင်ထုတ်နိုင်မှာတုံး။ ထောင့်တစ်ထောင့်ကို အကုန်ပုံ။ ဗီရိုတွေ၊ စားပွဲတွေ ဘာတွေ၊ အိုးတွေ၊ ခွက်တွေ အကုန်ပုံတာလပတ်ကြီးတွေလိုလို ဂုန်နီအိတ်ကြီးတွေလိုလို တစ်ခုခု။ ဘာမှမရှိရင်တောင် ဖျာကိုပြောင်းပြန်လှန်ပြီးတော့ အကုန်အုပ်ထားတာလေ အဲ့ဒါကြီးတွေ။ အုပ်ထားပြီးတော့မှ အပေါ်ကဟာတွေ အောက်ကတုတ်နဲ့ထိုးရတာ။ ဒီတုတ်နဲ့ထိုးတဲ့အခါမှာ အရင်တုန်းက သံနဲ့ရိုက်ထားတာဆိုရင် ကိုယ်ရိုက်ထားတဲ့နေရာကိုယ်သိတယ်။ ဒီဝါးကပ်မိုးဖူးတဲ့သူက ဝါးကပ်ကို ပြန်ဖြုတ်တဲ့အခါ သိတယ်။ သံရှိတဲ့နေရာလေးကိုဆောင့်ထိုးလိုက်မှ ပြုတ်ပြုတ်ထွက်တာပေါ့လေ။ အဲ့ဒီလိုလေးတွေ ပြုတ်ထွက်တာ ဒါဒါ ပျော်နေတာပါပဲ။

အလုပ်လုပ်ရတယ်ဆိုတာ ပင်ပန်းတယ်မရှိဘူး။ ဒီဟာလေးတွေ တစ်ချက်များ ဆောင့်ထိုးလိုက် ဖြုတ်ဆို ကိုယ်သံရိုက်ခဲ့တဲ့နေရာလေးက သံလေးက ကျွတ်။ ခက်တော့လည်းခက်သားပဲ ပြောရမှာ။ ဒီအိမ်တစ်အိမ်ကို မိုးဖြစ်ဖို့က အနည်းဆုံး ခုနစ်နှစ်၊ ရှစ်နှစ် ကြာတယ်။ ဝါးကပ်က တစ်နှစ်တစ်ခါ မိုးရတာမဟုတ်ဘူး။ အဲ့ဒီတော့ ရပ်ထဲရွာထဲမှာဟေ့ ဘယ်သူ့အိမ်မိုးမယ်လို့အစောကြီးကတည်းက သိတာပေါ့။ တော်တော်ဟောင်းနွမ်းနေပြီ မမိုးသေးလည်း ရတယ်ဆို မမိုးကြသေးဘူး။ မိုးကို မလုံတော့ဘူးဟေ့ မိုးရတော့မယ်ဆိုမှ ဟာ အကုန်လုံး အဲ့ဒီလိုဆို ဝိုင်းမိုးမယ် အဲ့ဒီလိုဖြစ်ကြတာ။ အောက်က ဝါးလုံးတိုတွေနဲ့ထိုး ဘာတွေနဲ့ထိုးပေါ့လေ။ အကုန်လုံး အမိုးတွေ အောက်ပစ်ချ။ မှတ်မိသေးတယ် အကုန်ပြောလို့ကတော့လေ။ ဝါးကပ်ကသာ ခုနစ်နှစ်၊ ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ် ဆွေးသွားတာ အဲ့ဒီမှာရိုက်တဲ့သံက မဆွေးဘူး။ မဆွေးတော့ ဘာလုပ်ရတုံးဆို ဘုန်းဘုန်းတို့ကလေးတုန်းကတော့ အပေါ်တက်ခွင့် မရခင်တုန်းက အဲ့ဒီ ဝါးကပ်မိုးတွေကို သွန်ချပစ်တဲ့ဟာလေးတွေကို သံလေးတွေပါတယ်လေ။ အဲ့ဒီသံလေးတွေ လိုက်နုတ်ရတာ။ နုတ်ပြီးတော့ အဲ့ဒီသံလေးတွေ ဖြောင့်တော့ ဖြောင့်တာ များပါတယ် ကောက်တာရှားပါတယ်။ အဲ့ဒါလေးတွေ သံအဟောင်းလေးတွေ ပြန်စု။ အဲ့ဒါလေးတွေကို ပြန်ဖြောင့်။ ဖြောင့်ပြီးတော့ ဒီနှစ်မိုးတဲ့အခါ ဆယ်နှစ်လောက်ကြာမှ မိုးတဲ့အခါ အဲ့ဒီအဟောင်းနဲ့ အသစ်နဲ့ ပြန်တွဲမိုးရတာ။ ပြီးကျတော့ အရွယ်ပေါ် မူတည်တာပေါ့လေ။

စပြီး ငါးတန်း၊ ခြောက်တန်းလောက်တုန်းက အဲ့ဒီဝါးကပ် အမှိုက်ပစ်တာတို့ သံစုတာတို့ လုပ်ရတာ။ ရှစ်တန်း၊ ကိုးတန်းလောက်ကျတော့ ခေါင်မိုးပေါ် တက်ရိုက်လို့ရ။ အဲ့ဒီမှာ ဘုန်းဘုန်းတို့ ဘာလေးစိတ်ထဲမှာ ပေါ်မိလဲဆိုတော့ ဝါးကပ်မိုးတဲ့ အလေ့စရိုက် ထုံးတမ်းစဉ်လာ အကျင့်ဟာပေါ့လေ တစ်အိမ်နဲ့တစ်အိမ် ရင်းနှီးတယ်။ ဘာသွားတွေ့ရတုံးဆိုတော့ တောရွာသဘာဝကွယ် တစ်အိမ်နဲ့တစ်အိမ် စကားများထားတာလဲ ရှိမှာပေါ့။ ဒါပေမဲ့ ဝါးကပ်မိုးတော့မယ်ဟေ့ဆို တော်ပြီ အဲ့ဒီအိမ် ငါနဲ့ ရန်ဖြစ်ထားလို့ ငါနဲ့ စကားများထားလို့ ဒါမှမဟုတ်ရင် ယောကျ်ားက လက်သမားဆရာ မိန်းမက ဒီဘက်ကအမျိုးသမီးအိမ်ရှင်နဲ့ ရန်ဖြစ်ထားတယ် ဆိုဦးတော့ တော် အဲ့ဒီအိမ်မသွားနဲ့ ကျုပ်နဲ့စကားများထားတာလို့ ပြောခွင့်မရှိဘူး။ ပြောလည်း မရဘူး။

■ ဓမ္မဒူတအရှင်ဆေကိန္ဒ

(ဆက်လက်ဖော်ပြပါမည်။)


ဓာတ်ပုံ – သီတာဆွေ

# ဒေါင်းဆင်ဒရုန်း ခံစားနေရသူများကို အောက်တိုဘာလတွင် အကြားအာရုံ စစ်ဆေးပေးမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

မြန်မာဒေါင်းဆင်ဒရုန်းအသင်းနှင့် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး၏ Neuro-Oto Audiology Special Interest Group တို့ပူးပေါင်း၍ ဒေါင်းဆင်ဒရုန်း ခံစားနေရသူများကို အောက်တိုဘာလတွင် အကြားအာရုံစစ်ဆေးမှုများကို ပြုလုပ်ပေးမည်ဖြစ်ကြောင်း မြန်မာဒေါင်းဆင်ဒရုန်း အသင်းဥက္ကဋ္ဌ ဒေါ်မျိုးပပက ပြောကြားသည်။

"ဒီမှာက ဒေါင်းဆင်ဒရုန်းကလေး တွေအတွက် ကျန်းမာရေးဝန်ဆောင်မှုရတာ အရမ်းနည်းနေသေးတယ်။ အစ်မတို့ အနေနဲ့ မိဘတွေသတိထားသင့်တဲ့ အရေးကြီးတဲ့အချက်တွေကို တစ်နှစ်ကိုတစ်ခု စစ်ဆေးပေးဖို့ ကြိုးစားနေတယ်။ မနှစ်က အောက်တိုဘာမှာ သွားနဲ့ခံတွင်း ကျန်းမာရေးစစ်ဆေးပေးခဲ့တယ်" ဟု ၎င်းက ရှင်းပြသည်။

နိုင်ငံတစ်ဝန်းတွင် အောက်တိုဘာလကို ဒေါင်းဆင်ဒရုန်းများ၏ ပညာပေးလအဖြစ်သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေနှင့်လည်း ပညာပေးလုပ်ငန်းများကို ယခုနှစ်တွင် ဒုတိယအကြိမ်မြောက် လုပ်ဆောင်မည်ဖြစ်ကြောင်း မြန်မာဒေါင်းဆင်ဒရုန်းအသင်းထံမှ သိရသည်။

အဆိုပါ အကြားအာရုံစစ်ဆေးခြင်းကို နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးတွင် အောက်တိုဘာလ၏ တနင်္ဂနွေနေ့တိုင်းတွင် နံနက် ၁၅ ဦး၊ ညနေ ၁၅ ဦး စမ်းသပ်စစ်ဆေးပေးမည်ဖြစ်ကြောင်း နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါပညာဌာန ပါမောက္ခ ဒေါက်တာခင်လှလှက ပြောကြားသည်။

"ဒေါင်းဆင်ဒရုန်းကလေးတွေက ပိုပြီးတော့ နားအကြားအာရုံ ထိခိုက်တာများတယ်။ ၄၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းလောက်က နားအကြားအာရုံ ချို့ယွင်းတယ်လို့ဆိုတယ်။ သူတို့တွေက ပုံမှန်ကလေးတွေထက် ပိုဖြစ်တတ်တယ်။ နားအကြားအာရုံ စမ်းသပ်ပေးဖို့ အရေးကြီးတယ်" ဟု ၎င်းကဆိုသည်။

မြန်မာဒေါင်းဆင်ဒရုန်းအသင်းအနေနှင့် နိုင်ငံအတွင်းရှိ ဒေါင်းဆင်ဒရုန်းများဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာသန်စွမ်းလာစေရန်နှင့် ပညာရေးကဏ္ဍတွင်လည်း ပါဝင်လာနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အကြားအာရုံ စမ်းသပ်စစ်ဆေးလိုသူများသည် ဖုန်း ၀၉ ၅၀၄ ၀၀၉၆၊ ၀၉ ၅၀၆ ၃၇၆၆၊ ၀၉ ၄၂၀ ၇၂၃၀၉၉ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■

# မူးယစ်ဆေးဝါးဖြတ်လို၍ ပြည်သူ့ဆက်ဆံရေးဌာနသို့ အကူအညီတောင်းမှု ငါးခုရှိ

**ရန်ကုန်၊ ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းထောင့်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာဝင်းအတွင်း၌ဖွင့်လှစ်ထားသည့် ပြည်သူ့ဆက်ဆံရေးဌာန (Public Relation Corner)တွင် မူးယစ်ဆေးဝါးဖြတ်လိုသဖြင့် အကူအညီတောင်းခံထားသည့်ဖြစ်စဉ် ငါးခုရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနထံမှ သိရသည်။

"ကျွန်မတို့ PR Corner မှာ စိုးရိမ်စရာမလိုဘဲ သေချာ ပွင့်ပွင့်လင်းလင်းတိုင်ပင်ပြီး အကူအညီတောင်းခံနိုင်ပါတယ်" ဟု ပြည်သူ့ဆက်ဆံရေးဌာနကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မူးယစ်ဆေးဝါးဖြတ်လို၍ အကူအညီတောင်းခံလာပါက ပြည်သူ့ဆက်ဆံရေးဌာနအနေနှင့် မူးယစ်ဆေးစွဲသူများ ဆေးဖြတ်နိုင်ရန်အတွက် သင့်လျော်ထိရောက်မည့်နည်းလမ်းများ အကြံပေးခြင်း၊ မူးယစ်ဆေးစွဲ ပြန်လည်ထူထောင်ရေးစခန်းများသို့ ဆက်သွယ်ချိတ်ဆက်ပေးခြင်းနှင့် ဆေးစွဲသံသယရှိသူများကို ဆေးစွဲအဆင့်မဖြစ်စေဘဲ ကြိုတင်ကာကွယ်နိုင်ရန် စေတနာ့ဝန်ထမ်း မူးယစ်ဆေးဖြတ်အဖွဲ့များနှင့် ဆက်သွယ်ပေးခြင်းကို ဆောင်ရွက်နေကြောင်း လူမှုဝန်ထမ်းဦးစီးဌာနထံမှ သိရသည်။

"ဆေးဖြတ်ချင်လို့ ဖုန်းနဲ့ဆက်သွယ်အကူအညီတောင်းတဲ့အခါ ဆေးဖြတ်ချင်တဲ့လူကိုယ်တိုင် ဆက်သွယ်တာတော့ မရှိပါဘူး။ သူတို့ရဲ့မိသားစုဝင်တစ်ဦးဦးက ဆက်သွယ်မေးမြန်းကြတာဖြစ်ပါတယ်" ဟုပြည်သူ့ဆက်ဆံရေးဌာန (ရန်ကုန်)တွင် တာဝန်ထမ်းဆောင်နေသူ (လူမှုဝန်ထမ်း-၂) ဒေါ်နှင်းယုရွှေက ဆိုသည်။


ဓာတ်ပုံ -အောင်ဇေကြည်စိုး

စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၆ ခုနှစ် မေလ ၉ ရက်နေ့မှ ဩဂုတ်လ ၂၉ ရက်နေ့အထိ ပြည်သူ့ဆက်ဆံရေးဌာန(ရန်ကုန်)တွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့်သက်ဆိုင်သည့် အကူအညီတောင်းခံမှု ၇၉ ခု၊ ဌာနနှင့်မသက်ဆိုင်သည့် အခြားအကူအညီတောင်းခံမှု ၅၂ ခုရှိခဲ့ကြောင်း ယင်းဌာနထံမှ သိရသည်။ ■

## NEWS IN BRIEF

### အလုပ်ကုန်ပစ္စည်းများဆိုင်ရာ ပြပွဲနှင့် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၃၀**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလှကုန်အသင်းတို့ပူးပေါင်း၍ အလှကုန်ပစ္စည်းများဆိုင်ရာ ပြပွဲနှင့် ဆွေးနွေးပွဲကို ရန်ကုန်မြို့ Gandamar Wholesale Ballroom3 တွင် ဩဂုတ်လ ၂၇ ရက်နေ့က ကျင်းပခဲ့ကြောင်း ပွဲတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်သူများအတွက် အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ အန္တရာယ်ကင်းစေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနထံမှ သိရသည်။ ■

### မသန်စွမ်းသူများ အကျိုးဝင်မှုဝါဒလမ်းညွှန်ကို တိုင်းလွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ

**ရန်ကုန်၊ ဩဂုတ် ၃၀**

မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏ လိုလားချက် ၁၁ ချက်ပါ မသန်စွမ်းသူများ အကျိုးဝင်မှုဝါဒလမ်းညွှန်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးနိုင်ရန်နှင့် ဆွေးနွေးအကောင်အထည်ဖော်နိုင်ရန် တင်ပြတောင်းဆိုမှုများ ပြုလုပ်လျက်ရှိကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

ဩဂုတ်လ ၂၃ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်သို့လည်းကောင်း၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်သို့လည်းကောင်း သွားရောက်၍ မသန်စွမ်းသူများ အကျိုးဝင်မှုဝါဒလမ်းညွှန်များ ဖြန့်ဝေပေးခဲ့ပြီး မသန်စွမ်းမှုဆိုင်ရာ အမြင်သစ်သဘောတရားများကိုလည်း ဆွေးနွေးခဲ့ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။ ■

### အမျိုးသမီးဓမ္မတာ ကျန်းမာရေးဆိုင်ရာဟောပြောပွဲ ပြုလုပ်မည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

အမျိုးသမီးဓမ္မတာ ကျန်းမာရေးဆိုင်ရာ ဗဟုသုတဟောပြောဆွေးနွေးပွဲကို စက်တင်ဘာလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ ပြုလုပ်မည်ဖြစ်ကြောင်း Zifam Myanmar ကုမ္ပဏီထံမှ သိရသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာစိုးလွင်က ဟောပြောမည်ဖြစ်သည်။ ■

# အနာကြီးရောဂါနှင့်ပတ်သက်သည့် အမျိုးသားအဆင့် လမ်းညွှန်ချက်များ ယခုနှစ်အတွင်း အပြီးရေးဆွဲမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

မြန်မာနိုင်ငံအတွင်း အနာကြီးရောဂါအသစ် ဖြစ်ပွားသည့်ဦးရေ လျော့နည်းစေရန်နှင့် အနာကြီးရောဂါသည်လူနာ ပပျောက်စေရန်အတွက် အနာကြီးရောဂါနှင့်ပတ်သက်သည့် အမျိုးသားအဆင့် လမ်းညွှန်ချက်များ (National Guidelines) ၂၀၁၆-၂၀၂၀ ကို ယခုနှစ်အတွင်း အပြီးရေးဆွဲမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

"ဒါပြီးသွားရင် အရင်ကထက် ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးဌာနခွဲ အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနစုမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအုပ်စိုးက ပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက National Guidelines (၂၀၁၆-၂၀၂၀)တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်ဖြစ်ကြောင်း အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနစုထံမှ သိရသည်။

၁၉၈၈ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံတွင် အနာကြီးရောဂါကို ဆေးပေါင်းစည်းနည်းဖြင့် ကုသမှုပေးခြင်း(Multi-drug therapy)ကြောင့် နှစ်စဉ်လူနာသစ်ဦးရေကို စိစစ်ရာ ၃၀၀၀ ဦးဝန်းကျင်ရှိနေရာမှ ၂၀၁၄ ခုနှစ်တွင် လူနာသစ်ဦးရေ ၂၈၇၇ ဦးကျဆင်းခဲ့သော်လည်း ကူးစက်အဆင့်လူနာဦးရေမှာ ၇၀ ရာခိုင်နှုန်းရှိနေသဖြင့် လူထုအတွင်း ကူးစက်မှုရှိနေသေးခြင်းနှင့် ရောဂါကို ကာလအတန်ကြာ နောက်ကျပြီးမှ တွေ့ရှိကုသပေးနေရကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

အနာကြီးရောဂါကို ၁၉၈၈ ခုနှစ်မှစတင်၍ ဆေးပေါင်းစည်းနည်းဖြင့် ကုသပေးခဲ့ရာ ရောဂါပျောက်ကင်းသူပေါင်း နှစ်သိန်းကိုးသောင်းကျော် ရှိလာပြီဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။ ■

# “အနှောင့်အယှက်ပေးတဲ့ ခေါ်ဆိုမှုတွေများသလို ကားပျက်သွားလို့ ဘယ်ကိုအကူအညီတောင်းရမလဲဆိုတဲ့ မေးတာတွေရှိပါတယ်”

## ကုသရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာမျိုးဆက်သွေးနှင့် တွေ့ဆုံခြင်း

သီတာဆွေ

**ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် အရေးပေါ်လူနာတင်ယာဉ်စနစ်ကို ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုတစ်လတာအချိန်တွင်း ယင်းစနစ်နှင့်ပတ်သက်သည့် ဆောင်ရွက်နေမှုများနှင့် အခက်အခဲများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာမျိုးဆက်သွေးနှင့် The Voice က မေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။**

**Voice : ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်မှာ အရေးပေါ်လူနာတင်ယာဉ်စနစ်ကို လုပ်ဆောင်ဖြစ်ခဲ့ပုံနဲ့ရည်ရွယ်ချက်ကို ပြောပြပေးပါဦး။**

**Dr.MST :** ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်မှာ အရေးပေါ်ယာဉ်တိုက်မှုတွေဖြစ်တဲ့အတွက် အချိန်မီအသက်ကယ်ကုသမှုတွေ ပေးနိုင်အောင်၊ အချိန်မီဆေးရုံတွေကိုရောက်အောင် ရည်ရွယ်ပြီးတော့ အမြန်လမ်းအရေးပေါ်လူနာတင်ယာဉ်စနစ်ဆိုတာကို ထူထောင်ခဲ့တာပါ။ ရည်ရွယ်ချက်ကတော့ အမြန်လမ်းမှာ ထိခိုက်ဒဏ်ရာရနေတဲ့သူတွေ နှောင့်နှေးမှုမရှိဘဲနဲ့ အတတ်နိုင်ဆုံး အချိန်မီကုသမှုတွေ ခံယူနိုင်အောင်၊ မဆုံးရှုံးသင့်တဲ့အသက်တွေ မဆုံးရှုံးရအောင် ရည်ရွယ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနေနဲ့လုပ်ဖို့ ရည်ရွယ်ချက်ကတော့ လူနာတွေရဲ့လိုအပ်တဲ့ကုသမှုကို အချိန်တိုအတွင်းမှာရနိုင်ဖို့ဆိုတာကတော့ ရေရှည်ရည်ရွယ်ချက်ပေါ့။

**Voice : ဒီစနစ်နဲ့ပတ်သက်ပြီး လုပ်ဆောင်ထားတာတွေကို ပြောပြပေးပါဦး။**

**Dr.MST :** ကျွန်တော်တို့မြန်မာပြည်မှာ လူနာတင်ယာဉ်တွေရှိပေမယ့် လူနာတင်ယာဉ်စနစ် ပီပီပြင်ပြင်မရှိသေးပါဘူး။ ဒီစနစ်ကိုစဖို့ စိတ်ကူးခဲ့တာကြာပါပြီ။ အခုကျတော့ နိုင်ငံတော်ရဲ့ဘဏ္ဍာတွေ တိုးမြှင့်သုံးစွဲလာနိုင်တာက တစ်ကြောင်းပေါ့။ တစ်နိုင်ငံလုံးအတိုင်းအတာအရ မစနိုင်သေးပေမယ့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်မှာစပြီးတော့ လုပ်ကြည့်တာပေါ့။ နောက်ပိုင်းမှာတော့ တစ်နိုင်ငံလုံးအတိုင်းအတာအရ ထိခိုက်ဒဏ်ရာရတဲ့လူတွေနဲ့ တခြားအရေးပေါ်တွေအတွက် လူနာတင်ယာဉ်တွေစနိုင်အောင် ကျွန်တော်တို့ ပထမဆုံးအနေနဲ့ စခဲ့တာပါ။ ဒီလမ်းတစ်လျှောက်မှာ ပို့င့်တစ်ခုနဲ့တစ်ခုကြား မိုင် ၄၀ နှုန်းနဲ့ပွိုင့် ၁၀ ပွိုင့်ပေါ့။ ဆေးရုံနဲ့ကျန်းမာရေးဌာနတွေက မိုင် ၄၀ အကွာအဝေးမှာ ရှိနေပါတယ်။ အရေးပေါ်လူနာသယ်တာက စနစ်ကျဖို့လိုပါတယ်၊ လူနာတင်ယာဉ်တွေကလည်း အထူးပစ္စည်းကိရိယာတွေတပ်ဆင်ထားတဲ့၊ ဆေးဝါးကိရိယာတွေ စုံလင်တဲ့ လူနာတင်ယာဉ် ဖြစ်ရပါတယ်။ အရေးပေါ်ကုသမှုပေးနိုင်အောင်Training ပေးထားတဲ့လူတွေကိုခန့်ထားပါတယ်။

**Voice : အခုလို လုပ်ဆောင်နေတဲ့အခါမှာ ဘယ်လိုအခက်အခဲတွေ ရှိပါသလဲ။**

**Dr.MST :** စလုပ်ကတည်းက အခက်အခဲတော့ ရှိပါတယ်။ ပထမဆုံးအခက်အခဲက လူတွေပေါ့။ နောက် ခေါ်ဆိုမှုစနစ်ပေါ့။ အရေးကြီးဆုံးက အဲဒါပါပဲ။ အရေးပေါ်ခေါ်ဆိုလို့ရနိုင်တဲ့ ၁၉၂ ဆိုတဲ့နံပါတ်ကို ဆက်သွယ်ရေးဌာနနဲ့ညှိပြီး စင်တာတစ်ခုထောင်ရပါတယ်။ ကုမ္ပဏီတစ်ခုကနေ ဆော့ဖ်ဝဲကိုမှာရပါတယ်။ အဲဒါတွေ သုံးရပါတယ်။ အမြန်လမ်းတစ်နေရာမှာ ထိခိုက်ဒဏ်ရာရလို့လှမ်းခေါ်ရင် အဲဒီနေရာရဲ့ အနီးဆုံးနေရာကနေပြီးတော့ လွှတ်နိုင်ဖို့ ဒါတွေကို ကွန်ပျူတာကနေ စောင့်ကြည့်နိုင်ဖို့ ဆက်သွယ်ရေးကိရိယာတွေကအစ ပြင်ဆင်ရတာ အခက်အခဲတွေ ရှိပါတယ်။ လက်တွေ့လုပ်ကြည့်တဲ့အခါမှာ အဓိကကြုံတွေ့နေရတာက ခေါ်ဆိုမှုတွေပေါ့။ နေ့စဉ်ခေါ်ဆိုမှုပေါင်း တစ်သောင်းနီးပါးရှိပါတယ်။ တစ်သောင်းနီးပါးမှာ စာရင်းဇယားအရ ၉၀ ရာခိုင်နှုန်းလောက်က ဘာမှတုံ့ပြန်မှုမရှိတဲ့ ခေါ်ဆိုမှုတွေပါ။ ခေါ်ပြီးပြန်ကျသွားတာတွေ၊ ခေါ်ပြီး ဘာမှမပြောတာတွေ အဲဒီလိုမျိုးတွေပါ။ အဲဒီအပြင် ဖုန်းခေါ်ပြီးတော့ ထမင်းစားပြီးပြီလား၊ နေကောင်းရဲ့လား၊ ခင်ချင်လို့ပါ စသဖြင့် အနှောင့်အယှက်ပေးတဲ့ ခေါ်ဆိုမှုတွေများသလို ကားပျက်သွားလို့ ဘယ်ကိုအကူအညီတောင်းရမလဲဆိုတဲ့ မေးတာတွေ ရှိပါတယ်။ အဲဒါမျိုးတွေက ပြဿနာမဖြစ်ပေမယ့် စတဲ့နောက်တဲ့ ခေါ်ဆိုမှုတွေကို အချိန်ပေးပြီး ဖြေဆိုနေရတာထက် တကယ်ဖြစ်တဲ့သူတွေ တကယ်ခေါ်တဲ့အချိန်မှာ မရမှာ ကိုစိုးရတယ်။ ၁၉၂ ကိုခေါ်ရင် Busy ဆိုတာ ခဏခဏ ပြောနေတာကို တွေ့ရတတ်ပါတယ်။ လိုင်းငါးလိုင်း ထားတာတောင်မှ ဝန်ထမ်းတွေက တစ်ချိန်လုံး အဲဒီဖုန်းတွေကို ဖြေနေရပါတယ်။ Fake Call တွေ ဝင်နေတဲ့အတွက်ပါ။

**Voice : ဒီအခက်အခဲတွေအပေါ်မှာရော ဆရာတို့ဌာနအနေနဲ့ ဘယ်လိုဆောင်ရွက်သွားဖို့ ရှိပါသလဲ။**

**Dr.MST :** အဲဒါအတွက် အစည်းအဝေးလုပ်ခဲ့တယ်။ ပြဿနာကနှစ်ပိုင်းပါ။ တစ်ခုက နည်းပညာပိုင်းဆိုင်ရာ အမှားပေါ့။ တခြား ခေါ်တဲ့ခေါ်ဆိုမှုတွေက မှားပြီးတော့ ၁၉၂ ကိုဝင်နေတဲ့ ပြဿနာဖြစ်နိုင်ပါတယ်။ မခေါ်ဘဲနဲ့ ဝင်နေတာမျိုးတွေလည်း ဖြစ်နိုင်ပါတယ်။ အဲဒါတွေအတွက် ကျွန်တော်တို့နည်းပညာပိုင်းဆိုင်ရာ အကူအညီယူပြီးတော့ တယ်လီနော၊ အူရီဒူး၊ အမ်ပီတီနဲ့ ဒီပြဿနာတွေကို ဖြေရှင်းသွားပါမယ်။ နှစ်ပတ်လောက်အတွင်း ဖြေရှင်းနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ဒါက နည်းပညာပိုင်းဆိုင်ရာ အခက်အခဲပါ။ ဒါကဖြေရှင်းလို့ ရနိုင်ပါတယ်။ ဖြေရှင်းလို့မရနိုင်တာက လူတွေရဲ့အမူအကျင့်နဲ့ဆိုင်တဲ့ အခက်အခဲပါ။ အဲဒါကို ကျွန်တော်တို့က ဥပဒေလည်း မရှိသေးဘူး။ လူထုကြားမှာလည်း အသိပညာပေးမှု အားနည်းနေတဲ့အတွက်ပါ။ အဲဒီပြဿနာကိုတော့ အချိန်ယူရမယ်ထင်ပါတယ်။

**Voice : စတင်လုပ်ဆောင်ခဲ့တဲ့အချိန် တစ်လအတွင်းမှာ လူနာဘယ်နှဦးလောက်ကို ကုသမှုတွေ ပေးခဲ့ပါသလဲ။**

**Dr.MST :** ခေါ်ဆိုမှုကနေ လူနာထွက်ကောက်တာက ၂၈ ရက်နေ့ကအထိဆိုရင် ရှစ်ခေါက်ရှိပါပြီ။ ရှစ်ခေါက်မှာ တကယ်လူနာရှိတာက နှစ်ခေါက်ပါ။ နှစ်ခေါက်မှာ လူနာခုနစ်ယောက်ကို အချိန်မီကုသမှုတွေပေးနိုင်ပြီး ဆေးရုံကို ပို့ပေးနိုင်ခဲ့ပါတယ်။

**Voice : အမြန်လမ်းတစ်လျှောက်ထားရှိတဲ့ ပွိုင့် ၁၀ ခုကို ပြောပြပေးပါဦး။**

**Dr.MST :** ၁၀ နေရာမှာ တစ်ခုကတော့ ကျန်းမာရေးဌာနပါ။ ကျန်တဲ့ ကိုးခုက ဆေးရုံတွေပါ။ ရန်ကုန်ဘက်ကစပြောရင် လှည်းကူးဆေးရုံ၊ ဘုရားကြီးဆေးရုံ၊ မြို့ချောင်းဆေးရုံ၊ ဖြူးဆေးရုံ၊ တောင်ငူဆေးရုံ၊ လယ်ဝေးဆေးရုံ၊ အလည်ရွာဆေးရုံ၊ မိတ္ထီလာဆေးရုံ၊ ပြင်စည်ဆေးရုံနဲ့ တံတားဦးဆေးရုံပေါ့။ ဆေးရုံက ထွက်ကောက်တယ်ဆိုပေမယ့် အဲဒီဆေးရုံကို ပို့မယ်မဟုတ်ပါဘူး။ လူနာရဲ့စိုးရိမ်ရတဲ့ အခြေအနေပေါ် မူတည်ပြီးတော့ ပို့ဆောင်မှာပါ။ အဲဒီလို လူနာရဲ့ ပြင်းထန်စိုးရိမ်ရတဲ့ အခြေအနေတွေကို ခွဲခြားတတ်အောင်လည်း လူနာယာဉ်ပေါ်မှာ လိုက်ပါမယ့်သူတွေကို နည်းစနစ်မှန်နဲ့ သင်ကြားထားပြီးဖြစ်သလို Operation လုပ်နေသမျှ ၂၄ နာရီကာလပတ်လုံး အဆက်အသွယ်ရအောင်စီစဉ်ထားပါတယ်။

**Voice : လူနာတင်ယာဉ်မှာ လူနာတွေအတွက် ပြုစုပေးမယ့်သူတွေကို ဘယ်လိုသင်တန်းတွေ ပေးထားပါသလဲ။**

**Dr.MST :** ရှေးဦးသူနာပြုစုနည်းနဲ့ လူနာပြင်းထန်မှုကို ခွဲခြားနိုင်ဖို့ သင်ကြားထားတဲ့ Ambulance Crew ပေါ့။ နိုင်ငံတကာမှာလည်း လူနာတင်ယာဉ်ပေါ် ဆရာဝန်လိုက်တာ မဟုတ်ပါဘူး။ အရေးပေါ်ထိခိုက်ဒဏ်ရာနဲ့ပတ်သက်ပြီး Special Train ပေးထားတဲ့ သူတွေပါ။ သင်တန်းအနေနဲ့ အရေးပေါ်လူနာတင်ယာဉ်စနစ်၊ အရေးပေါ်လူနာ ပြုစုကုသနည်းအကြောင်း၊ အရေးပေါ် လူနာတင်ယာဉ်မှာပါတဲ့ စက်ပစ္စည်း ကိရိယာတွေ အသုံးပြုပုံအနေအထားတွေကိုသင်တန်း အဆင့်ဆင့်ပေးပြီးမှ သူတို့ကို ဒီနေရာမှာ တာဝန်ခန့်အပ်တာပါ။

**Voice : ဒီလိုစနစ် လုပ်ဆောင်ခဲ့တဲ့အပေါ် တစ်လအတွင်း အခြေအနေ ဘယ်လိုရှိပါသလဲ။**

**Dr.MST :** ရက် ၁၀၀ စီမံချက်ထဲမှာ ဒီစနစ်စဖို့ပေါ့လေ။ လုပ်သွားရမှာကတော့ ဒီနောက်ပိုင်းတစ်လျှောက်လုံးပါ။ တစ်လတာကာလအတွင်းမှာ လူနာမကောက်လိုက်နိုင်တာ၊ မလုပ်ပေးနိုင်တာ မရှိပါဘူး။ သတင်းရပြီး သွားမကောက်နိုင်တာ မရှိသေးတဲ့အတွက် ထိရောက်မှုကတော့ ရာနှုန်းပြည့်လို့ ခုချိန်အထိ ပြောလို့ရပါတယ်။ ဘေးထွက်ဆိုးကျိုးအနေနဲ့ ဝန်ထမ်းတွေက Over Load ဖြစ်နေတယ်။ မလိုအပ်ဘဲနဲ့သွားရတဲ့အတွက် ဓာတ်ဆီကုန်တာတွေ၊ မဟုတ်ဘဲနဲ့ ဖုန်းတွေဖြေနေရတဲ့အတွက် ဝန်ထုပ်ဝန်ပိုးတွေ ရှိတာကလွဲရင် ကျွန်တော်တို့ဘက်က အားနည်းသွားတယ်ဆိုတာ အခုချိန်အထိ မရှိသေးပါဘူး။ ပွိုင့်တွေတစ်လျှောက်လုံးမှာ ရပ်မိရပ်ဖတွေ၊ သက်ဆိုင်ရာဌာနတွေ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေအပါအဝင် အသိပေးတဲ့ ဆွေးနွေးပွဲတွေ ပွိုင့် ၁၀ ခုစလုံးမှာ လုပ်ပြီးသားပါ။



ဓာတ်ပုံ – သီတာဆွေ

**Voice : ဆရာ့အနေနဲ့ ပြည်သူလူထုကို ဘာများဖြည့်စွက်ပြောချင်ပါလဲ။**

**Dr.MST :** ဒီစနစ်မှာ တစ်စိတ်တစ်ဒေသ တာဝန်ယူဆောင်ရွက်နေရတဲ့ လူတစ်ယောက်အနေနဲ့ ၁၉၂ ဝန်ဆောင်မှုကို ထိထိရောက်ရောက် ပြည်သူလူထုအနေနဲ့ ရှိတယ်ဆိုတာ သိစေချင်တယ်။ ထိထိရောက်ရောက် အသုံးချစေချင်တယ်။ အဲဒီလိုသုံးနိုင်အောင်လည်း စတဲ့နောက်တဲ့သဘောနဲ့ သုံးနေတာလေးတွေကိုလည်း လျှော့သွားစေချင်ပါတယ်။ လိုတဲ့သူတွေကလည်း တကယ်သုံးစေချင်ပါတယ်။ ဒီခေါ်ဆိုမှုက Free Call ပါ။ ဒီလိုက်နေတဲ့ဖုန်းတွေကို ကျွန်တော်တို့က Block လုပ်မလားဆိုတော့ အခုချိန်အထိတော့ မလုပ်ပါဘူးဆိုပြီး ဆုံးဖြတ်ထားတယ်။ အဲဒီဖုန်းက စနေကျသူကိုယ်တိုင်ပဲ တကယ်ဖြစ်တဲ့အချိန်မှာ ခေါ်မရမှာစိုးတာရယ်၊ နောက်ဒီဖုန်းကို တခြားတစ်ယောက်လက်ထဲ ရောက်သွားတဲ့အချိန်မှာ ခေါ်လို့မရမှာစိုးတဲ့အတွက် ဒီဖုန်းတွေကို Block မလုပ်ပါဘူးလို့ ဆုံးဖြတ်ထားပါတယ်။

**Voice : အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

■ သီတာဆွေ

# မျက်စိဆေးရုံကြီး၌ ယခုနှစ်အတွင်း မျက်ကြည်လွှာအစားထိုး ခွဲစိတ်ပေးခဲ့သူ ၁၀၉ ဦးရှိ

**ရန်ကုန်၊ ဩဂုတ် ၃၀**



ဓာတ်ပုံ –အောင်ဆေးကြည်စိုး

တာမွေမြို့နယ် နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)၌ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ ၃၀ ရက်နေ့အထိ အကြောင်းအမျိုးမျိုးကြောင့် မျက်ကြည်လွှာလိုအပ်သဖြင့် ခွဲစိတ်ပေးခဲ့သူ လူနာ ၁၀၉ ဦးရှိကြောင်း ယင်းဆေးရုံကြီးထံမှ သိရသည်။

“မျက်ကြည်လွှာတစ်ခုကို လူနှစ်ယောက်အထိ အသုံးပြုနိုင်အောင် ခွဲစိတ်ပေးနေသလို နောက်ပိုင်းဆိုရင် လူနာသုံးဦးအထိပါ အမြင်အာရုံပြန်ရအောင် ကြိုးပမ်းသွားမှာဖြစ်ပါတယ်”ဟု မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)၏တာဝန်ခံဖြစ်သူနှင့် ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ မျက်စိရောဂါပညာဌာနမှ ပါမောက္ခ ဌာနမှူးဒေါက်တာတင်ဝင်းက ပြောကြားသည်။

မျက်ကြည်လွှာအစားထိုးခွဲစိတ်ကုသပေးသည့် လူနာ ၁၀၉ ဦးအနက် မျက်ကြည်လွှာတစ်ခုလုံးလဲ၍ အစားထိုးခွဲစိတ်သည့်လူနာ ၅၉ ဦးနှင့် မျက်ကြည်လွှာတစ်ခုကို နှစ်ပိုင်းခွဲ၍ခွဲစိတ်ပေးသည့် လူနာ ၅၀ ဦးရှိပြီး လှူဒါန်းသည့် မျက်ကြည်လွှာအလှူများမှာ ၈၄ ဦးဖြစ်ကြောင်း မျက်စိအထူးကုဆေးရုံကြီး(ရန်ကုန်)ထံမှ သိရသည်။

မျက်ကြည်လွှာ ရောဂါသည်များနှင့် ထိခိုက်ဒဏ်ရာဖြစ်မှုကြောင့် အစားထိုးကုသပေးနိုင်ရန် ကြိုတင်စာရင်းပေးသွင်းထားသည့် မျက်ကြည်လွှာ ပျက်စီးဆုံးရှုံးခဲ့သည့်လူနာများအနက်မှ အရေးပေါ်အခြေအနေအရ မျက်ကြည်လွှာ မဖြစ်မနေအစားထိုးခွဲစိတ်မှုလိုအပ်သည့်လူနာများနှင့်ဝေးလံခေါင်းဖျားသည့် နယ်များမှလာရောက်ရသည့် လူနာများကို အဓိကဦးစားပေးခွဲစိတ်ပေးပြီး ကျန်လူနာများကိုမူ အလှည့်ကျစာရင်းအတိုင်း ဆောင်ရွက်ပေးနေကြောင်း ယင်းဆေးရုံကြီးထံမှ သိရသည်။

သေဆုံးခဲ့သူတစ်ဦး လှူဒါန်းသည့်မျက်ကြည်လွှာကို ဓာတ်ခွဲခန်းတွင် နှစ်ရက်ထားရှိပြီး ကျန်နှစ်ရက်အတွင်း (စုစုပေါင်းလေးရက်ခန့်ကြာချိန်အတွင်း) အချိန်မီခွဲစိတ်ရသောကြောင့် သက်ဆိုင်ရာခွဲစိတ်ပေးရမည့်လူနာကို ဦးစားပေးအစီအစဉ်အတိုင်း ရွေးချယ်ဆက်သွယ်ပေးရကြောင်း မျက်စိအထူးကုဆေးရုံကြီး (ရန်ကုန်)ထံမှ သိရသည်။ ■

The VOICE Daily
Wednesday, August 31, 2016

# ENTERTAINMENT

## မြို့ငါးမြို့ကို Music Tour သွားဖို့ရှိတယ်ဆိုတဲ့ ဖြူဖြူကျော်သိန်း

**ရန်ကုန်၊ ဩဂုတ် ၃၀**

ပြည်တွင်းအခြေစိုက် ဖျော်ဖြေရေးမီဒီယာလုပ်ငန်းတစ်ခုဖြစ်တဲ့ Myanmar Media Management ရဲ့ စီစဉ်မှုနဲ့ စက်တင်ဘာလက စတင်ပြီး မြို့ငါးမြို့ကို ဖျော်ဖြေရေးခရီးသွားဖို့ရှိပါတယ်လို့ နာမည်ကျော် တေးသံရှင် ဖြူဖြူကျော်သိန်းက The Voice ကို ပြောကြားပါတယ်။

"မြို့ငါးမြို့ကို သွားမယ့် Music Tour မှာတော့ ဖြူဖြူတို့ ဂီတမောင်နှမလေးယောက် သွားကြမှာပေါ့။ မြို့ငါးမြို့ထဲမှာမှ ပထမဆုံးမြို့အနေနဲ့ကတော့ စက်တင်ဘာလ ၁၀ ရက်နေ့မှာ တောင်ငူကို စသွားမယ်။ နောက်ပြီးရင်တော့ ပုသိမ်၊ မော်လမြိုင်၊ မကွေးနဲ့ မြိတ်မြို့တွေကို ဆက်သွားကြမယ်" လို့ ယင်း မြို့ငါးမြို့ ဖျော်ဖြေရေးခရီးစဉ်နဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

မြို့ငါးမြို့ကို လှည့်လည် ဖျော်ဖြေမယ့် Music Tour မှာတော့ နာမည်ကျော် တေးသံရှင် ဝေလ၊ Big Bag ၊ ဖြူဖြူကျော်သိန်းနဲ့ နီနီခင်ဇော်တို့ ပါဝင်ကြမှာဖြစ်ပြီး ယခုနှစ်နိုဝင်ဘာလ လောက်မှာ ဖျော်ဖြေရေးခရီးစဉ်ကို အဆုံးသတ်မှာ ဖြစ်ပါတယ်။

"ဒီ Music Tour မှာတော့ ကိုဝေလရယ်၊ ဖြူဖြူနဲ့ နီနီတို့ဆိုမယ့် သီချင်းတွေကိုတော့ Runner Band က တီးခတ်ပေးမှာပေါ့။ ကိုကျားပေါက်ကတော့ သူ့ရဲ့ Big Bag တီးဝိုင်းနဲ့ပဲ ဆိုမယ်၊ တီးမယ်။ ဒီဖျော်ဖြေရေးခရီးစဉ်မှာက ပရိသတ်တွေကို လက်မှတ်ရောင်းပြီး ဆိုမယ့်ပွဲတွေပါပဲ" လို့ တေးသံရှင် ဖြူဖြူကျော်သိန်းက ပြောကြားပါတယ်။



ဓာတ်ပုံ- ဖြူဖြူကျော်သိန်း Facebook Page

ပြင်သစ်နိုင်ငံကို တစ်လကျော်ကြာ အလည်အပတ်ခရီး သွားရောက်ပြီးတဲ့နောက် မြန်မာနိုင်ငံကို ပြန်ရောက်လာတဲ့အချိန်မှာ ပထမဆုံးရှိုးအနေနဲ့ ဩဂုတ်လ ၂၈ ရက်နေ့က မူဆယ်မြို့မှာ ပြုလုပ်ခဲ့တဲ့ ရှိုးပွဲကို သွားရောက်သီဆိုဖြစ်ခဲ့ကြောင်း ၎င်းက ဆိုပါတယ်။

"မူဆယ်ဘက်ကို ဖြူဖြူ မရောက်တာ ငါးနှစ်ခွဲ၊ ခြောက်နှစ် လောက်တော့ ရှိပြီ။ ဒီတစ်ခေါက်သွားဆိုတဲ့ ရှိုးမှာ မူဆယ်ပရိသတ်တွေနဲ့ ပြန်တွေ့ခဲ့တယ်။ အရမ်းလည်း အားပေးကြတယ်။ မိန်းကလေးတစ်ယောက်အသည်းကွဲနေတယ် စီးရီးမထွက်ခင် မူဆယ်ပရိသတ်တွေနဲ့ နောက်ဆုံးတွေ့ခဲ့တာဆိုတော့ အဲ့ဒီခွေထဲက သီချင်းတွေ အများဆုံးဆိုပေးခဲ့တယ်" လို့ ဖြူဖြူကျော်သိန်းက ပြောဆိုပါတယ်။

## လွှမ်းမိုး အမှတ်တရ ဂီတဖျော်ဖြေပွဲမှာ ပါဝင်သီဆိုမယ်ဆိုတဲ့ မာရဇ္ဇ

**ရန်ကုန်၊ ဩဂုတ် ၃၀**



ဓာတ်ပုံ- သန့်ဇင်ဦး

ဂီတလောကမှာ ပရိသတ်အားပေးမှု အခိုင်အမာရရှိခဲ့ဖူးတဲ့ တေးသံရှင် လွှမ်းမိုးအတွက် အမှတ်တရ ဂီတဖျော်ဖြေပွဲမှာ ပါဝင်သီဆိုဖို့ လက်ခံထားပါတယ်လို့ တေးသံရှင် မာရဇ္ဇက The Voice ကို ပြောကြားပါတယ်။

"ဒီပွဲကို လုပ်မှာက MRTV4 ကဆိုတော့ ကျွန်တော့်ကိုလည်း ပါဝင်သီဆိုပေးဖို့ ပြောထားပါတယ်။ ကျွန်တော်ကလည်း ကိုလွှမ်းမိုး သီချင်းလေးတွေ ဆိုခဲ့ဖူးတာ ဆိုတော့လေ။ အစ်ကိုမပါလို့တော့ မရဘူးဆိုပြီး ကျွန်တော့်ကို ဦးတည်ပြီးတော့ လာပြောထားပါတယ်" လို့ ယင်းပွဲမှာ ပါဝင်သီဆိုမယ့် အကြောင်းနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

တေးသံရှင် လွှမ်းမိုးရဲ့ သီချင်းသုံးပုဒ်ကို ပြန်လည်သီဆိုခဲ့ဖူးပြီး၊ ကိုယ်လေးစား အားကျရတဲ့ အဆိုတော်တစ်ယောက်ဖြစ်တဲ့အတွက် သီချင်းတွေကို သေချာတန်ဖိုးထားပြီး သီဆိုခဲ့တဲ့အပေါ်မှာ ပရိသတ်တွေရဲ့ အားပေးမှုကိုလည်း ရရှိခဲ့ပါတယ်လို့ တေးသံရှင် မာရဇ္ဇက ပြောကြားပါတယ်။

"ကျွန်တော်က ကိုလွှမ်းမိုးရဲ့သီချင်းတွေထဲကဆို ဟသ်ာတို့ရဲ့နန်းတော်ရှေ့ မှန်းခိုင်းတိုင်း မမှန်းနိုင်ဘူး၊ မအေး သီချင်း သုံးပုဒ် ပြန်ဆိုခဲ့ဖူးတယ်။ ကိုလွှမ်းမိုးအတွက် အမှတ်တရပွဲမှာတော့ သူ့သီချင်း လေး၊ ငါးပုဒ်လောက် ကျွန်တော့်ကို ပြန်ဆိုပေးဖို့ပြောထားတယ်။ ပွဲမှာတော့ ဘယ်နှပုဒ်ဆိုဖြစ်မလဲဆိုတာ မဆုံးဖြတ်ရသေးပါဘူး" လို့ ၎င်းကဆိုပါတယ်။

တေးသံရှင်လွှမ်းမိုးအတွက် အမှတ်တရ ဂီတဖျော်ဖြေပွဲကိုတော့ Forever Blossom ရဲ့ စီစဉ်မှုနဲ့ အောက်တိုဘာလအတွင်း ရန်ကုန်မြို့ မြို့မကျောင်းလမ်းမှာရှိတဲ့ အမျိုးသား ဇာတ်ရုံမှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## "ဖခင်တစ်ယောက်ဖြစ်လာတဲ့အခါ ကမ္ဘာကြီးရဲ့ ဆိုးယုတ်မှုတွေကို ပိုမုန်းတတ်လာတယ်"

**ပီဝန့်ဇ်**

အမေရိကန်ရော့ခ်ဂီတဝိုင်း Fall Out Boy အဖွဲ့က ပီဝန့်ဇ်က ကမ္ဘာကြီးကို သူဘယ်လို စိတ်ပျက်မိကြောင်း ထုတ်ပြောလိုက်ပါပြီ။

ချီကာဂိုအခြေစိုက် ရော့ခ်အဖွဲ့ဟာ Bloom လို့အမည်ရတဲ့ ခွေအသစ်ကို ထုတ်လုပ်ဖြန့်ချိသွားမှာဖြစ်တယ်လို့ ရှေ့ထွက်အဆိုတော် ပီဝန့်ဇ်က ပြောကြားပါတယ်။

ရုပ်ရှင်ကားတို တစ်ကားကိုကြည့်ပြီး မျှော်လင့်ချက်ဆိုတဲ့အရာကို ခံစားဖော်ကျူးထားတယ်လို့ ပရိသတ်တွေကို ပြောပြထားပါတယ်။



contactmusic. com

"ကျွန်တော် ကမ္ဘာကြီးအကြောင်းကို တစေ့တစောင်းကြည့်မိတယ်။ အထူးသဖြင့် ကလေးတွေ ရလာတဲ့အခါပေါ့။ မကောင်းတဲ့ အရာတွေနဲ့ ပြည့်နှက်နေတာကို မုန်းမိတယ်" လို့ သူက သက်ပြင်းချရင်း ပြောပါတယ်။

Fall Out Boy ဟာ အင်္ဂလန်မှာ သွားရောက်ဖျော်ဖြေနေပြီးတော့ ရီဒင်းမှာ ပွဲခံခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ်က သူတို့အဖွဲ့ရဲ့ American Beauty/ American Psycho တေးအယ်ဘမ်အောင်မြင်ခဲ့ပြီးတော့ နောက်ထွက်မယ့် အခွေဟာ ပိုပြီးဆန်းသစ်ထားတယ်လို့ ဆိုပါတယ်။

"အရင်ကမလုပ်ဖူးတာ လေးတွေကို ထည့်သွင်းထားပါတယ်" လို့လည်း ပရိသတ်ကို ပြောထားပါတယ်။

## ရုပ်ကွက်ဘုရင်မ ( ၂ ) က ဇာတ်လမ်းပိုင်း ပိုအားကောင်းတယ်ဆိုတဲ့ ခိုင်သင်းကြည်



ဓာတ်ပုံ- ခိုင်သင်းကြည် Facebook

**ရန်ကုန်၊ ဩဂုတ်**

နာမည်ကျော် သရုပ်ဆောင် ခိုင်သင်းကြည်က အောက်တိုဘာလအတွင်း ရုံတင်ပြသတော့မယ့် ရုပ်ကွက်ဘုရင်မ ( ၂ ) ရုပ်ရှင်ဇာတ်ကားက ဇာတ်လမ်းပိုင်း ပိုအားကောင်းပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ရုပ်ကွက်ဘုရင်မ (၂)က ရှေ့ကားထက်စာရင် ဇာတ်လမ်းလေး ပိုပြီးတော့ ရှိလာတယ်လို့ မြင်တယ်။ ဒါရိုက်တာပိုင်းကလည်း ရှေ့ကားထက် ပိုကောင်းအောင် ကြိုးစားထားတာကို တွေ့ရတယ်။ ဒီကားကလည်း ရုံတင်တဲ့အခါမှာ ပရိသတ်ကြိုက်မယ့် ကားတစ်ကားဖြစ်မယ်လို့ မြင်ပါတယ်" လို့ ယင်းရုပ်ရှင်ဇာတ်ကားနဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ဒါရိုက်တာခင်စောမျိုး (အဖေ့ပညာ) ရိုက်ကူးတဲ့ ရုပ်ကွက်ဘုရင်မ ( ၂ ) ရုပ်ရှင်ဇာတ်ကားမှာတော့ သရုပ်ဆောင် မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ အေးမြတ်သူ၊ ဘေဘီမောင်၊ ရာဇာနေဝင်း၊ ခင်လှိုင်၊ ဒိန်းဒေါင် စသူတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

"ရုပ်ကွက်ဘုရင်မ ( ၁) တုန်းကလည်း ပရိသတ်ကြိုက်ခဲ့တဲ့ ဇာတ်ကားတစ်ကား ဖြစ်ခဲ့တယ်။ ဘယ်လိုပဲ ပြောပြော ဝင်ငွေကောင်းပြီး၊ ပေါက်တဲ့ ဇာတ်ကားတစ်ကား ဖြစ်ခဲ့တယ်ဆိုတာကိုတော့ ငြင်းလို့မရပါဘူး။ ရုပ်ကွက်ဘုရင်မ (၂) မှာဆို အရင်ကားက မင်းသမီးတွေအပြင် မထွန်းအိန္ဒြာဗို၊ အေးမြတ်သူတို့လည်း ပါလာတော့ ပိုပြီး အားကောင်းသွားတာပေါ့" လို့ ခိုင်သင်းကြည်က ဆိုပါတယ်။

လတ်တလော အနုပညာလှုပ်ရှားမှုအနေနဲ့ကတော့ လူငယ် အမျိုးသမီးဒါရိုက်တာ အရှေ့ဆုံး ပွင့်သိင်္ဂီဇော် ရိုက်ကူးတဲ့ သူငယ် ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်နေပြီး၊ ယခုနှစ်ကုန်ပိုင်းအထိကတော့ ရုပ်ရှင်ဇာတ်ကား ၄ ကားခန့် ရိုက်ကူးဖို့ လက်ခံထားပါတယ်လို့ ခိုင်သင်းကြည်က ပြောကြားပါတယ်။

# "ကျွန်တော့် နှုတ်ခမ်းနီတစ်တောင့်ဝယ်ရင် Buy One၊ Kiss One တော့ ပေးလို့ဘယ်ရမလဲ"

**နာမည်ကျော် ဟစ်ဟော့ပ်အဆိုတော် စိုင်းစိုင်းခမ်းလှိုင်နဲ့ တွေ့ဆုံပြီး အောက်တိုဘာလ ၉ ရက်နေ့မှာ ဈေးကွက်အတွင်းကို စတင်ဖြန့်ချိပေးမယ့် SAI နှုတ်ခမ်းနီကို ထုတ်ဖြစ်ခဲ့ပုံ၊ စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ အလှကုန် ပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းကို ရွေးချယ်ဖြစ်ရတဲ့အကြောင်းရင်းနဲ့ ဘဝလက်တွဲဖော်ရှာဖွေမှု နဲ့ ပတ်သက်တဲ့အကြောင်းတွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

## စိုင်းစိုင်းခမ်းလှိုင်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး



ဓာတ်ပုံ- သန့်ဇင်ဦး

**Voice: နာမည်ကျော် အမျိုးသားအဆိုတော်တစ်ယောက်၊ သရုပ်ဆောင်တစ်ယောက်က SAI နှုတ်ခမ်းနီ ထုတ်တယ်ဆိုတော့ တချို့ပရိသတ်တွေလည်း အံ့သြသွားကြတယ်။ ဘယ်လိုစိတ်ကူးနဲ့ SAI နှုတ်ခမ်းနီကို ထုတ်ဖြစ်ခဲ့တာလဲ။**

**SSKL:** ကျွန်တော်က စီးပွားရေးတစ်ခုလုပ်ဖို့အတွက် စိုင်းပြင်းနေခဲ့တာတော့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ဖြစ်ပါတယ်။ အဲ့ဒီအချိန်ကတည်းက အလှကုန်လုပ်ငန်းကို လုပ်မယ်လို့ရွေးချယ်ဖြစ်ခဲ့ပြီးတော့ ကြားထဲမှာတော့ လေ့လာတာတွေ၊ သင်ယူတာတွေ၊ ဈေးကွက်ထောက်လှမ်းတာတွေ လုပ်ပါတယ်။ အလှကုန်ထဲကမှ ဘယ်ပစ္စည်းကို အရင်ဆုံးစထုတ်မလဲပေ့ါ။ အရိုးသားဆုံးပြောရရင် အလှကုန်ပစ္စည်းအများကြီးကို ထုတ်နိုင်တဲ့အင်အား ကျွန်တော့်မှာမရှိပါဘူး။ လူအင်အားရော၊ ငွေအင်အားရော၊ အရင်းအနှီးရောမရှိပါဘူး။ နိုင်ငံတကာမှာဆို အလှကုန်ပစ္စည်းတွေ ထွက်လာပြီဆိုရင် ခေါင်းစ၊ ခြေဆုံး ထုတ်ကြတာပါ။ ကျွန်တော့်အနေနဲ့ကတော့ အသင့်တော်ဆုံးနဲ့ အရောင်းရနိုင်ဆုံးလို့ မှန်းတဲ့၊ အဖြစ်နိုင်ဆုံးလို့ ယုံကြည်တဲ့ နှုတ်ခမ်းနီကို စပြီး ထုတ်ဖြစ်ခဲ့တာပါ။ သုံးစွဲသူ ပရိသတ်တွေ နှစ်ခြိုက်လို့များ အောင်မြင်မှုရခဲ့ရင် တခြားပစ္စည်းတွေပါ ထပ်ထုတ်ဖို့ ရည်ရွယ်ထားပါတယ်။

**Voice: ကိုယ်က အနုပညာသမားတစ်ယောက်အနေနဲ့ပဲ တောက်လျှောက်ရပ်တည်ခဲ့တာလေ။ အနုပညာနဲ့မဆိုင်တဲ့ စီးပွားရေးနယ်ပယ်တစ်ခုမှာ ခြေလှမ်းစတဲ့အခါ ဘယ်လိုအခက်အခဲတွေ၊ လေ့လာသင်ယူစရာတွေ တွေ့ခဲ့ရလဲ။**

**SSKL:** ကျွန်တော်လည်း ဒီလောကအကြောင်းကို အများကြီးတော့ သိပ်နားမလည်သေးပါဘူး။ ပြောရရင်တော့ စမ်းတဝါးဝါးနဲ့ သွားနေရတာပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ SAI Cosmetics ကုမ္ပဏီမှာ ကျွန်တော် တစ်ယောက်တည်းတော့ မဟုတ်ဘူးပေ့ါလေ။ ကျွန်တော့်ရဲ့ Team ရှိတယ်။ သူငယ်ချင်းတွေရှိတယ်။ ကျွန်တော်တို့အားလုံး တိုင်တိုင်ပင်ပင်နဲ့ လုပ်နေကြပါတယ်။ SAI နှုတ်ခမ်းနီကို ကျွန်တော်တို့ လိုချင်တဲ့အနေအထား၊ အရောင်တွေရအောင် စက်ရုံတွေမှာ လိုက်စုံစမ်းပြီး အပ်ဖို့ကြိုးစားရာမှာ ကျွန်တော်တို့နဲ့ အဆင်ပြေဆုံးဖြစ်တဲ့ ကိုရီးယားစက်ရုံတစ်ရုံကနေ မှာယူဖြစ်ပါတယ်။ နောက်ဆုံး Final မထုတ်ခင်မှာလည်း Sample တွေအများကြီးထုတ်ပြီးတော့ စမ်းပြီးတော့ သုံးစွဲထားတယ်။ မြန်မာနိုင်ငံ FDA ကိုလည်း ဒီထဲမှာပါဝင်တဲ့ ပစ္စည်းတွေကိုပို့ပြီးတော့ ခွင့်ပြုချက်လည်း ရယူထားပြီးပါပြီ။ အောက်တိုဘာ ၉ ရက်နေ့ စမဖြန့်ခင်မှာလည်း ကျွန်တော့်ရဲ့မိတ်ဆွေ သူငယ်ချင်းတွေကို SAI နှုတ်ခမ်းနီကို စမ်းသပ်သုံးစွဲခိုင်းထားပါတယ်။

**Voice: စိုင်းစိုင်းရဲ့ SAI Cosmetics ကုမ္ပဏီကနေ နောက်ထပ် ဘယ်လိုအလှကုန်ပစ္စည်းတွေ ထပ်ထုတ်ဖို့ ရည်ရွယ်ထားလဲ။**

**SSKL:** အိပ်မက်တွေကတော့ အများကြီးပဲပေ့ါဗျာ။ ဒီအလှကုန်ထုတ်မယ်လို့ စမရွေးခင်ကဆို ဖက်ရှင်ဒီဇိုင်းကိုသွားမလား၊ စားသောက်ကုန်ပစ္စည်းတစ်ခုခု ထုတ်မလားဆိုပြီးလည်း စဉ်းစားဖူးတယ်။ အလှကုန်ထဲမှာတော့ နှုတ်ခမ်းနီဆိုတာက မိန်းကလေးတွေအတွက် အလှပြင်ပစ္စည်းဖြစ်တယ်။ နောက်ပြီး Eye Shadow လို ပစ္စည်းမျိုးလည်း ဆက်ပြီး ထုတ်ချင်ပါတယ်။ ဒါပေမဲ့ မိန်းကလေးသုံးပစ္စည်းတွေပဲ မဟုတ်ဘဲနဲ့ ယောကျ်ားလေးတွေနဲ့ သက်ဆိုင်တဲ့ ခေါင်းလိမ်းဆီ၊ မျက်နှာသစ်ဆေး၊ ရေချိုးဆပ်ပြာလို ပစ္စည်းတွေလည်း ထပ်ထုတ်ချင်ပါတယ်။ ဒါကတော့ ကျွန်တော့်ရဲ့စိတ်ကူးယဉ်အိပ်မက်ပေ့ါဗျာ။ ဒါပေမဲ့ ရိုးရိုးသားသားပြောရရင် ဒီအလုပ်မှာ တစ်လှမ်းပြီး တစ်လှမ်းသွားရမှာပါပဲ။ တစ်လှမ်းအောင်မြင်မှလည်း ရှေ့ဆက်နိုင်မှာ ဖြစ်ပါတယ်။ သုံးစွဲသူ ပရိသတ်တွေက ကျွန်တော့်ပစ္စည်းကို သဘောကျနှစ်ခြိုက်မှု၊ တကယ်အသုံးဝင်မယ့် ပစ္စည်းဖြစ်မှလည်း ကျွန်တော် အောင်မြင်မယ်ဆိုတာ နားလည်ထားပါတယ်။

**Voice: ရယ်စရာတစ်ခုပြောရရင် စိုင်းစိုင်းရဲ့ နှုတ်ခမ်းနီတစ်ထောင့်ဝယ်ရင် အနမ်းတစ်ပွင့်ရမယ် ဆိုပြီး သူငယ်ချင်းဖြစ်တဲ့ ဘန်နီဖြိုးတို့လည်း စကြတာတွေရှိတယ်နော်။**

**SSKL:** SAI နှုတ်ခမ်းနီက ကျွန်တော့်ရဲ့ပထမဆုံး ထုတ်ကုန် ပစ္စည်းဖြစ်တဲ့အတွက် အောက်တိုဘာလ ၉ ရက် နေ့မှာတော့ Junction Square မှာ Brand Lauching လုပ်ဖို့ စီစဉ်ထားပါတယ်။ အဲ့ဒီနေ့မှာ ဘယ်လိုအစီအစဉ်တွေနဲ့ တင်ဆက်မလဲဆိုတာတော့ အခုချိန်မှာ အတည်မပြုနိုင်သေးဘူးပေ့ါ။ ဖျော်ဖြေရေးအစီအစဉ်လေးတွေလည်း ထည့်မယ်။ ပရိသတ်တွေနဲ့ ရင်းရင်းနှီးနှီးတွေ့ဆုံမယ့် အစီအစဉ်လေးတွေလည်းပါမှာပေ့ါလေ။ ဘန်နီ ပြောသလို ကျွန်တော့် နှုတ်ခမ်းနီတစ်ထောင့်ဝယ်ရင် Buy One၊ Kiss One တော့ ပေးလို့ဘယ်ရမလဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဘဲတွေက ဝိုင်းရိုက်ကြလို့ အဲ့ဒီနေ့မှာပဲ ကျွန်တော်တစ်ခါတည်း ကိစ္စချောသွားမှာပေ့ါ။

**Voice: အရင်တုန်းကဆို စိုင်းစိုင်းက အနုပညာတစ်ခုတည်းကိုပဲ အာရုံစိုက်ပြီး လုပ်ခဲ့တယ်။ အခုစီးပွားရေးတွေ စလုပ်တော့မယ်ဆိုတော့ အိမ်ထောင်ပြုတော့မှာမို့ ငွေတွေရှာနေတာလားလို့ စိုင်းစိုင်းကို ချစ်တဲ့ မိန်းကလေး ပရိသတ်တွေလည်း စိတ်ပူနေကြတယ်နော်။**

**SSKL:** မူလတုန်းကတောင်မှ ကျွန်တော်က ရုပ်ရှင်နဲ့ ဂီတအလုပ်တွေနဲ့ လုံးချာလိုက်နေတာပါ။ အခုဆို ကျွန်တော့်ရဲ့ အလှကုန်လုပ်ငန်းကို အခြေတကျဖြစ်သွားအောင် အချိန်ပေးပြီးတော့ ကြိုးစားရဦးမှာပါ။ ကျွန်တော့်ရဲ့အသက် အရွယ်အရဆိုရင် အိမ်ထောင်ပြုမှာကို စိုးရိမ်ရမယ့် အခြေအနေတော့ မဟုတ်တော့ဘူးပေ့ါ။ မိန်းမ မရမှာကို စိုးရိမ်ရမယ့် အခြေအနေ ဖြစ်နေပြီပေ့ါ။ အိမ်ထောင်ကျသွားမှာကို စိုးရိမ်ရမှာ မဟုတ်ဘဲ၊ အိမ်ထောင်မကျတော့မှာကို စိုးရိမ်ရမယ့် အခြေအနေတော့ ဖြစ်နေပြီပေ့ါ။ ကျွန်တော်လည်း လူထဲက လူသားတစ်ယောက်၊ ပုထုဇဉ်တစ်ယောက်အနေနဲ့ မိသားစုဘဝတစ်ခု ထူထောင်ချင်ပါတယ်။ အိမ်ထောင်လည်းပြုချင်ပါတယ်။ ဒါပေမဲ့ လောလောဆယ် နှစ်ပိုင်းအတွင်းမှာတော့ အစီအစဉ် မရှိသေးပါဘူး။

**Voice: အခုနောက်ပိုင်း စိုင်းစိုင်း ရုပ်ရှင်ကားကြီးတွေ ရိုက်တာနည်းတယ်နော်။ ဇာတ်လမ်းတွေကို စိစစ်ရွေးချယ်ပြီးမှ ရိုက်နေလို့လား။**

**SSKL:** ကျွန်တော့်အနေနဲ့က ဒီနှစ်တစ်နှစ်လုံးမှာဆိုရင် စက်တင်ဘာလထဲမှာ ဝတ်မှုန်ရွှေရည်နဲ့ ရိုက်ရမယ့် ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့ရင် ရုပ်ရှင်တစ်ကားပဲ ရိုက်ဖြစ်ပါတယ်။ နောက်ထပ် ရိုက်ဖို့အတွက်ကတော့ ဇာတ်လမ်းတွေရှာနေပါတယ်။ နောက်ပြီး ကျွန်တော့်မှာ ရုံမတင်ရသေးတဲ့ ရုပ်ရှင်ဇာတ်ကားတော်တော်များများ ရှိနေပါသေးတယ်။ အောက်တိုဘာလထဲမှာ From Bangkok To Mandalay ဇာတ်ကား ရုံတင်ပါမယ်။ မရှေးမနှောင်းမှာပဲ ကျွန်တော်လွန်ခဲ့တဲ့ သုံး၊ လေးနှစ်ကတည်းက ရိုက်ထားပြီးမပြရသေးဘဲ ကျန်နေတဲ့ ကာလာစုံ လက်စင်ဆိုတဲ့ ဇာတ်ကားရုံတင်ပါမယ်။ နောက်ထပ် ရိုက်ပြီးသား၊ ရုံတင်ဖို့စောင့်နေတဲ့ ရုပ်ရှင်နှစ်ကားလောက်လည်း ရှိပါသေးတယ်။ အဲဒီတော့ ဒီကားတွေရုံတင်ဖို့လည်း ကျွန်တော် ကြိုးစားရပါမယ်။ နောက်ထပ် ရုပ်ရှင်ကားတွေထပ်ရိုက်ဖို့လည်း ကျွန်တော် ဇာတ်လမ်းတွေ ရှာနေပါတယ်။

## Recap

❍ နာမည်ကျော် ဖက်ရှင်ဒီဇိုင်နာများ၊ သရုပ်ဆောင်များ၊ ဆူပါမော်ဒယ်လ်များ ပါဝင်မယ့် Romance & Love at Sedona လို့ အမည်ပေးထားတဲ့ Wedding Show ကို စက်တင်ဘာလ ၃ ရက်နဲ့ ၄ ရက်နေ့တွေမှာ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်မှာ ပြုလုပ်သွား မှာပါ။

ဒီပွဲမှာတော့ နာမည်ကျော် ဖက်ရှင်ဒီဇိုင်နာများရဲ့ဆန်းသစ်လှပတဲ့ မြန်မာထိုင်မသိမ်း ဝတ်စုံများ၊ အနောက်တိုင်း ဝတ်စုံများကို ပြသသွားမယ့်အပြင် နိုင်ငံကျော်တေးသံရှင်များရဲ့ ဖျော်ဖြေရေးအစီအစဉ်များ၊ အထူးလက်ဆောင်ပေးအပ်မယ့် အစီအစဉ်များလည်း ပါဝင်မှာဖြစ်လို့ ဝါကျွတ်ကာလမှာ ရွှေလက်တွဲမယ့် မောင်မယ်များ သွားရောက်ကြည့်ရှုလေ့လာနိုင်မှာ ဖြစ်ပါတယ်။

❍ Myanmar Media 7 က စီစဉ်ပြီး ဒါရိုက်တာ သြရသ ရိုက်ကူးတဲ့ ကြောက်ကြောက်ကြောက် ရုပ်ရှင်ဇာတ်ကားမှာ ထူးခြားတဲ့ သရုပ်ဆောင်မှုတွေကို မြင်တွေ့ရမယ်လို့ နာမည်ကျော် သရုပ်ဆောင်နေတိုးက The Voice ကို ပြောကြားပါတယ်။

"ဒီကားက အခုကျွန်တော်တို့ ပြင်ဦးလွင်မှာ ရိုက်နေတာပေ့ါ။ ဒီကားမှာ ကျွန်တော့်ရဲ့ ကာရိုက်တာကတော့ လူတစ်ယောက်မှာရှိတဲ့ ကြောက်စိတ်ထက်ပိုပြီး အကြောက်လွန်ကဲတဲ့ပုံစံမျိုး သရုပ်ဆောင်ရ မှာပါ။ ဒီလိုကာရိုက်တာမျိုးက ကျွန်တော်လည်း တစ်ခါမှ မလုပ်ဖူးသေးဘူး။ အဲ့ဒီအတွက် ကျွန်တော့်ရဲ့သရုပ်ဆောင်မှုမှာ ပရိသတ်တွေ မမြင်ဖူးသေးတဲ့ အက်တင်မျိုးတွေလည်း မြင်ရမှာပါ" လို့ ၎င်းကဆိုပါတယ်။

# အနုပညာလှုပ်ရှားမှုတွေ ပြန်လည်စတင်တော့မယ့် လီနာယောင်း

**ဆိုးလ်၊ ဩဂုတ် ၃၀**




တောင်ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ လီနာယောင်းက ယခုနှစ်အတွင်းမှာ အနုပညာလှုပ်ရှားမှုတွေ ပြန်လည်စတင်တော့မှာဖြစ်ကြောင်း soompi.com မှာ ဖော်ပြထားပါတယ်။

လီနာယောင်းက ယခုနှစ်အတွင်းမှာ အနုပညာ လှုပ်ရှားမှုတွေ ပြန်လည်စတင်တော့မှာဖြစ်ပေမယ့် သူ ပထမဆုံး ရိုက်ကူးမယ့် ဇာတ်ကားက ဒရာမာ ရုပ်သံဇာတ်လမ်းတွဲဖြစ်မလား၊ ရုပ်ရှင်ဇာတ်ကားဖြစ်မလားဆိုတာကိုတော့ မဆုံးဖြတ်ရသေးပါဘူးလို့ သူ့ရဲ့အနုပညာအေဂျင်စီက သတင်းထုတ်ပြန်ခဲ့ပါတယ်။

"သူအခု ဇာတ်ညွှန်းတွေ ဖတ်ပြီး ရွေးချယ်နေပါတယ်။ ဇာတ်ကားရိုက်ကူးဖို့ ကမ်းလှမ်းမှုတွေ သူ့ဆီ အဆက်မပြတ်ရောက်လာနေပါတယ်။ သူ နောက်ရိုက်မယ့် ဇာတ်လမ်းကိုတော့ မဆုံးဖြတ်ရသေးပါဘူး" လို့ လီနာယောင်းရဲ့ အနုပညာအေဂျင်စီက ပြောကြားခဲ့ပါတယ်။

လီနာယောင်းက ဒရာမာ ရုပ်သံဇာတ်လမ်းတွဲတွေ မရိုက်တာ ခြောက်နှစ်လောက်ရှိပြီဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားတွေ မရိုက်တာတော့ လေးနှစ်လောက်ရှိပါပြီ။ နာမည်ကျော် သရုပ်ဆောင်ဝမ်ဘင်းနဲ့ ၂၀၁၅ ခုနှစ် မေလက လက်ထပ်ခဲ့တဲ့ လီနာယောင်းက သားလေးတစ်ဦး ရရှိထားပါတယ်။

# ရုရှားဟက်ကာများ အရီဇိုးနားရွေးကောက်ပွဲစနစ်ကို ပစ်မှတ်ထားဟုဆို

ဝါရှင်တန်၊ ဩဂုတ် ၃၀


Chicago Tribune

ရုရှားဟက်ကာများသည် အမေရိကန်ပြည်ထောင်စု၊ အရီဇိုးနားနှင့် အီလီနွိုက်စ်ပြည်နယ်များမှ ဆန္ဒမဲပေးမည့်သူများ၏ မှတ်ပုံတင်စနစ်များကို ခိုးဖောက်တိုက်ခိုက်ရန် ပစ်မှတ်ထားနေကြကြောင်း FBI အဖွဲ့၏ သတိပေးချက်ကို The Washington Post သတင်းတွင် ဖော်ပြထားသည်။

FBI အဖွဲ့၏ သုံးသပ်ချက်အရ ရုရှားဟက်ကာများက မဲဆန္ဒရှင်များ၏ မှတ်ပုံတင်စာရင်းများကို ခိုးဖောက် စုံစမ်းနေခြင်းမှာ အဆင့် ၁၀ ဆင့်အနက် အဆင့် ၈ လောက်ရှိနေပြီး၊ အွန်လိုင်းကတစ်ဆင့် မဲဆန္ဒပေးမည့်သူများ၏ စာရင်းကို ကောက်ခံနေမှုအား လွန်ခဲ့သည့် တစ်ပတ်ခန့်ကတည်းက ရပ်ဆိုင်းလိုက်ရကြောင်း အရီဇိုးနားပြည်နယ်အတွင်းရေးမှူး မစ်ရှဲ ရီဂင်၏ ပြောရေးဆိုခွင့်ရှိသူ မတ်ရောဘတ်က ပြောကြားသည်။

ဟက်ကာများသည် ပြည်နယ်ဆန္ဒမဲစနစ်ကို ခိုးဖောက်နိုင်စွမ်းရှိသွားသည်ဟု ယူဆရသော်လည်း ယခုတိုင် အပေးအယူ တစ်ခုခု ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း၊ ဟက်ကာများသည် ဆန္ဒမဲပေးမည်သူများ၏ အမည်များ၊ password များကို Gila ရပ်ကွက် မဲဆန္ဒရှင်များထံမှ အများဆုံး ခိုးယူသွားနိုင်ခဲ့ကြောင်း တာဝန်ရှိသူ များက သတင်းထုတ်ပြန်ထားသည်။

FBI အဖွဲ့က ရုရှားဟက်ကာများဟုသာ ယေဘုယျပြောဆိုသော်လည်း ယင်းဟက်ကာများသည် ရုရှားအစိုးရ အဖွဲ့က ခိုင်းထားသူများ သို့မဟုတ် မည်သည့်အဖွဲ့အစည်းကဖြစ်ကြောင်း တိကျသော ထုတ်ပြန်ပြောဆိုမှုများ မရှိ သေးကြောင်း ရောဘတ်က ပြောကြားသည်။

အရီဇိုးနား မဲဆန္ဒရှင်များ၏ ကွန်ပျူတာစာရင်းများကို ဟက်ကာများခိုးဖောက်နေသည်ဆိုခြင်းက ရုရှားနိုင်ငံအနေနှင့် အမေရိကန်ပြည်ထောင်စု၏ ရွေးကောက်ပွဲနှင့် ပါတီလုပ်ဆောင်ပုံ စနစ်များကို စိတ်ဝင်စားနေပြီ ဆိုခြင်းမှာ ထင်ရှားကြောင်း၊ မကြာမီ ဒီမိုကရက်တစ်အမျိုးသားကော်မတီ၏ ကွန်ပျူတာများကိုပါ ခိုးဖောက်တိုက်ခိုက်လာမည်ကို စိုးရိမ်ရကြောင်း The Washington Post တွင် ရေးသားထားသည်။

ရုရှားတို့က အမေရိကန်ပြည်ထောင်စု၏ ယခုနှစ်ရွေးကောက်ပွဲများအပေါ် စိုးရိမ်မိကြောင်း ယခုလအစောပိုင်း ကတည်းက သတင်းများထုတ်လွှင့်လျက်ရှိပြီး၊ FBI အဖွဲ့ကလည်း ထိုထုတ်ပြန်ချက်များကို သတင်းရကတည်းက ရွေးကောက်ပွဲအတွက် အွန်လိုင်းကတစ်ဆင့်မှတ်ပုံတင်မှုများကို သတိထားဆောင်ရွက်ရန် ပြည်တွင်း ပါတီကြီးများကို သတိပေးခဲ့ပြီးဖြစ်သည်။

အရီဇိုးနားနှင့် အီလီနွိုက်စ်မဲဆန္ဒနယ်များမှ တာဝန်ရှိသူများက ဇူလိုင်လကတည်းက မိမိတို့ ကွန်ပျူတာစနစ်များကို ထိုးဖောက်မှုများ ရှိနေသော်လည်း မည်သည့် ဒေတာမှ ပါသွားခြင်း မရှိကြောင်း ထုတ်ပြန်ခဲ့သည်။

FBI က အီလီနွိုက်စ်မှ တာဝန်ရှိသူများကို နိုင်ငံခြား အစိုးရအေဂျင်စီများနှင့် အဆက်အစပ်ရှိသူများအား ဟက်ကာများ အဖြစ်သံသယရှိသောကြောင့် သတိထားရန် ပြောကြားကြောင်း The Washington Post တွင် ရေးသားထားသည်။ ■

---

# စက်ရုပ်ဘဏ္ဍာစိုးများ ယခုနှစ်အတွင်း ပေါ်ထွက်လာနိုင်ကြောင်း မာ့ခ် ဇူကာဘတ်ပြောကြား

ဝါရှင်တန်၊ ဩဂုတ် ၃၀


EPA

ယခုနှစ် အစောပိုင်းကတည်းက အိမ်များတွင် အဆင့်မြင့် စက်ရုပ်များကို အသုံးပြုလာနိုင်ကြောင်း ကြိုတင် ဟောကိန်းထုတ်ခဲ့သည့် Facebook အကြီးအကဲ မာ့ခ် ဇူကာဘတ်က မကြာမီ အိမ်တော်ဘဏ္ဍာစိုး စက်ရုပ်များ ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း ပြောကြားချက်ကို Daily Mail သတင်းတွင်ဖော်ပြထားသည်။

ဇူကာဘတ်က မိမိတို့လုပ်ဆောင်နေသည့် ပရောဂျက်တစ်ခုသည် ပြီးဆုံးလုနေပြီဖြစ်ကာ လာမည့်လအတွင်း အကောင်အထည်ဖော်ချပြနိုင်မည်ဟုထင်ကြောင်းပြောကြား သည်ဟု ယင်းသတင်းကဆိုသည်။

ရောမမြို့မြို့တော်ခန်းမတွင်လည်း ဇူကာဘတ်က ပြည်သူများကိုလာမည့်လအတွင်း တစ်ခုခုကိုချပြနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

"မီးတွေ၊ ဂိတ်တံခါးတွေနဲ့ အိမ်တွင်း အပူအအေးတွေကို ထိန်းညှိပေးနိုင်မယ့် စက်ရုပ်မျိုးတွေရနေပြီ၊ ကျွန်တော့် အမျိုးသမီးဆိုရင် ခုထိ အိမ်ထဲမှာ အပူအအေးကို မထိန်းနိုင်သေးဘူး။ ကျွန်တော့် အသံနဲ့ကို ထိန်းချုပ်ခိုင်းစေနိုင်မယ့် စက်ရုပ်မျိုးတွေရတော့မှာပါ" ဟု ယင်းကဆိုသည်။ သူတီထွင်ထားသည့် စက်ရုပ်သည် အိမ်တံခါးပေါက် ရောက်သည်နှင့် မျက်နှာကို ပြလိုက်လျှင် အသိအမှတ်ပြုကာ ဝင်ခွင့် ပေးမည်ဖြစ်ကြောင်း၊ အိမ်တွင်းမှုများကို လုပ်ဆောင်ပေးနိုင်ရုံမက ခိုင်းစေသမျှကိုလည်း အတိအကျ လုပ်ဆောင်နိုင်စွမ်းရှိကြောင်း ဇူကာဘတ်က ပြောကြားသည်။

ဇူကာဘတ်က သူ၏ Facebook စာမျက်နှာပေါ်တွင် အိမ်တွင် ဘဏ္ဍာစိုးများအဖြစ် ခန့်ထားမည့်သူကို Iron Man ရုပ်ရှင်ဇာတ်ကားထဲမှ စက်ရုပ်ပုံစံကို ခန်းမှန်းကြည့်နိုင်ကြောင်း ထုတ်ဖော်ရေးသားထားသည်။

လူသားတို့၏ ဉာဏ်ရည်အတိုင်း လုပ်ဆောင်နိုင်စွမ်းရှိသည့် စက်ရုပ်ဉာဏ်ရည်တု AI စနစ်များ တီထွင်မှု ထွန်းကားလာသည်နှင့်အမျှ Facebook ပေါ်တွင်လည်း သုံးစွဲသူကို အသိအမှတ်ပြုမည့် စနစ်များ၊ အသံကို နားလည်သည့်စနစ်များ၊ ဘာသာစကားကို နားလည်ပြီး ပြန်ဆိုပေးနိုင်သည့် စနစ်များကို မကြာသောကာလတွင် ဖော်ထုတ်လုပ်ဆောင်တော့မည်ထင်ကြောင်း ဇူကာဘတ်ကဆိုသည်။ ■

---

# NEWS IN BRIEF

## အွန်လိုင်းအမုန်းစကားများကို ဆန့်ကျင်တိုက်ဖျက်ပေးရန် Facebook ကို ဂျာမနီတောင်းဆို

ဂျာမနီနိုင်ငံ ပြည်ထဲရေးဝန်ကြီးသည် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့ရှိ Facebook ရုံးခန်းသို့သွားရောက်လည်ပတ်ခဲ့ပြီး ဆိုရှယ်ပလက်ဖောင်းတစ်ခုအနေနှင့် မလိုလားအပ်သည့် အမုန်းစကားများနှင့်၊ တားမြစ်ပိတ်ပင်ထားသည့် အကြောင်းအရာများကို အမြန်ဆုံး ဖယ်ရှားပေးရန် တိုက်တွန်းခဲ့ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

လစဉ် ၁ ဒသမ ၆ ဘီလီယံအထိ သုံးစွဲသူများရှိနေသည့် Facebook အား ဂျာမနီအစိုးရသည့် ယမန်နှစ်ကတည်းက အမုန်းစကားများနှင့် လူမျိုးရေးမုန်းတီးမှု ဖော်ထုတ်ချက်များကို အမြန်ဆုံးဖျက်ချပေးရန် တောင်းဆိုခဲ့ကြောင်း ယင်းသတင်း ကဆိုသည်။

ယခုနှစ် အစောပိုင်းတွင် မာ့ခ်ဇူကာဘတ်ကိုယ်တိုင် ဂျာမနီကိုလာရောက်ပြီး ဂျာမနီခေါင်းဆောင်ပိုင်းနှင့် ဆွေးနွေးတိုင်ပင်သဘောတူညီမှုများ ယူထားသော်လည်း တုံ့ပြန်မှုမှာ နှေးကွေးနေသောကြောင့် ဝန်ကြီးကလာရောက် တိုက်တွန်းခြင်းဖြစ်မည်ထင်ကြောင်း Reuters သတင်းတွင် ရေးသားထားသည်။ ■

## အန္တရာယ်အဆိပ်ခာတ်ငွေ့ဖုန်းဖြင့်သတိပေးနိုင်မည်

ဂျပန်နိုင်ငံ သိပ္ပံပညာရှင်များနှင့် MIT နည်းပညာဌာနတို့ ပူးပေါင်းတီထွင်ထားသည့် ကတ်တစ်မျိုးသည် အဆိပ်သင့်စေမည့် ခာတ်ငွေ့များ ပျံ့နှံ့နေမှုကိုချက်ချင်း သတိပေးနိုင်ကြောင်း AFP သတင်းတွင်ဖော်ပြထားသည်။

ယင်းကတ်ပြားလေးသည် အီလက်ထရွန်နစ် ဆားကစ်ကတ်ပြားလေးတစ်ခုဖြစ်ပြီး ဖုန်းနှင့်ချိတ်ဆက်ကာ ဆော့ဖ်ဝဲက အန္တရာယ်ရှိသော အဆိပ်ခာတ်ငွေ့များကို အာရုံခံ၍ ငါးစက္ကန့်အတွင်း အချက်ပေးနိုင်စေရန် တီထွင်ထားကြောင်း ယင်းသတင်းကဆိုသည်။

စမတ်ကတ်ထဲတွင် ယင်းအာရုံခံပစ္စည်းလေးများကို ထည့်သွင်းပေးထားပြီး ဖုန်းနှင့် ကတ်ကို NFC (near-field communication) နည်းဖြင့် ချိတ်ဆက်ကာ ခာတ်ငွေ့အာရုံခံနိုင်စေရန် တီထွင်ထားကြောင်း AFP တွင်ရေးသားထားသည်။ ■

## အလင်းနှစ် ၉၄ အကွာအဝေး ကြယ်ဆီမှ ထူးဆန်းသည့် အချက်ပြမှုများရရှိ

၂၀၁၅ ခုနှစ်၊ မေလကတည်းက ထူထောင်ထားခဲ့သော အာကာသ စူးစမ်းလေ့လာရေးအဖွဲ့ (SETI) သည် ကမ္ဘာမြေမှ အလင်းနှစ် ၉၄ အကွာအဝေးရှိ HD 164595 ဟုသတ်မှတ်ထားသော ကြယ်ကြီးတစ်လုံးဆီမှ ထူးဆန်းသော အချက်ပြမှုများကို ရရှိနေကြောင်း AFP သတင်းတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ တွင်ထူထောင်ထားသည့် SETI အခြေစိုက်စခန်းမှ စွမ်းအားမြင့်သော ရေဒီယို တယ်လီစကုတ်ကြီး များက ပို့လွှတ်သော အသံလှိုင်းအချက်ပြမှုများကို ရရှိခဲ့ခြင်းဖြစ်ပြီး အသေးစိတ်ကို ထုတ်ပြန်ခြင်းမရှိပေ။

ရုရှားသုတေသီ နက္ခတ်ပညာရှင်များက မိမိတို့ ရရှိထားသည့် ဆက်သွယ်မှုဆိုင်ရာ အသေးစိတ်ကို စက်တင်ဘာလ တွင် မက္ကဆီကိုနိုင်ငံတွင် ကျင်းပမည့် နိုင်ငံတကာ နက္ခတ်ပညာရှင်များညီလာခံ (IAC) တွင် တင်ပြမည်ဟု သတင်းထုတ်ပြန်ထားကြောင်း AFP သတင်းတွင် ရေးသားထားသည်။ ■

## ဆန်မျိုးသစ်သည် အာဖရိကဆန်ထုတ်လုပ်မှုကို ပြုပြင်ပြောင်းလဲစေမည်ဟုဆို

အာဖရိကတိုက် နိုင်ငံများတွင် စိုက်ပျိုးနိုင်ရန် ရည်စူးထုတ်လုပ်ထားသော ဆန်မျိုးစိတ်သစ်တစ်ခုသည် ရာသီဥတုအခြေအနေ သဘာဝဘေးစသည်တို့နှင့် ကိုက်ညီမှုရှိပြီး ဆန်ထုတ်လုပ်မှုလောကကို အကြီးအကျယ် ပြောင်းလဲမှုတစ်ခုဖြစ်စေနိုင်ကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံတို့တွင် စမ်းသပ်ထုတ်လုပ်ခဲ့သော ဆန်မျိုးစိတ်သစ် ၁၅ မျိုးသည် အထွက်တိုး၊ ရောဂါဒဏ်ခံ၊ အကြမ်းခံပြီး လက်ရှိစိုက်ပျိုးနေသည့် စပါးမျိုးစိတ်များထက် ပိုမိုအကျိုးရှိနိုင်ကြောင်း သုတေသီများကပြောကြားသည်။

လက်ရှိစိုက်ပျိုးနေကြသည့် မျိုးများသည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကတည်းက မျိုးများဖြစ်ပြီး တိုးပွား လာသည့် လူဦးရေနှင့်အညီ ပို၍အထွက်တိုးမျိုးများကို စိုက်ပျိုးနိုင်မှ ကမ္ဘာ့စားသုံးမှုကို အစားထိုးနိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ FAO အဖွဲ့ကလည်း ထုတ်ပြန်ထားသည်။ ■

## ဦးနှောက်ကို စီးနင်းတိုက်ခိုက်မှုများ မကြာမီဖြစ်ပွားလာမည်ဟု သတိပေး

လူတစ်ဦး၏ ဦးနှောက်ကို ထိန်းချုပ်ခိုင်းစေနိုင်သည့် Brainjacking နည်းပညာများ သည် မကြာမီပေါ်ပေါက် လာပြီး ကွန်ပျူတာများကို hacking လုပ်သကဲ့သို့ လူသားတို့ခံရဖွယ်ရှိကြောင်း Oxford တက္ကသိုလ်မှ ပညာရှင်များ၏ ထုတ်ဖော်ပြောဆိုချက်ကို Reuters သတင်းတွင်ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ အခြေစိုက် NGO အဖွဲ့အစည်းသတင်းမီဒီယာမှ လော်ရီပိုင်းကရော့ဖ်ကလည်း ဦးနှောက်ကို ခိုးဖောက်ပြီး ဖော်ထုတ်ခိုင်းနိုင်မှုမှာ အလွန်လွယ်လာပြီး အနာဂတ်တွင် လုံခြုံရေးအတွက် စိုးရိမ်စရာဖြစ်လာနိုင် ကြောင်း ယင်းသတင်းကဆိုသည်။

ယခုအခါ ပါကင်ဆန်ဝေဒနာရှင်များကို ဦးနှောက်အတွင်း လျှပ်ငုပ်ပစ္စည်းများ ထည့်သွင်းပြီး အဝေးထိန်းစနစ်ဖြင့် လှုပ်ရှားစေရန် လုပ်ဆောင်နေမှုများက အနာဂတ်တွင် လူတစ်ဦးချင်းစီ၏ ဦးနှောက်များကို ခိုးဖောက်စီးနင်းနိုင်မှု များဖြစ်လာစေရန် လမ်းစဖြစ်ပြီး သတိထားကြရန် ပညာရှင်များကသတိပေးထားသည်။ ■

# “ကျွန်တော်တို့နိုင်ငံမှာ ဉာဏ်ရည်မသန်စွမ်းသူရာခိုင်နှုန်းဟာ ဒီထက်ပိုများနေနိုင်ပါတယ်”

## မြန်မာနိုင်ငံအထူးပညာရေးအသင်း အတွင်းရေးမှူး ဦးဒေးဗစ်ဇော်ဒိမ်နှင့်တွေ့ဆုံခြင်း

နေဇာကျော်



**မြန်မာနိုင်ငံအတွင်း အထူးဂရုပြုစောင့်ရှောက်ရန် လိုအပ်နေသည့်ကလေးငယ်များအတွက် ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ ဖန်တီးရန် ဆရာ၊ ဆရာမများကို မြန်မာနိုင်ငံအထူးပညာရေးအသင်းက သင်တန်းများပို့ချလျက်ရှိသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ သင်တန်းပေးနေသည့် အခြေအနေများနှင့် မြန်မာနိုင်ငံအထူးပညာရေးအသင်းတည်ထောင်ဖြစ်သည့် ရည်ရွယ်ချက်များကို ယင်းအသင်းအတွင်းရေးမှူး ဦးဒေးဗစ်ဇော်ဒိမ်နှင့် The Voice တို့တွေ့ဆုံမေးမြန်းထားသည်များကို စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

**Voice ။ မြန်မာနိုင်ငံ အထူးပညာရေးအသင်းကို ဘယ်အချိန်ကတည်းက စဖွဲ့စည်းခဲ့တာပါလဲခင်ဗျ။ ဘာကြောင့် ဖွဲ့စည်းဖြစ်ခဲ့တာပါလဲ။**

**UDZD** ။ မြန်မာနိုင်ငံ အထူးပညာရေးအသင်းကို ၂၀၁၅ခုနှစ်မှာဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ (၁) မြန်မာနိုင်ငံက အထူးဂရုပြုစောင့်ရှောက်ဖို့လိုအပ်တဲ့ကလေးတွေကို ပြုစုပျိုးထောင်သင်ကြားပေးမယ့် ဆရာ၊ ဆရာမတွေ မွေးထုတ်ပေးဖို့၊ (၂) နိုင်ငံတော်ရဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်တဲ့ အထူးပညာရေးနဲ့ လူတိုင်းအကျုံးဝင်ပညာရေးအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထောက်အကူပြုစေဖို့၊ (၃) မြန်မာနိုင်ငံတစ်ဝန်းရှိတဲ့ အထူးဂရုပြု စောင့်ရှောက်ဖို့လိုအပ်တဲ့ ကလေးမိဘတွေ၊ မသန်စွမ်းကလေးမိဘတွေနဲ့ အထူးဂရုပြု စောင့်ရှောက်ဖို့ လိုအပ်တဲ့ကလေးတွေနဲ့ မသန်စွမ်းကလေးတွေကို ပြုစုပျိုးထောင်ဖို့ စိတ်အားထက်သန်တဲ့သူတွေအတွက် ဒီပညာရပ်နဲ့သက်ဆိုင်တဲ့ အခြေခံသဘောသဘာဝနဲ့ လက်တွေ့လေ့လာသိရှိလာနိုင်စေဖို့ နည်းပညာပိုင်းဆိုင်ရာကို ဖြန့်ဝေပေးတဲ့ သင်တန်းကျောင်းနဲ့ အထောက်အပံ့ပေးတဲ့ အသင်းအဖွဲ့တစ်ခုအနေနဲ့ ရပ်တည်ဖို့ဖြစ်ပါတယ်။

**Voice ။ အသင်းအမည်က ‘မြန်မာနိုင်ငံအထူးပညာရေးအသင်း’ ဆိုတော့ ‘အထူးပညာရေး’ ဆိုတာ ဘယ်လိုအဓိပ္ပာယ်ဖွင့်ပါသလဲ။**

**UDZD** ။ အထူးပညာရေးဆိုတာ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ ခံစားသိမြင်နိုင်မှုစွမ်းရည်အရဖြစ်စေ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာအရဖြစ်စေ အားနည်း ချွတ်ယွင်းမှု တစ်ခုခုကြောင့်ဖြစ်စေ၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်းဆိုင်ရာ အားနည်းချို့ယွင်းမှု တစ်စုံတစ်ရာကြောင့်ဖြစ်စေ၊ ပညာသင်ကြားရာမှာ သာမန်သင်ယူသင်ကြားမှု ပုံစံနည်းစနစ်နဲ့ သင်ကြားသင်ယူတတ်မြောက်ဖို့ မတူကွဲပြားတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရသောအထူးဂရုပြု စောင့်ရှောက်ဖို့ လိုအပ်တဲ့ လူပုဂ္ဂိုလ်၊ ကလေးတွေကို ၎င်းတို့တစ်ဦးချင်းစီရဲ့ လိုအပ်မှုအလိုက် အထူးသင်ကြားနည်းဆိုင်ရာ ပညာရပ်တွေ၊ နည်းစနစ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ၊ သင်ရိုးညွှန်းတမ်းတွေကို အသုံးပြုသင်ကြားပေးတဲ့ ပညာရေးနဲ့ သက်ဆိုင်တဲ့စနစ်တစ်ခုကို ဆိုလိုခြင်းဖြစ်ပါတယ်။

**Voice ။ ဒီအသင်းအနေနဲ့ မြန်မာနိုင်ငံက အထူးဂရုပြုစောင့်ရှောက်ဖို့လိုအပ်တဲ့ ကလေးတွေပြုစုပျိုးထောင်သင်ကြားပေးဖို့ ဆိုတော့ အထူးဂရုပြု စောင့်ရှောက်ဖို့လိုအပ်တဲ့ ကလေးဆိုတာ ဘယ်လိုမျိုးကို ဆိုလိုတာပါလဲ။**

**UDZD** ။ အထူးဂရုပြုစောင့်ရှောက်ဖို့လိုအပ်တဲ့ ကလေးဆိုတာဟာ စိတ်ပိုင်းဆိုင်ရာအရဖြစ်စေ၊ ခံစားသိမြင်နိုင်မှု စွမ်းရည်အရဖြစ်စေ၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာအရဖြစ်စေ အားနည်းချွတ်ယွင်းမှု တစ်ခုခုကြောင့်ဖြစ်စေ ၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်းဆိုင်ရာအားနည်းချွတ်ယွင်းမှု တစ်စုံတစ်ရာကြောင့်ဖြစ်စေ၊ ဖွံ့ဖြိုးမှုဆိုင်ရာနှောင့်နှေးခြင်း၊ ပညာသင်ကြားရာတွင်သာမန် သင်ယူသင်ကြားမှု ပုံစံနည်းစနစ်နဲ့ သင်ကြား၊ သင်ယူတတ်မြောက်ဖို့ မတူကွဲပြားတဲ့ အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရသောကလေးတွေကိုဆိုလိုခြင်းဖြစ်ပါတယ်။ ဥပမာ - ပုံမှန်ဖွံ့ဖြိုးမှု မိုင်တိုင် (Developmental Milestone) အတွင်း ဝင်ရောက်ရမည့်အချိန်တွင် မဝင်ရောက်နိုင်သေးတဲ့ ကလေးတွေ (ကလေးတစ်ယောက်ဟာ ဖေဖေ၊ မေမေလို့ခေါ်နိုင်ရမည့်အချိန်တွင် မခေါ်နိုင်သေးခြင်း) ကို ဆိုလိုခြင်းဖြစ်ပါတယ်။

**Voice ။ အရေအတွက် စာရင်းကောက်ထားပါသလား။**

**UDZD** ။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေစစ်တမ်း (သန်းခေါင်စာရင်း) မှာ ဖော်ပြထားချက်အရတော့ မြန်မာတစ်နိုင်ငံလုံး စုစုပေါင်း လူဦးရေရဲ့ ၁ ဒသမ ၇ ရာခိုင်နှုန်း ဉာဏ်ရည်မသန်စွမ်းသူတွေဖြစ်ကြောင်း ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါပေမဲ့ ကျွန်တော်တစ်ဦးတည်းအနေနဲ့ ယုံကြည်တာကတော့ ကျွန်တော်တို့နိုင်ငံမှာ ဉာဏ်ရည်မသန်စွမ်းသူရာခိုင်နှုန်းဟာ ဒီထက်ပိုများနေနိုင်ပါတယ်။

၂၀၁၅ ခုနှစ် ဧပြီလအတွင်းက ကျွန်တော်တို့ မြန်မာနိုင်ငံအထူးပညာရေးအသင်းက မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အထူးဂရုပြု စောင့်ရှောက်ဖို့လိုအပ်တဲ့ ကလေးတွေကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးနေတဲ့ကျောင်းတွေ၊ ပရဟိတကျောင်းတွေကို လက်လှမ်းမီသလောက် စစ်တမ်းကောက်ယူတဲ့အခါမှာ တစ်နိုင်ငံလုံးမှာ စုစုပေါင်း ၄၂ ကျောင်းခန့်သာရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထူးခြားတာကတော့ အဲဒီ ၄၂ ကျောင်းရဲ့ ၈၀ရာခိုင်နှုန်းဟာ ရန်ကုန်တိုင်းဒေသကြီး တစ်ခုအတွင်းမှာပဲ တည်ရှိနေတာကိုတွေ့ရပြီး ကျန်တဲ့ ပြည်နယ်နဲ့တိုင်းတွေမှာ တော့နည်းပါးနေသေးတာကို တွေ့ရပါတယ်။

**Voice ။ သင်ကြားနည်းစနစ်က ဘယ်လိုသင်ကြားနည်းစနစ်ပါလဲ။**

**UDZD** ။ အထူးဂရုပြုစောင့်ရှောက်ဖို့လိုအပ်တဲ့ကလေးတွေကို ပြုစုပျိုးထောင်သင်ကြားပေးမယ့် ဆရာဖြစ်သင်တန်းကျောင်းမှာ သင်ကြားပို့ချပေးတဲ့ ဘာသာရပ်တွေက (၁) အားလုံးအကျုံးဝင်ပညာရေးကိုမြှင့်တင်ပေးခြင်း၊ (၂) ဆက်သွယ်ရေးနှင့် စာပေသင်ကြားရေး၊ (၃) ဖွံ့ဖြိုးမှုနှောင့်နှေးတဲ့ Autistic ကလေးတွေနဲ့ သူတို့အားလုံး အကျုံးဝင်ပညာရေးမှာ ပူးပေါင်းပါဝင်စေဖို့၊ (၄) သူငယ်နာအကြောင်း ကလေးတွေနဲ့ဆိုင်တဲ့ ပညာရပ်များ၊ (၅) အပြုအမူပိုင်းဆိုင်ရာ လုပ်ဆောင်ချက်တွေကိုကူညီပံ့ပိုးပေးဖို့၊ (၆) သင်ကြားမှုဆိုင်ရာ ခက်ခဲတဲ့ကလေးတွေကို ပြုစုစောင့်ရှောက်ခြင်း စတာတွေပဲဖြစ်ပါတယ်။ ဒီသင်တန်းက မြန်မာနိုင်ငံမှာရှိတဲ့ အထူးဂရုပြု စောင့်ရှောက်ဖို့ လိုအပ်တဲ့ ကလေးတွေကို ပြုစုပျိုးထောင်သင်ကြားပေးမယ့် ဆရာ၊ ဆရာမတွေကို လေ့ကျင့်မွေးထုတ်ပေးတဲ့ သင်တန်းဖြစ်ပါတယ်။ သင်တန်းကျောင်းမှာစာတွေနဲ့ လက်တွေ့ကို ပူးတွဲသင်ကြားပေးပါတယ်။

**Voice ။ ဒီလိုကလေးတွေကို ပြုစုပျိုးထောင်ပေးဖို့အတွက် ဆရာအရေအတွက် ဘယ်လောက်သင်တန်းပေးပြီးပါပြီလဲ။ ဘယ်ဒေသတွေကို အဓိက ဦးစားပေးပြီးသင်ကြားပြုစုပျိုးထောင်ဖို့ အာရုံစိုက်တာပါလဲခင်ဗျ။**

**UDZD** ။ ကျွန်တော်တို့ဆီမှာ လက်ရှိသင်တန်းအမျိုးအစား သုံးမျိုး၊ အဆင့်သုံးဆင့်ဆိုပြီးတော့ ရှိပါတယ်။ သင်တန်းအမျိုးအစားတွေက (၁) Pre Level 1 (အခြေခံဆရာဖြစ်သင်တန်း) သင်တန်းကြာမြင့်ချိန် သုံးလ၊ (၂) Level 1 (ဆရာဖြစ်သင်တန်း) သင်တန်းကြာမြင့်ချိန် ခြောက်လ၊ (၃) Level 2 (နည်းပြဖြစ်သင်တန်း)သင်တန်းကြာမြင့်ချိန် တစ်နှစ်။ အဲဒီကလေးတွေကို ပြုစုပျိုးထောင်သင်ကြားပေးနိုင်ဖို့ အရည်အသွေးပြည့်မီတဲ့ ဆရာ၊ ဆရာမ စုစုပေါင်း ၁၁၆ ဦးကိုလေ့ကျင့်ပျိုးထောင်ပြီးပါပြီ။ အခုအချိန်အထိတော့ ရန်ကုန်နဲ့မန္တလေးက အထူးဂရုပြု စောင့်ရှောက်ဖို့လိုအပ်တဲ့ကလေးတွေကို ပြုစုပျိုးထောင်သင်ကြားပေးနေတဲ့ ဆရာ၊ ဆရာမတွေကို ပိုထိရောက်တဲ့သင်ကြားနည်းနဲ့ ပိုစနစ်ကျပြီး သင်ကြားရေးဆိုင်ရာအရည်အသွေး ပိုမြင့်လာစေဖို့ ကလေးတွေရဲ့ လိုအပ်မှုအလိုက် အကောင်းဆုံးနဲ့ အသင့်တော်ဆုံးနည်းလမ်းနဲ့ သင်ကြားမှုပြုလုပ်နိုင်ဖို့ အာရုံစိုက်ထားပါတယ်။

**Voice ။ နောက်ဆုံးအနေနဲ့ ဦးဒေးဗစ်ဇော်ဒိမ် ထပ်ဖြည့်ပြောချင်တာတွေရှိရင် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းပြောလို့ရပါတယ်ခင်ဗျ။**

**UDZD** ။ အထူးဂရုပြုစောင့်ရှောက်ဖို့လိုအပ်နေတဲ့ ကလေးတွေကို ပြုစုပျိုးထောင်သင်ကြားပေးမယ့် ဆရာဖြစ်သင်တန်းကျောင်းအစီအစဉ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ University of Wolverhampton (UK)၊ With Love All Things Are Possible Charity (UK) နဲ့ မြန်မာနိုင်ငံ အထူးပညာရေးအသင်းတို့က ပူးတွဲစီစဉ်ကျင်းပဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက သင်တန်းကို အသိအမှတ်ပြုပေးတာ၊ ခွင့်ပြုမိန့်ချမှတ်ပေးတာ၊ သင်တန်းပြုလုပ်နိုင်ဖို့ နေရာကိုပံ့ပိုးကူညီပါတယ်။ University of Wolverhampton (UK) က သင်တန်းမှာ အသုံးပြုမယ့် သင်ရိုးညွှန်းတမ်းတွေနဲ့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးပါတယ်။ With Love All Things Are Possible Charity (UK) က သင်တန်းကုန်ကျစရိတ်တို့ကိုထည့်ဝင်လှူဒါန်းခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နေသော အစီအစဉ်တစ်ခုဖြစ်ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ဒီသင်တန်းမျိုးကို မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြုလုပ်သွားနိုင်ဖို့ ရည်မှန်းချက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်သွားနိုင်ဖို့ ကျွန်တော်တို့အနေနဲ့ ငွေကြေးအင်အား၊ နည်းပြအင်အားများစွာ ထပ်မံလိုအပ်လျက်ရှိနေပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း အားပေးကူညီမှုဆက်ပေးပါလို့ တောင်းဆိုလိုပါတယ်။ မြန်မာနိုင်ငံနေရာအနှံ့မှာရှိကြတဲ့ အထူးဂရုပြုစောင့်ရှောက်ရန်လိုအပ်တဲ့ ကလေးတွေ အားလုံးပညာသင်ခွင့်ရရှိစေဖို့နဲ့ လူမှုအဖွဲ့အစည်းမှာ တန်းတူအကျုံးဝင်လာစေဖို့ အခုအခါမှာ အရပ်ဘက်အဖွဲ့အစည်းတွေ၊ မသန်စွမ်းသူများ အသင်းအဖွဲ့တွေနဲ့ နိုင်ငံတော်အစိုးရကလည်း အင်နဲ့အားနဲ့ လုပ်ဆောင်နေတာတွေကိုလည်း အားတက်စရာမြင်တွေ့နေရပါတယ်။ ဒါပေမဲ့ အထူးသဖြင့် ဉာဏ်ရည်မသန်စွမ်းသူတွေအတွက် ဒီအချိန်ကာလတစ်ခုအထိ အထူးပညာရေးနဲ့ ထိတွေ့သင်ကြားဖို့ လိုအပ်မှာဖြစ်တဲ့အတွက် လိုအပ်နေတဲ့ နည်းပညာအခန်းကဏ္ဍကို မိမိတို့တတ်စွမ်းနိုင်သလောက် ဖြည့်ဆည်းပေးနိုင်ဖို့ အားထုတ်ကြိုးပမ်းနေကြောင်းကိုလည်း အသိပေးလိုပါတယ်။ မြန်မာနိုင်ငံမှာ အထူးဂရုပြုစောင့်ရှောက်ဖို့ လိုအပ်တဲ့ကလေးတွေရဲ့အခန်းကဏ္ဍ၊ နိုင်ငံအတွင်း အဲဒီကလေးတွေကို ပြုစုပျိုးထောင်သင်ကြားပေးမယ့် ဆရာ၊ ဆရာမတွေ လိုအပ်နေတာ စတဲ့အရာတွေကိုလည်း အများပြည်သူများနဲ့ နိုင်ငံတော်အစိုးရက ပိုမိုသိရှိ နားလည်လာစေဖို့ သတင်းမီဒီယာများရဲ့ ပံ့ပိုးကူညီမှုတွေကိုလည်း အလွန်လိုအပ်လျက်ရှိပါတယ်။

**Voice ။ အခုလို အချိန်ပေးပြီး ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ခင်ဗျ။** ■

**နေဇာကျော်**

> “University of Wolverhampton (UK) က သင်တန်းမှာ အသုံးပြုမယ့် သင်ရိုးညွှန်းတမ်းတွေနဲ့ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးပေးပါတယ်”

# ဆီးရီးယားနယ်မြေအတွင်း တူရကီတပ်များ နက်ရှိုင်းစွာဝင်ရောက်တိုက်ခိုက်မှု အမေရိကန်ဝေဖန်

**ဝါရှင်တန်၊ ဩဂုတ် ၂၉**

ဆီးရီးယားမြောက်ပိုင်း နယ်မြေအတွင်း တူရကီတပ်ဖွဲ့ဝင်များ နက်ရှိုင်းစွာဝင်ရောက်တိုက်ခိုက်နေမှုကို အမေရိကန်က ပြင်းထန်စွာဝေဖန်လိုက်ပြီး အစ္စလာမ္မစ်နိုင်ငံတော်စစ်သွေးကြွချေမှုန်းရေးမှ လမ်းချော်လာမည်ကို စိုးရိမ်သည်ဟု ပြောကြားသွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

IS ချေမှုန်းရေးကိုသာ အဓိကထားရန်နှင့် အမေရိကန်အထောက်အပံ့ရရှိထားသည့် ဆီးရီးယားကာခ့် ပြည်သူ့စစ်များကို ပစ်မှတ်မထားရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက သတိပေးလိုက်ပြီး တူရကီနိုင်ငံ၏အပြုအမူကြောင့် IS ချေမှုန်းရေးလုပ်ငန်းစဉ် ရှုပ်ထွေးလာမည်ဟု သမ္မတအိမ်ဖြူတော်ကလည်း မှတ်ချက်ပြုလိုက်သည်။

နယ်စပ်ဖြတ်ကျော် စစ်ဆင်ရေးအစတွင် IS များ ထိန်းချုပ်ထားသည့် ဂျာရာဘလတ်နယ်စပ်မြို့ကို ဆီးရီးယားသူပုန်များ လျင်မြန်စွာ သိမ်းပိုက်နိုင်ရေး တူရကီက တင့်ကားများ၊ အမြောက်ကြီးများ၊ စစ်လေယာဉ်များဖြင့် ပစ်ကူပေးခဲ့သည်။

ယင်းအချိန်မှစ၍ အမေရိကန်အထောက်အပံ့ရရှိထားသည့် ကာခ့် YPG ပြည်သူ့စစ်များပါဝင်သည့် ဆီးရီးယားဒီမိုကရက်တစ် ( SDF ) ညွန့်ပေါင်းတပ်ဖွဲ့ ထိန်းချုပ်နယ်မြေများကိုသာ တူရကီတပ်ဖွဲ့များက တိုက်ခိုက်လျက်ရှိသည်။

“ တူရကီဟာသူ့နိုင်ငံသားတွေရဲ့ လုံခြုံရေးကို ပြည်တွင်းမှာရော အိမ်နီးချင်းနိုင်ငံတွေမှာပါ အာမခံနိုင်ရေးလိုအပ်တဲ့ ခြေလှမ်းတွေကို ခိုင်ခိုင်မာမာဆုံးဖြတ်လုပ်ဆောင်နေပါတယ်” ဟုအမျိုးသားအောင်ပွဲနေ့မတိုင်ခင်တွင် တူရကီသမ္မတအာဒိုဂန်က ပြောကြားလိုက်သည်။

YPG အပါအဝင် အဖွဲ့အသီးသီး၏ ခြိမ်းခြောက်မှုများအားလုံးကို ဖယ်ရှားနိုင်မည့် ကာလအထိ စစ်ဆင်ရေးလုပ်ဆောင်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ယူဖရေးတီးမြစ် အရှေ့ပိုင်းရှိ ကာခ့်နယ်မြေနှင့် မြေထဲပင်လယ်အနီးရှိ ကာခ့်နယ်မြေ ချိတ်ဆက်မိသွားကာ တူရကီနိုင်ငံတွင်းရှိ ကာ့ခ် PKK စစ်သွေးကြွများအားကောင်းလာမည်ကို တူရကီကစိုးရိမ်လျက်ရှိပြီး ယူဖရေးတီးမြစ် အရှေ့ပိုင်းသို့ YPG တပ်ဖွဲ့ဝင်များ ဆုတ်ခွာပေးရန် တောင်းဆိုလျက်ရှိသည်။

သို့သော်လည်း IS တပ်ဖွဲ့ဝင်များမရှိသည့်နေရာများတွင် တိုက်ပွဲများဖြစ်ပွားနေခြင်းမှာ လက်မခံနိုင်ကြောင်း၊ လွန်စွာစိုးရိမ်ကြောင်း အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က တူရကီကိုသတိပေးလိုက်သည်။

လက်ရှိ ဆီးရီးယားစစ်ဆင်ရေး၏ ရည်မှန်းချက်နှစ်ရပ်မှာ IS များကို ဖယ်ရှားရေးနှင့်ပေါ်ပေါက်လာသည့်နေရာလွတ်များနှင့် နယ်စပ်ဒေသများတွင် ကာခ့်တပ်ဖွဲ့ဝင်များ ဝင်ရောက်ခြေချမှုကို တားဆီးရေးဖြစ်သည်ဟု ဆယ်စုနှစ် သုံးခုကျော်ကြာ ကာခ့်ပုန်ကန်မှုနှင့် ရင်ဆိုင်နေရသည့် တူရကီက ပြောကြားသွားသည်။ ■



ဆီးရီးယားနိုင်ငံအတွင်းဝင်ရောက်လာသည့် တူရကီတင့်ကားတစ်စီး



မီဒီယာကို တရုတ်အာဏာပိုင်များ တင်းတင်းကျပ်ကျပ် ထိန်းချုပ်လျက်ရှိသည်

# အနောက်တိုင်းလူနေမှု ပုံစံအားပေးသည့် သတင်းများကို တရုတ် ကန့်သတ်မည်

**ဘေဂျင်း၊ ဩဂုတ် ၂၉**

အနောက်တိုင်းလူနေမှုပုံစံနှင့် မသင့်တော်သည့်တန်ဖိုးများကို အားပေးသည့် သတင်းများကို တရုတ်နိုင်ငံက ကန့်သတ်သွားမည်ဟု တရုတ်သတင်း ရုပ်သံစည်းမျဉ်းထိန်းသိမ်းရေးအဖွဲ့က ပြောကြားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ကွန်မြူနစ်ပါတီ ခေါင်းဆောင်များ၏ အမြင်ကို မဖော်ပြနိုင်သည့် မီဒီယာများကို တင်းတင်းကျပ်ကျပ် ဆင်ဆာလုပ်ဆောင်ရေး တရုတ်သမ္မတ ရှီကျင့်ဖျင်က မကြုံစဖူး ပြင်းပြင်းထန်ထန် လုပ်ဆောင်လျက်ရှိသည်။

နိုင်ငံခြားတိုင်းပြည်များကို အားကျအတုခိုးထားသည့် ရုပ်မြင်သံကြား ထုတ်လွှင့်မှုများကို အာဏာပိုင်များက လက်ရှိတွင်ပင် ကန့်သတ်လျက်ရှိပြီး လူမှုမီဒီယာများတွင် ကောလာဟလ ထုတ်လွှင့်သူများကိုလည်း တင်းတင်းကျပ်ကျပ် အရေးယူလျက်ရှိသည်။

လူမှုရေးနှင့် ဖျော်ဖြေရေးသတင်းများတွင် ပင်မရေစီး အိုင်ဒီယော်လော်ဂျီများနှင့် အကောင်းမြင်သည့် စွမ်းအားများ လွှမ်းမိုးနေရမည်ဟု သတင်းစာ၊ ထုတ်ဝေရေး၊ ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ဦးစီးဌာနကို ကိုးကားပြီး တရုတ်အစိုးရပိုင် Xinhua သတင်းတွင် ဖော်ပြထားသည်။

ထို့အပြင် မသင့်တော်သည့် ပျက်လုံးများ၊ ဂန္ထဝင်များကို ညစ်ညမ်းစေခြင်းများ၊ အနောက်တိုင်းလူနေမှု ပုံစံများကို သိသိသာသာ အားကျမှုများသတင်းများတွင် မပါဝင်သင့်ဟု ဆက်လက်ဖော်ပြထားသည်။

ထင်ပေါ်ကျော်ကြားသည့် သရုပ်ဆောင်များကို မကြာသေးခင်က မူးယစ်ဆေးဝါးမှု ပြည့်တန်ဆာမှုဖြင့် ဖမ်းဆီးမိခြင်းကြောင့် ရုပ်ရှင်လုပ်သားများ၏စာရိတ္တပိုင်း ခိုင်မာကောင်းမွန်စေရေး ရည်ရွယ်ကာ ဥပဒေ ပြင်ဆင်ရန်ကိုလည်း တရုတ်ဥပဒေပြုလွှတ်တော်က သုံးသပ်လျက်ရှိသည်။

မီဒီယာအနေနှင့် ပါတီလမ်းညွှန်ချက်ကို လိုက်နာရမည်ဖြစ်ပြီး ပြည်သူ့အမြင်ကို မှန်ကန်စွာ လမ်းညွှန်ပေးရမည်ဖြစ်ကာ အပြုသဘောဆောင်သည့် ဝါဒဖြန့်ချိမှုကို အားပေးရမည်ဟု တရုတ်သမ္မတက ရှင်းရှင်းလင်းလင်းပြောကြားထားသည်။

တစ်ချိန်တည်းတွင် တရုတ်ကွန်မြူနစ်ပါတီ၏ဦးဆောင်မှုနှင့် နိုင်ငံတည်ငြိမ်မှုကို ခြိမ်းခြောက်နိုင်သည်ဟု ယူဆထားသည့် နိုင်ငံခြားဝက်ဆိုက်များကို အာဏာပိုင်များက ပိတ်ပင်လျက်ရှိသလိုအင်တာနက်ကိုလည်း တင်းတင်းကျပ်ကျပ် စိစစ်လျက်ရှိသည်။

ယင်းကဲ့သို့ပိတ်ပင်ထားသော်လည်း နိုင်ငံခြားရုပ်မြင်သံကြားပွဲများမှာ တရားမဝင် ဒေါင်းလုပ်ထားသည့်ပုံစံ သို့မဟုတ် DVD ပုံစံအပါအဝင် နည်းလမ်းမျိုးစုံဖြင့် တရုတ်နိုင်ငံတွင် ရရှိလျက်ရှိသည်။ ■

# ပင်တဂွန်နှင့် ထောက်ပံ့ပို့ဆောင်ရေးသဘောတူညီချက် အိန္ဒိယကာကွယ်ရေးဝန်ကြီးလက်မှတ်ထိုး

**ဝါရှင်တန်၊ ဩဂုတ် ၃၀**

အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့သည် ၎င်းတို့၏စစ်တပ် အခြေစိုက်စခန်းများကို ထောက်ပံ့ပို့ဆောင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အပြန်အလှန် အသုံးပြုနိုင်မည့် အဓိကကျသော သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြပြီဟု VOA သတင်းတွင် ဖော်ပြထားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ၎င်းနှင့် အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီး မာနိုဟာပါရီကာတို့သည် စစ်အခြေစိုက်စခန်းများတွင် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများ အပြန်အလှန် အသုံးပြုရေးနားလည်မှုစာချွန်လွှာကို တရားဝင် လက်မှတ်ရေးထိုးခဲ့ကြသည်ဟု တနင်္လာနေ့က ပင်တဂွန် သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ပြီးခဲ့သောဧပြီလက အိန္ဒိယတွင် ကာကွယ်ရေးဝန်ကြီးနှစ်ဦး တွေ့ဆုံစဉ်အတွင်း မူအားဖြင့် သဘောတူခဲ့ကြခြင်းဖြစ်သည်။

ယခုစာချုပ်သည် အပြည့်အဝ အပြန်အလှန် သဘောတူညီမှုဖြစ်ပြီးပူးတွဲစစ်ဆင်ရေးများကို ပိုမိုလွယ်ကူ၊ ပိုမိုထိရောက်မှုရှိစေမည်ဟုဆိုသည်။

သဘောတူညီချက်သည် စစ်အခြေစိုက်စခန်း ထူထောင်ခွင့်ပေးခြင်းမဟုတ်ဘဲ ရွေးချယ်ထားသောအချိန်တွင် အတူတကွစစ်ဆင်ရေးလုပ်ဆောင်ရန်အတွက် အခြေစိုက်စခန်းနှင့် ပစ္စည်းကိရိယာများအသုံးပြုရန်အတွက်သာ ဖြစ်သည်ဟု ဝန်ကြီးနှစ်ဦးစလုံးက ပြောကြားသည်။

အမေရိကန်၏အဓိကကာကွယ်ရေးမဟာမိတ်အဖြစ် အိန္ဒိယက မကြာသေးမီက စဉ်းစားနေသောအစီအစဉ်ကို အိန္ဒိယဝန်ကြီးပါရီကာ၏ပင်တဂွန်ခရီးစဉ်တွင် ဝန်ကြီးနှစ်ဦးဆွေးနွေးခဲ့ကြသည်ဟုလည်း သိရှိရသည်။

၎င်းအစီအစဉ်ကို ဝန်ကြီးချုပ်မိုဒီ၏ ဇွန်လ ဝါရှင်တန်ခရီးစဉ်တွင် ကြေညာခဲ့ခြင်းဖြစ်ပြီး အမေရိကန်၏ကာလရှည်ကြာအရင်းနှီးဆုံးမဟာမိတ်များနှင့် လုပ်ဆောင်သည့်နည်းလမ်းဖြင့် ပူးပေါင်းဆောင်ရွက်ခွင့်ပြုသွားမည်ဟု ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက ပြောကြားခဲ့သည်။

ဝန်ကြီးနှစ်ဦးအကြား ခြောက်ကြိမ်မြောက်တွေ့ဆုံမှုဖြစ်သည့် တနင်္လာနေ့က ပင်တဂွန်ဆွေးနွေးပွဲသည် အိန္ဒိယတွင် ပြုလုပ်မည့် အမေရိကန်နှင့် အိန္ဒိယတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုမတိုင်မီ ပေါ်ထွက်လာခြင်းဖြစ်သည်။

ယုဒ်အက်ဘရပ်စ်ဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို နောက်လတွင် အိန္ဒိယမြောက်ပိုင်းတောင်တန်းများပေါ်တွင်ပြုလုပ်မည်ဟုအမေရိကန် ပစ္စဖိတ်ကမ်းရိုးတန်း တပ်မှူးဗိုလ်ချုပ်စတီဖင်လန်ဇာက VOA သို့ ပြောကြားသည်။

အမေရိကန်နှင့် အိန္ဒိယနှစ်နိုင်ငံစစ်တပ်များသည် ငြိမ်းချမ်းရေးထိန်းသိမ်းမှု စစ်ဆင်ရေးများမှသည် နည်းဗျူဟာမြောက် လေ့ကျင့်မှုများအထိပူးတွဲလုပ်ဆောင်သွားကြမည်ဖြစ်ပြီး အတူတကွလေ့ကျင့်ရုံသာမကဘဲ အတူတကွတိုက်ပွဲဝင်သည့် အဆင့်အထိပေါင်းစည်းလုပ်ဆောင်သွားမည်ဟု ဗိုလ်ချုပ်လန်ဇာက ရှင်းလင်းပြောကြားသည်။ ■




တရားရုံးတော်တွင် အစစ်ခံပြီးတွေ့ရသည့် ကွာဆမ်အလီ

# ဘင်္ဂလားဒေ့ရှ် အစ္စလာမ္မစ်ခေါင်းဆောင်၏စစ်ရာဇဝတ်မှု နောက်ဆုံးအယူခံကို တရားရုံးချုပ်ပယ်ချ

**ဒါကာ၊ ဩဂုတ် ၃၀**

ဘင်္ဂလားဒေ့ရှ်၏ပါကစ္စတန်မှ လွတ်လပ်ရေးကြိုးပမ်းသော ၁၉၇၁ ခုနှစ် စစ်ပွဲကာလအတွင်း အစ္စလာမ္မစ်ခေါင်းဆောင်တစ်ဦး ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများအတွက် သေဒဏ်ချမှတ်ထားမှုအပေါ် နောက်ဆုံး အယူအခံကို တရားရုံးချုပ်က ပယ်ချလိုက်ကြောင်း VOAသတင်းဌာနက ဖော်ပြသည်။

ကွာဆမ်အလီ၏ အယူခံကိုပယ်ချလိုက်သောကြောင့် နောက်ဆုံးအဆင့်အဖြစ် သမ္မတထံ အသနားခံစာတင်သွင်းရန်သာ ကျန်ရှိတော့သည်။

အသနားခံစာသာ ပယ်ချခံရပါက ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးသေဒဏ်စီရင်မှု ဖြစ်လာမည်ဖြစ်သည်။

အသက် ၆၃ နှစ်အရွယ် အလီသည် ဂျာမတ်-အီ-အစ္စလာမီပါတီခေါင်းဆောင်တစ်ဦးဖြစ်ပြီး ညှဉ်းပန်းသည့်အကျဉ်းစခန်းတစ်ခုတွင်း ၎င်းကိုယ်တိုင် သတ်ဖြတ်ခဲ့မှုများနှင့် လူငယ်တစ်ဦးကိုညှဉ်းပန်းနှိပ်စက်မှုများအပါအဝင် စွဲချက်ရှစ်ခုအတွက် အပြစ်ရှိကြောင်း တရားရုံးအဆင့်ဆင့်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသူ ၃ သန်းခန့်ကို ပါကစ္စတန်စစ်သားများနှင့် ပြည်တွင်းမှ အလိုတူအလိုပါများက သတ်ဖြတ်ခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်အစိုးရက စွပ်စွဲထားသော်လည်း ဂျာမတ်-အီ-အစ္စလာမီအဖွဲ့က ငြင်းဆိုထားသည်။

စစ်ရာဇဝတ်မှုများအတွက် အခြားသော အစ္စလာမ္မစ်ခေါင်းဆောင်အများအပြားကို ကွပ်မျက်ခဲ့ပြီးဖြစ်သည်။

အတိုက်အခံ ဘင်္ဂလားဒေ့ရှ်အမျိုးသားပါတီကမူ အစိုးရ၏စစ်ရာဇဝတ်မှုခုံရုံးသည် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဝေဖန်ထားသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကျွမ်းကျင်သူများက အလီကို အပြည့်ပြည့်ဆိုင်ရာစံနှုန်းများနှင့် ကိုက်ညီသော စစ်ဆေးမှုသစ်လုပ်ဆောင်ရန် ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်ကို တောင်းဆိုထားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကလည်း အစွန်းရောက်ဝါဒကို တိုက်ခိုက်ရာတွင် ဒီမိုကရက်တစ်စံနှုန်းများကို ကိုင်စွဲရမည်ဖြစ်ပြီး မသွေဖီသင့်ကြောင်း ဝေဖန်ထားသည်။ ■

# အာဏာသိမ်းမှုကို ကန့်ကွက်မဲပေးရန် ဆီးနိတ်ကို ဘရာဇီးသမ္မတ ရူးဆက်ဖ်တိုက်တွန်း

**ဘရာဇီးလီယာ၊ ဩဂုတ် ၃၀**

ရာထူးမှ ရပ်ဆိုင်းခံထားရသော ဘရာဇီးသမ္မတ ဒီလ်မာရူးဆက်ဖ်က သူမအား တရားစွဲဆိုမှုကို အာဏာသိမ်းမှုအဖြစ် ကန့်ကွက်မဲပေးကြရန် တနင်္လာနေ့က စိတ်လှုပ်ရှားဖွယ် လွှတ်တော်ရှေ့မှောက်ထွက်ဆိုမှုတွင် ဆီးနိတ်အမတ်များကို တိုက်တွန်းပြောကြားခဲ့သည်ဟု AFP သတင်းတွင် ဖော်ပြထားသည်။

သူမ၏အပြစ်ကင်းစင်မှုကို ကြေညာရုံသာမက ၁၉၇၀ ခုနှစ်များအတွင်း စစ်အာဏာရှင်လက်အောက်တွင် သူမ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရပုံကို ပြန်ပြောပြသည့် ရူးဆက်ဖ်က ဘရာဇီးတွင် ဒီမိုကရေစီပျောက်ဆုံးတော့မည့်အန္တရာယ် ရှိနေသည်ဟု သတိပေးလိုက်သည်။

ဘရာဇီး၏ပထမဆုံးအမျိုးသမီးသမ္မတသည် ဆယ်စုနှစ်များအတွင်း အဆိုးဆုံးစီးပွားရေးအကျပ်အတည်း တွေ့ကြုံရနိုင်သောပြဿနာများကို ဖုံးဖိရန်အတွက် ၂၀၁၄ တွင် ဘတ်ဂျက်ယိုပေါက်များကို ဖာထေးရန် တရားမဝင် နိုင်ငံတော်ချေးငွေများကို အသုံးပြုခဲ့သည်ဟု စွပ်စွဲခံနေရသည်။

သူမအား ရာထူးမှဖယ်ရှားရန် ကြိုးစားမှုများကို နိုင်ငံပိုင်ရေနံလုပ်ငန်း ပီတရိုဘရာဇီး၏အဂတိလိုက်စားမှု အရှုပ်အထွေးများနှင့် လပေါင်းများစွာ နိုင်ငံရေးငြိမ်သက်မှုတို့ကြောင့် ပေါ်ထွက်လာသော အမျက်ဒေါသများက မီးထိုးပေးခဲ့ကြသည်။

၎င်းအရာအားလုံးက သူမအား ဆီးနိတ်က တရားစွဲရန် ညွှန်ပြနေပြီး လက်ဝဲယိမ်းအလုပ်သမားပါတီ၏ ၁၃ နှစ်ကြာ အာဏာရမှုကို အဆုံးသတ်သွားစေခဲ့သည်။

ဆီးနိတ်၌ ရူးဆက်ဖ်၏ ၄၅ မိနစ်ကြာ ပြောဆိုမှုအပြီးတွင် သူမအား တရားစွဲဆိုမှုကို ထောက်ခံသူ ဆီးနိတ်အမတ် ဆီမိုနီတိဘက်က သူမသည် တရားမဝင်ချေးငွေများဖြင့် နိုင်ငံဘတ်ဂျက်ကို ရာဇဝတ်မှုမြောက်အောင် စီမံခန့်ခွဲခဲ့သည်ဟု ဝေဖန်ပြောဆိုခဲ့သည်။

သူမကမူ ဘတ်ဂျက်ဟာကွက်ကို ချေးငွေဖြင့် ဖာထေးခြင်းသည် လုပ်လေ့လုပ်ထရှိသောကြောင့် သူမကိုမတရားစွပ်စွဲကြခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

ရူးဆက်ဖ်၏ထွက်ဆိုမှု အပြီးတွင် မဲခွဲမှုကို ဗုဒ္ဓဟူးနေ့အထိ ပြလုပ်မည်ဖြစ်သော်လည်း သူမအားရာထူးမှ ဖယ်ရှားရန်အတွက် လိုအပ်သော ထောက်ခံမဲ သုံးပုံနှစ်ပုံ(၈၁ မဲတွင် ၅၄ မဲ) ကိုအလွယ်တကူ ရရှိမည်ဟု သူမကိုဆန့်ကျင်သူများက ဆိုသည်။

ရူးဆက်ဖ် ဖယ်ရှားခံရပါက ၂၀၁၈ ရွေးကောက်ပွဲကျင်းပချိန်အထိ သမ္မတနေရာရရှိမည့်လက်ယာယိမ်း PMDB ပါတီဝင် ဒုသမ္မတ တီမာသည် ယခုအခါ ရူးဆက်ဖ်၏နိုင်ငံရေးရန်ဘက် ဖြစ်လာခဲ့သည်။

စစ်အာဏာရှင်လက်ထက် ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့် ကင်ဆာရောဂါ ခံစားရစဉ် နှစ်ကြိမ်တိုင်တိုင် သေမင်းခံတွင်းဝမှ လွတ်မြောက်လာခဲ့သော ရူးဆက်ဖ်က ယခုအခါ ဒီမိုကရေစီကို သတ်မည့်သေမင်းကိုသာ ကြောက်ရွံ့နေရသည်ဟု ပြောကြားခဲ့သည်။

အလုပ်သမားပါတီထူထောင်သူ သမ္မတဟောင်း လူလာဒီဆီးလ်ဗားနှင့် ထောက်ခံသူများသည် ဆီးနိတ်ခန်းမအတွင်းသို့ ဝင်ရောက်ကာအထက်ခုံရုံး ဥက္ကဋ္ဌ၏သတိပေးမှုကို လျစ်လျူရှုကာ ဘရာဇီးပြည်သူများ၏သူရဲကောင်း ဒီလ်မာဟု ကြွေးကြော်ခဲ့ကြသည်။

လွှတ်တော်မဲခွဲမှုကာလအတွင်း ထောက်ခံဆန္ဒပြသူ ၁၀,၀၀၀ မှ ၃၀,၀၀၀ အထိရှိခဲ့သော်လည်း ရူးဆက်ဖ်ကိုထောက်ခံသူအရေအတွက်မှာ ရာဂဏန်းသာရှိခဲ့ခြင်းက သူမအပေါ် လူထုထောက်ခံမှု ကျဆင်းနေခြင်းကို ထင်ဟပ်နေသည်။

သို့ရာတွင် ရူးဆက်ဖ်၏ လက်ထက်တွင် အဂတိလိုက်စားမှု အရှုပ်အထွေးများပြားခဲ့သော်လည်း သူမကိုယ်တိုင်မှာမူ ကိုယ်ကျိုးရှာရန် ကြိုးစားကြောင်းစွပ်စွဲခံရမှု ကင်းရှင်းသည်ဟု သိရှိရသည်။ ■




ရူးဆက်ဖ်သည် နိုင်ငံရေးထိုးနှက်ချက်များစွာကို ရင်ဆိုင်ဖြေရှင်းနေရသည်

**စာမျက်နှာ 13 သိထားသင့်တဲ့ အိမ်နီးချင်းနိုင်ငံရဲ့သဘောထားမှအဆက်**

တွေနဲ့ ဖြည့်စွက်ဖိအားပေးတာမျိုး လုံးဝမလုပ်ရပါဘူး။ ထို့အတူပဲ ဘယ်လို လူမျိုးဖြစ်စေ သူတို့ရဲ့ဆန္ဒတွေနဲ့ တရုတ်ပြည်သူတွေဆီ လာပြီးဖိအားပေး တာမျိုးကို လုံးဝခွင့်မပြုဘူး။ ကျွန်တော်တို့ တင်ပြတောင်းဆိုချင်တာက တော့ အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှုတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းဖို့ပဲဖြစ်ပါတယ်။

ဗိုလ်ကျလွှမ်းမိုးရေးဝါဒနဲ့ အနိုင်ကျင့်စိုးမိုးတဲ့ နိုင်ငံရေးပုံသဏ္ဌာန်အမျိုးမျိုးကိုဆန့်ကျင်ရမယ်။

ဗိုလ်ကျတာ အနိုင်ကျင့်တာတွေကို ထာဝရ မလုပ်ရဘူး။ ကျွန်တော်တို့နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရမယ်။ တိုင်းပြည်လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အကျိုးအမြတ် စတဲ့ကျွန်တော်တို့ရဲ့အမြတေအကျိုးအမြတ်တွေနဲ့ အရောင်းအဝယ်လုပ်မယ်လို့ ဘယ်ပြည်ပနိုင်ငံကမှ မျှော်လင့်စောင့်စားမနေပါနဲ့။ ကျွန်တော်တို့နိုင်ငံရဲ့အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့အကျိုးအမြတ်များကို ထိခိုက်နစ်နာအောင် ကျွန်တော်တို့မျိုချလိမ့်မယ်လို့လည်း မမျှော်လင့်ကြနဲ့လို့ ပြောချင်တယ်” ဟူ၍ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကောက်နုတ်ဖော်ပြချက်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ သဘောထားအယူအဆဖြစ်သည့်အတွက် တစ်နည်းအားဖြင့် တရုတ်ပြည် ကွန်မြူနစ်ပါတီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မူဝါဒသဘောထားလည်းဖြစ်ပါသည်။ ထိုအချက်ကို သိရှိထားခြင်းအားဖြင့် ကျွန်တော်တို့တစ်တွေ မြစ်ဆုံဆည်တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးအဖြေရှာကြရာတွင် အထောက်အကူဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆပါသည်။ ထိုသဘောတရားအတိုင်း အမှန်တကယ် စိတ်သဘော ထားနိုင်၊ မထားနိုင်ဆိုသည်ကတော့… ပိတ်ကားပေါ်တွင် ဆက်လက်ရှုစားကြရမည်သာ ဖြစ်ပါသည်။

**သိန်းထက်အောင်**

**မှီငြမ်း - ရဲထက်၊ တရုတ်စီမံခန့်ခွဲမှုနှင့် နိုင်ငံအုပ်ချုပ်ရေး။**

**စာမျက်နှာ 14 ဦးနှောက်ကို ခါးတောင်းကျိုက်ဖို့လိုပါသည်မှအဆက်**

ဆိုင်တွေရှိပြီး ရေရှည်တည်တံ့ပါတယ်။ နည်းပညာအကူအညီနဲ့ လမ်းဘေးတွေမှာ Vending Machine လို့ခေါ်တဲ့စက်တွေထားပြီး ရောင်းပါတယ်။ ဒါဘာလဲဆိုတော့ လုပ်တာချင်းအတူတူ ပညာပါတာနဲ့ မပါတာ ကွာခြားချက်ပါ။ အဲ့လိုပါပဲ သဘာဝဘေးဖြစ်တာချင်းအတူတူ၊ လုပ်တဲ့ကိစ္စချင်းအတူတူ အတွေးအခေါ်လွဲသူတွေ၊ ပညာမပါသူတွေဟာ ဆုံးရှုံးမှုများမယ်၊ အောင်မြင်မှုနည်းပါမယ်။

နိဂုံးချုပ်ဆိုရသော် သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ ငလျင်ဒဏ်ကို သဘာဝဘေးလို့ပဲမြင်ပြီး နောက်ဆက်တွဲဖြစ်လာနိုင်တဲ့ ပြဿနာတွေ၊ ဘယ်လိုပြန်လည်ပြုပြင် ထိန်းသိမ်းကြမလဲဆိုတာ ဦးတည်သွားသင့်ပါတယ်။ ငလျင်အကြောင်းသိကောင်းစရာနှင့် ရှောင်ရန်ဆောင်ရန်အချက်အလက်များကို လက်ကမ်းစာစောင်များဖြင့် အများပြည်သူထံ လက်ဆင့်ကမ်းသင့်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ သဘာဝဘေး စတဲ့ကိစ္စတွေအားလုံးမှာ ပညာဆိုတဲ့ဝေဖန်စဉ်းစား သုံးသပ်နိုင်စွမ်းမရှိရင် အကန်းလိုပါပဲ။ လူခါးတောင်းကျိုက်ရရင်တော့ ကျွန်ဘဝမှာပဲ နစ်နေကြပါလိမ့်မယ်။ အမှား/အမှန်ကိုခွဲခြားနိုင်တဲ့ အတွေးအခေါ်၊ အသိအမြင်၊ ခေတ်နဲ့အညီ သိသင့်သိထိုက်တဲ့အတတ်ပညာတွေ ပိုင်ဆိုင်သူတွေသာ လောကကြီးကို ဦးဆောင်သွားနိုင်ကြပါတယ်။ ယခင်အစိုးရလက်ထက်တွေတုန်းက ဘုရားဆိုတာ ရွှေရှိရတယ်ဆိုတဲ့ အယူအဆမျိုး၊ အတွေးအခေါ်မျိုးတွေကြောင့် ပုဂံဒေသဟာ ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းမှုနဲ့ မညီဘူးလို့ UNESCO က ထောက်ပြပြောဆိုခဲ့တာပါ။ ထေရဝါဒမှာလည်း ဘုရားဆိုတာ ရွှေရှိမှလို့ ဘုရားမဟောခဲ့ပါဘူး။ ရှေးဟောင်းကို ရှေးဟောင်းအတိုင်း ထိန်းသိမ်းဖို့ကြိုးစားကြရမှာဖြစ်ပေမယ့် ဦးနှောက်ခါးတောင်းမကျိုက်နိုင်ခဲ့တော့ ပျက်စီးဆုံးရှုံး နစ်နာရပါတယ်။ ဦးနှောက်ခါးတောင်းကျိုက်ထားတဲ့ခေါင်းဆောင်တွေရှိနေခိုက်မှာ စာရေးသူတို့လည်း နှစ်ပေါင်းများစွာ မှိုင်းအတိုက်ခံလာရတဲ့ မိမိတို့ဦးနှောက်တွေကို ဆေးကြောသန့်စင်ပြီး မှန်ကန်တဲ့အတွေးအခေါ်၊ ပညာဦးဆောင်တဲ့အပြုအမူတွေနဲ့အတူ မိမိကိုယ်တိုင် တိုးတက်ဖို့သာမက တိုင်းပြည်တိုးတက်စေဖို့အတွက် မိမိတို့ဦးနှောက်တွေကို ခါးတောင်းပြောင်ပြောင်ကျိုက်ဖို့ လိုနေပြီဖြစ်ကြောင်း ရေးသားတင်ပြ လိုက်ရပါတယ်။

**အုန်းဇင်လင်း (ပညာရေး)**

Ref :

[1]http:\\www.acmv.org/book/living_with_Earthquakes_Rv52.pdf

[2]www.geo.mtu.edu/UPSeis/magnitude.html

[3] https://en.wikipedia.org/wiki/2016_kumamoto-earthquakes



ဓာတ်ပုံ – မောင်မျိုးထက်

ချောင်းသာရွှေသောင်ယံလမ်း ကျောက်မောင်နှမအနီးလမ်းပျက်နေပုံ

# ချောင်းသာ၊ ရွှေသောင်ယံ၊ မကျီးကားလမ်းများ ပျက်စီးနေသဖြင့် မော်တော်ယာဉ်များ အခက်တွေ့

**ပုသိမ်၊ ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေမြို့နှင့် ရွှေသောင်ယံကမ်းခြေ မြို့၊ မကျီးရွာ၊ သဲကုန်းရွာများသို့ဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်း ၃ လမ်းမှာ မိုးသည်းထန်စွာ ရွာသွန်း၍ လမ်းများပျက်စီးနေသောကြောင့် ခရီးသည်တင်ယာဉ်များနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ အခက်အခဲများ တွေ့ကြုံနေရကြောင်း ဒေသခံများထံမှ သိရှိရသည်။

အဆိုပါ လမ်းများတွင် မိုးရွာသွန်းမှုကြောင့် ချိုင့်ခွက်များနှင့် ရွှံ့ဗွက်အိုင်များဖြစ်ပေါ်နေသဖြင့် ကုန်စည်စီးဆင်းမှုနှင့် သွားလာရေးတို့တွင် အခက်အခဲကြုံနေပြီး ကုန်စီးဆင်းမှု ကြန့်ကြာသဖြင့် မိုးရာသီတွင် ကုန်ဈေးနှုန်းမြင့်တက်မှုကိုနှစ်စဉ်ကြုံတွေ့ရကြောင်း ဒေသခံများထံမှ သိရှိရသည်။

၉ မိုင်ရှည်လျားသော ချောင်းသာရွှေသောင်ယံ ကမ်းခြေလမ်း လမ်းအမှတ် (၁) မှာ မိုးအခါတွင် အသုံးပြု၍မရကြောင်း၊ ခရီးအရှည် ၉ မိုင်ရှိ ချောင်းသာ၊ ရွှေသောင်ယံ၊ မကျီးကားလမ်း လမ်းအမှတ်(၂)မှာလည်း ချောင်းသာမှအထွက် မေဖလားဝါး ဟိုတယ်အနောက်ဘက်တွင်လည်းကောင်း ကျောက်မောင်နှမ အဆင်းတွင် နှစ်မိုင်ခန့် ပျက်စီးနေကြောင်း၊ လမ်းအမှတ် (၃) ဖြစ်သည့် ၇မိုင်ခန့်ရှည်သော ဆိပ်ကြီး -ရွှေသောင်ယံ - မကျီးကားလမ်းမှာ ပြီးခဲ့သောနှစ်က ဖောက်လုပ်ထားသော မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် သွားလာ၍မရကြောင်း ရွှေသောင်ယံကမ်းခြေမြို့အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးဝင်း က ပြောကြားသည်။

"မိုးအခါ ဗွက်အိုင်တွေနဲ့ နွေအခါဖုန်တထောင်းထောင်းနဲ့ကမ်းခြေအပန်းဖြေစခန်းမြို့ဖြစ်တာကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းအောင် လုပ်ပေးစေချင်ပါတယ်၊ တာဝန်ရှိသူတွေကို တင်ပြထားပါတယ်၊ ဒါပေမဲ့ ဖြစ်မလာသေးဘူး"ဟု ၎င်းက ရှင်းပြသည်။

ပုသိမ်မှ မကျီးအထိ မိုင် ၅၀ ရှိပြီး ရာသီဥတုမကောင်းသော်လည်း လမ်းကောင်းပါက နေ့ချင်းပြန်နိုင်ကြောင်း လမ်းမကောင်းသည့်အခါတွင် အသွားအပြန် ၅ရက်ခန့်ကြာသဖြင့် မိုးတွင်းကာလတွင် တစ်လလျှင် ၃ ခေါက်သာသွားနိုင်ကြောင်း၊ သွားလာရေးအတွက် အချိန်ပေးရသဖြင့် ဆန်တစ်အိတ်လျှင် ကျပ်၁၀၀၀ မှ ၁၅၀၀ ကျပ်အထိ တိုးယူကြောင်း၊ လမ်းခရီးသွားလာရာတွင် အသက်အန္တရာယ်ရှိသဖြင့် ရာသီဥတုကောင်းပြီး မြေသားမာလာချိန်ကို စောင့်ဆိုင်းကာ သွားလာနေရကြောင်း ယင်းဒေသသို့ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သည့် ဦးကျော်မြင့်က ပြောကြားသည်။

ယင်းလမ်းများမှာ ရွှေသောင်ယံမြို့စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သော လမ်းဖြစ်သော်လည်း လမ်းတစ်ခုလုံး ပြုပြင်ရန် ငွေကြေးမလုံလောက်ကြောင်း၊ ယခုနှစ် ပွင့်လင်းရာသီတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးငွေဖြင့် လမ်းများကောင်းမွန်ရန်အတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

အဆိုပါ ကားလမ်းသုံးလမ်းမှာ ဧရာဝတီတိုင်းဒေသကြီး မြို့တော်ပုသိမ်မြို့မှ ချောင်းသာ၊ ရွှေသောင်ယံမြို့များနှင့် ကျေးရွာပေါင်း ၂၀ကျော်ကိုဖြတ်သန်းကာ သဲကုန်းကျေးရွာတွင် ပေါင်းဆုံပြီး သာပေါင်းမြို့နယ် ဘောမိကျေးရွာအထိ ရောက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးရှိ ပင်လယ်ကမ်းရိုးတန်းပတ် လမ်းမကြီးဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနရုံးထံမှ သိရှိရသည်။ ■

# တိုက်ကြီးမြို့ဖလုံကျေးရွာ ဒုံးခိုက်တံတားအနီး လူငယ်တစ်ဦး သေဆုံး

**တိုက်ကြီး ၊ ဩဂုတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံဘူတာ ကျေးရွာအုပ်စု ဒုံးခိုက်ကျေးရွာ ရန်ကုန်- ပြည်မီးရထားလမ်း ဒုံးခိုက်တံတား ချောင်းစပ်တွင် အသက် ၂၃နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း တိုက်ကြီးမြို့မ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သေဆုံးသူမှာ ဘယ်လက်မောင်းနှင့် ညာလက်မောင်းများတွင် ဆေးမင်ကြောင်ထိုးထားကြောင်း၊ အဆိုပါတံတားအနီးရှိ ကျေးရွာများတွင် သေဆုံးသူ၏ ဓာတ်ပုံကို ဖြန့်ဝေထားကြောင်း၊ ယင်းသေဆုံးမှုကို တိုက်ကြီးမြို့မ ရဲစခန်းတွင် သေမှုသေခင်း ဖွင့်လှစ်ကာ စစ်ဆေးနေကြောင်း ဖလုံဘူတာကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအေးသွင်က ရှင်းပြသည်။ ■

# တောင်ငူတွင် စည်ပင်ကော်မတီ ရွေးချယ်ရန် တိုင်းအစိုးရက မညွှန်ကြားသေး ဟုဆို

**တောင်ငူ၊ ဩဂုတ် ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်မြို့ကြီးများတွင် ဩဂုတ်လ ပထမပတ်မှ စတင်ကာ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ကော်မတီဝင်များကို အသစ်ပြန်လည် ရွေးချယ်နေသော်လည်း ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း တောင်ငူမြို့နယ်တွင် စည်ပင်သာယာရေး ကော်မတီဝင်များ ရွေးချယ်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က မညွှန်ကြားသေးကြောင်း တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက ပြောကြားသည်။

တိုင်းနှင့်ပြည်နယ် အသီးသီးတွင် ၂၀၁၃ ခုနှစ်ခန့်မှစတင်ကာ မြို့နယ် စည်ပင်သာယာရေးကော်မတီကို အရပ်သား ၅ ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများထဲမှ ၄ ဦး စုစုပေါင်း ၉ ဦးဖြင့် စတင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ မြို့နယ်အလိုက်စည်ပင်သာယာရေး လုပ်ငန်းများနှင့် သက်ဆိုင်သော လုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်း လုပ်ကိုင်နိုင်ရန် ညွှန်ကြားထားသော်လည်း လက်တွေ့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုံးဖြတ်လုပ်ကိုင်သည်ကို လက်မှတ်ထိုးပေးနေရသကဲ့သို့ပင် ဖြစ်နေကြောင်း တောင်ငူမြို့မိမြို့ဖတစ်ဦးက သုံးသပ်သည်။

ယင်းကော်မတီကို ဖွဲ့စည်းထားသည်မှာ သုံးနှစ်ပြည့်တော့မည် ဖြစ်သော်လည်း မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ညှိနှိုင်းဖြေရှင်းပေးရသည့် အနေအထားထက်ပို၍ လုပ်ပိုင်ခွင့်မရှိကြောင်း တောင်ငူမြို့ခံ အရပ်ဘက်အဖွဲ့အစည်းအချို့က ပြောဆိုသည်။

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် သုံးနှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သည့်ကာလမှာ အတိုင်းအတာတစ်ခုအထိ ကျေနပ်ကြောင်း ဥက္ကဋ္ဌ ဦးရဲဝင်းက ပြောကြားသည်။

တောင်ငူမြို့နယ် ရပ်ကွက်ကျေးရွာပေါင်း ၂၆ ခုတွင် လူဦးရေ လေးသိန်းနီးပါးရှိပြီး ရပ်ကွက်၊ ကျေးရွာများအလိုက် အထောက်အကူပြု ကော်မတီဖွဲ့စည်းမှုမှ အစ မြို့နယ်အဆင့် နေရာများတွင်ပင် အုပ်ချုပ်ရေး အသိုင်းအဝိုင်းနှင့် အဆင်ပြေသူများကိုသာ နေရာပေးကြောင်း၊ ဒေသကောင်းကျိုးထက် အုပ်ချုပ်ရေးပိုင်းကို အကာအကွယ်ပေးနိုင်သော အဖွဲ့အစည်းကဲ့သို့ ဖြစ်နေခြင်းကြောင့် အသစ်ပြန်လည် ရွေးချယ်မည်ဆိုပါက ၁၈ နှစ်ပြည့်ပြီးသူ မည်သူမဆို ဆန္ဒမဲပေးသော ပုံစံဖြင့်သာ ရွေးချယ်တင်မြှောက်စေလိုကြောင်း တောင်ငူမြို့ခံအချို့က ပြောကြားသည်။ ■

# ရွာသုသာန်မြေဟောင်းပေါ်တွင် ကျေးရွာအုပ်ချုပ်ရေးမှူး ရော်ဘာစိုက်မှုကို တိုင်ကြား

**ဘားအံ ၊ ဩဂုတ် ၃၀**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ နောင်ထလုံးကျေးရွာရှိသုသာန်မြေဟောင်း ၂၃သမ ၃၅ ဧကမြေနေရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးက ရော်ဘာ စိုက်ပျိုးထားမှုကို စစ်ဆေးဆောင်ရွက်ပေးရန် ကျေးရွာနေသူများက ပြည်နယ်ဝန်ကြီးချုပ် အပါအဝင် သက်ဆိုင်ရာဌာနများထံ လက်မှတ်ရေးထိုး တိုင်ကြားထားကြောင်း ဒေသခံများထံမှ သိရှိရသည်။

ရွာအနီးအနားရှိ တောများကို ၁၉၉၇-၁၉၉၈ ခုနှစ်က ဗိုလ်မှူး သန်းထွန်း၏ အမိန့်ဖြင့် ကော့သန်ခါ ကျေးရွာအုပ်ချုပ်ရေးမှူး (ဥက္ကဋ္ဌ)က လာရောက် ခုတ်နှံမှုများကြောင့် သစ်တောပြုန်းတီးမှုကို ကာကွယ်ရန် ရွာသူရွာသားများက သုသာန်ကို ပြောင်းရွှေ့ခဲ့ကြောင်း နောင်ထလုံးရွာသား ဦးစောမြသင်းက ဆိုသည်။

"၂၀၁၃ ခုနှစ်မှာ ရွာအုပ်ချုပ်ရေးမှူးက ရွာသူရွာသားတွေကိုအသိမပေးဘဲ ရော်ဘာစိုက်လိုက်တယ်၊ ရွာသားတွေက သွားမေးတော့ အုပ်ချုပ်ရေးမှူးက ထွေ/အုပ်သိမ်းမှာစိုးလို့ စိုက်ထားတာလို့ ပြန်ပြောတယ်၊ နောက်ပိုင်းကျတော့ သူတို့ အပိုင်မြေပါဆိုပြီးလုပ်သွားတယ်" ဟု ၎င်းက ပြောကြားသည်။

သုသာန်မြေမှာ ကျေးရွာပိုင်မြေအဖြစ် ဆက်လက်ထားရှိပြီး ကျေးရွာအတွက် လိုအပ်လာပါက ကျေးလက်ကျန်းမာရေးဌာန၊ ကျောင်းအဆောက်အအုံများ ဆောက်လုပ်ရန် ရည်ရွယ်ခဲ့သောကြောင့် ကျေးရွာသူ၊ ကျေးရွာသား ၈၀ က စုပေါင်းလက်မှတ်ရေးထိုးကာ ယခုနှစ် ဇွန်လက တိုင်ကြားခဲ့ရာ ခြိမ်းခြောက်ခံရမှုများလည်း ကြုံတွေ့ရကြောင်း ဒေသခံ ဦးကွန်ပက ပြောကြားသည်။

"၂၀၀၉ ခုနှစ် ကစပြီးတော့ ပြည်နယ်မင်းကြီး ဦးမောင်မောင်က ပေးထားတာ၊ စာကျက်မြေ ပယ်ဖျက်တယ်ဆိုပြီး ပေးထားတာပါ။ အဲ့ဒီကတည်းက ရော်ဘာစိုက်တာ၊ ရွာသားတွေတိုင်ထားတယ် ဆိုတာကြားပါတယ်၊ အထက်က စိစစ်ချက်ကို စောင့်နေပါတယ်" ဟု နောင်ထလုံးကျေးရွာအုပ်ချုပ်ရေးမှူး၏ ဇနီးဒေါ်ခင်မေသန်းက ပြောဆိုသည်။

အဆိုပါ တိုင်ကြားမှုကြောင့် ဒေသခံ ၅၃ဦးကို သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးခဲ့ပြီး ဌာနဆိုင်ရာ အဆင့်ဆင့်ကိုတင်ပြထားကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၏ မှတ်ချက်ကို စောင့်နေကြောင်း ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ် ဒုဦးစီးမှူး ဦးတင်မိုးသာက ပြောကြားသည်။ ■

# ထိုင်းနိုင်ငံသို့ တရားမဝင် ပို့ဆောင်ခံရသည့် မြန်မာလုပ်သား ၁၀ ဦးကို နေရပ်ပြန်ပို့

**မြဝတီ၊ ဩဂုတ် ၃၀**

ထိုင်းနိုင်ငံသို့ တရားမဝင်နည်းလမ်းဖြင့် ပို့ဆောင်ခြင်းခံခဲ့ရသည့် မြန်မာလုပ်သား ၁၀ ဦး ဩဂုတ်လ ၂၈ ရက်နေ့က မြဝတီနယ်စပ်သို့ ရောက်ရှိလာသောကြောင့် နေရပ်ပြန်ပို့ပေးခဲ့ရကြောင်း မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး လယ်ဝေးမြို့နယ် ပင်လောင်းကျေးရွာအုပ်စု ကျောက်အိုရွာမှ လုပ်သား ၁၀ ဦးသည် ထိုင်းနိုင်ငံသို့ တရားမဝင် ပို့ဆောင်ခံရပြီးနောက် ပြန်လည်ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် အလုပ်အကိုင်ရမည်ဟုဆိုကာ ခေါ်ဆောင်ခဲ့သည့်ပွဲစားကို ကျပ်ကိုးသိန်းပေးခဲ့ရသော်လည်း အလုပ်အကိုင်မရဘဲ ပြန်လာခဲ့ရကြောင်း ကျောက်အိုကျေးရွာဒေသခံ ဦးချစ်စမ်းအောင်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး တပ်ကုန်းမြို့ ဆရာစံရပ်ကွက်တွင်နေထိုင်သည့် မျိုးဇော်ဆိုသူက ထိုင်းနိုင်ငံ လရောင်းမြို့ရှိ ငါးသေတ္တာစက်ရုံ၌ အလုပ်ရမည်ဆိုကာ တစ်ဦးလျှင် မြန်မာငွေ ကျပ်ကိုးသိန်းဖြင့် ဇူလိုင်လ ၃ ရက်နေ့က ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း ကျောက်အိုဒေသခံ အလုပ်သမားများထံမှ သိရသည်။

"ကျွန်တော်တို့အဖွဲ့ (အမျိုးသားသုံးဦး၊ အမျိုးသမီး ခုနစ်ဦး) ကို မျိုးဇော်က လယ်ဝေးကနေ ကားနဲ့ခေါ်လာတယ်။ ကော့ကရိတ်ရောက်တော့ အခြေအနေမကောင်းဘူးဆိုပြီး မော်လမြိုင်ဘက်ကို လမ်းကြောင်းပြောင်းပြီး ခေါ်တယ်။ အဲဒီကနေ ထားဝယ်-ထီးခီးလမ်းကနေ ထိုင်းနိုင်ငံ လရောင်းမြို့ကို ရောက်တာ။ ငါးသေတ္တာစက်ရုံမှာ ရှစ်ရက်ပဲ လုပ်ရသေးတယ်။ ထိုင်းရဲက တရားမဝင်လုပ်သားတွေဆိုပြီး ဖမ်းသွားတာ" ဟု ဦးချစ်စမ်းအောင်က ရှင်းပြသည်။

မဲဆောက်မြို့ရှိ ထိုင်းလူဝင်မှုကြီးကြပ်ရေးအချုပ်ခန်းမှတစ်ဆင့် ထိုင်းအာဏာပိုင်များက မြဝတီမြို့အမှတ် (၅) ရပ်ကွက်ရှိ ၉၉၉ ဂိတ်ဟောင်းသို့ ပို့ဆောင်ပေးခဲ့သောကြောင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များက မြန်မာလုပ်သားများ နေရပ်ပြန်နိုင်ရန် စီစဉ်ပေးခဲ့ကြောင်း မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။ ■

The VOICE Daily

CARTOON





ဓာတ်ပုံ – ဉာဏ်စိုးဝင်း

# ကဗျာဝကမ်းခြေ ဟိုတယ်ဇုန်စီမံကိန်း သတင်းကြောင့် မြေနေရာများ အငြင်းပွားမှုဖြစ်

**ရေး၊ ဩဂုတ် ၃၀**

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ချောင်ဇုန် မြို့နယ်ခွဲ၊ ကဗျာကျေးရွာအုပ်စုရှိ ကဗျာဝကမ်းခြေတွင် ဟိုတယ်ဇုန်စီမံကိန်းပြုလုပ်မည်ဆိုသော သတင်းများ ထွက်ပေါ်လာမှုကြောင့် နှစ်ရှည်ကြာနေထိုင်သူများ၏ ခြံကွက်များတွင် မြေပိုင်ရှင်အသစ်များ ပေါ်ပေါက်လာပြီး မြေအငြင်းပွားမှုများ ဖြစ်ပေါ်နေကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

ယင်းကမ်းခြေတွင် ဟိုတယ် စီမံကိန်းဆောင်ရွက်ရန် အစီအစဉ်များရှိကြောင်း ယခင် အစိုးရလက်ထက်က ပြောဆိုမှုများရှိပြီးနောက် ယင်းကမ်းခြေမြေနေရာတွင် ဝယ်ယူသူများပြားနေကြောင်း ဒေသခံများက ပြောကြားသည်။

ယခင်က ကဗျာဝကမ်းခြေမှာ နယ်မြေမငြိမ်းချမ်းမှုများကြောင့် အလျားပေ ၄၀၊ အနံ ပေ ၆၀ ရှိ မြေကွက်တစ်ကွက်လျှင် ငွေကျပ်သောင်းဂဏန်းသာ ရှိခဲ့သော်လည်း ယခုအခါတွင် မြေတစ်ကွက်လျှင် ကျပ်သိန်း ၃၀၀ မှ သိန်းထောင်ကျော်အထိ ဈေးနှုန်းမြင့်တက်လာပြီး မြေပိုင်ဆိုင်မှုများ အငြင်းပွားနေကြောင်း ကဗျာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဟောင်း ဦးအောင်ဆန်းက ရှင်းပြသည်။

ကဗျာဝကမ်းခြေ ဘေးကပ်လျက်နေထိုင်သူ ၈ဦး၏ နေအိမ်နောက်ခြံကွက်များမှာ အခြားသူနှစ်ဦး၏ မိဘပိုင် ခြံကွက်များ ဖြစ်သည်ဟုဆိုကာ မိဘပိုင်ခြံကွက် ပြန်လည်ရရှိရေးအတွက် အုပ်ချုပ်ရေးမှူးထံ တိုင်ကြားထားကြောင်း ၎င်းတို့ထံမှ သိရှိရသည်။

တိုင်ကြားခံထားရသူ ရှစ်ဦးက ယင်းမြေနေရာကို မြေပိုင်ရှင် ဒေါ်မီးထံမှ ဝယ်ယူနေထိုင်ခဲ့သည်မှာ ၃၅နှစ်ကျော်ပြီဖြစ်ကြောင်း၊ ဝယ်ခဲ့သောစာချုပ်မှာ မွန်လက်နက်ကိုင်၏ တံဆိပ်များပါသောကြောင့် တပ်မတော်ဝင်လာပါက ယင်းတံဆိပ်များကို တွေ့ရှိလျှင် ဖမ်းဆီးခံရမည်ကို စိုးရိမ်သောကြောင့် မီးရှို့လိုက်ပြီဖြစ်ကြောင်း တိုင်ကြားခံရသူ ရှစ်ဦးအနက် တစ်ဦး အပါအဝင် ဖြစ်သော ဒေါ်မနေက ပြောကြားသည်။

ကဗျာဝကမ်းခြေဘေး နေထိုင်သော ရွာသားများ၏ နေအိမ်အနောက်ဘက် ကမ်းခြေနှင့်ကပ်လျက်ခြံမြေမှာ နေထိုင်သူများဘက်မှ ပိုင်ဆိုင်မှုအထောက်အထား မပြသနိုင်ခြင်း၊ အဆောက်အအုံနှင့် လုပ်ငန်းများ မရှိခြင်းတို့ကြောင့် တိုင်ကြားသူနှစ်ဦးကို ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ကြောင်း ရေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးက အကြောင်းကြားစာကို ကဗျာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးထံ ဇူလိုင်လက ပေးပို့ခဲ့သည်။

ဘိုးဘွားပိုင် မြေနေရာဖြစ်ကြောင်း ပြောဆို သူနှစ်ဦးမှာလည်း မြေပိုင်ဆိုင်မှု အထောက်အထား ပြသခြင်းမရှိဘဲ နှုတ်ဖြင့် ပြောဆိုရုံဖြင့် နေထိုင်သူများ၏မြေကို တစ်ဝက်ပေးရန် ဆုံးဖြတ်လိုက်ခြင်းမှာ တရားမျှတမှု မရှိကြောင်း ဦးအောင်ဆန်းက ပြောဆိုသည်။ ■

# တောင်တွင်းကြီး ချောင်းကမ်းပါးပြိုကျမှုကြောင့် ပျောက်ဆုံးနေသူ၏ အလောင်း ရှာတွေ့

**တောင်တွင်းကြီး၊ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း ဩဂုတ်လ ၂၈ ရက်နေ့ညနေပိုင်းက တောင်ကျချောင်းကမ်းပါးပြိုကျမှုကြောင့် ရေစီးနှင့်အတူ မျောပါပျောက်ဆုံးခဲ့သူ၏အလောင်းကို ရှာတွေ့ပြီဖြစ်ကြောင်း ယင်းမြို့နယ် စိတ္တသုခလူမှုကူညီရေးအသင်းထံမှ သိရသည်။

တောင်တွင်းကြီးမြို့နယ် ငမင်းကျေးရွာအုပ်စု ချိုင်းကျေးရွာမှ အသက် ၅၂ နှစ်အရွယ်ရှိ ဦးတင်မြင့်သည် ၎င်းပိုင်သည့် ယာခင်းမှအပြန်တွင် တောင်ကျချောင်းရေနှင့်အတူ မျောပါခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်း၏အလောင်းကို ဩဂုတ်လ ၂၉ ရက်နေ့ မွန်းလွဲ ၃ နာရီအချိန်ခန့်က မြို့သစ်မြို့နယ် ဖလံတိုင်းကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာအနီးတွင် ရှာတွေ့ခဲ့ခြင်းဖြစ်ကြောင်း ချိုင်းကျေးရွာ ဒေသခံအချို့က ပြောဆိုသည်။

ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီခွဲခန့်အချိန်ကလည်း အမှတ် (၁၅၉) ပိတ်ဆွယ်ခုံ အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြကျောင်း ဆရာမတစ်ဦး ငမင်းချောင်းကိုဖြတ်ကူးနေစဉ် တောင်ကျရေများကြောင့် ရေစီးနှင့်အတူမျောပါ သေဆုံးခဲ့ရသည်။ ■

# စင်ကာပူနိုင်ငံကဲ့သို့ ဖွံ့ဖြိုးစေရန် မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေး တင်းကျပ်စွာကိုင်တွယ်သင့်ဟုဆို

**စစ်တွေ၊ ဩဂုတ် ၃၀**

ရခိုင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံအနေနှင့် စင်ကာပူနိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေးကဏ္ဍကို အလေးထားဆောင်ရွက်ရန် လိုအပ်နေပြီး တရားဥပဒေစိုးမိုးရေးကိုလည်း တင်းကျပ်စွာကိုင်တွယ်သင့်ကြောင်း ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ ဩဂုတ်လ ၂၉ ရက်နေ့ကပြုလုပ်သည့် စင်ကာပူနိုင်ငံလေ့လာရေးခရီးစဉ်အကြောင်း ရှင်းလင်းပွဲတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

"အဓိက က စည်းကမ်းကို သေချာ တင်းကျပ်ပြီး လူမှုအသိုင်းအဝိုင်းကို အောင်မြင်အောင် ကြိုးစားပြီးလုပ်တယ်။ သူတို့ဆီမှာလည်း ပဋိပက္ခတွေ ဖြစ်ခဲ့တာပဲ။ ဒါပေမဲ့ ဥပဒေနဲ့တင်းတင်းကျပ်ကျပ် ထိန်းတယ်။ တရားဥပဒေစိုးမိုးရေးက အဓိကကျပါတယ်" ဟု လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောဆိုသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဝန်ကြီးသုံးဦး၏ စင်ကာပူနိုင်ငံ လေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအပါအဝင် လူ ၅၀ ခန့်က ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း၌ ပညာရေး ဆုံးခန်းတိုင်အောင် သင်ကြားသည့် ကလေးအရေအတွက် နည်းပါးနေပြီး ပညာရေး မပြီးဆုံးသည့် ယင်းကလေးများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာဆက်သင်နိုင်ရေးအတွက် အစီအမံများချမှတ်၍ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးက ပြောကြားသည်။

"စင်ကာပူနိုင်ငံမှာက လူဦးရေကို လူမှုရေးအသိုင်းအဝိုင်းတွေနဲ့ထိန်းတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက တရုတ်က ၇၅ ရာခိုင်နှုန်း၊ မလေးက ၁၃ ရာခိုင်နှုန်း၊ အိန္ဒိယက ၁၀ ရာခိုင်နှုန်းလောက်နဲ့အခြားနိုင်ငံသားတွေပေါ့။ အခုလည်း အဲဒီအချိုးအတိုင်းပဲ။ တိုးလာတာမရှိဘူး။ ဒါကြောင့် လူမှုအသိုင်းအဝိုင်း တည်ငြိမ်နေတာ" ဟုလူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာက ထပ်လောင်းပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရသစ်အနေနှင့် ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ အစိုးရဝန်ထမ်းများအတွက် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းတွေအပါအဝင် ပညာရေးနှင့် ကျန်းမာရေးကဲ့သို့ သောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အလေးထား ဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်က ပြောဆိုသည်။ ■

# ဝေါမြို့နယ်တွင်လယ်မြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားမှု သုံးခုသာ ခွင့်ပြု ဟုဆို

**တောင်ငူ၊ ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ်တွင် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားမှု ၄၂ မှုအနက် ဥပဒေနှင့်အညီ လယ်မြေများကို အခြားနည်းဖြင့်အသုံးပြုရန် သုံးခုသာ ခွင့်ပြုထားကြောင်း စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းထွန်းက ပြောကြားသည်။

ဩဂုတ်လ ၂၉ ရက်နေ့က ကျင်းပသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးတွင် ဝေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးကမေးမြန်းသော မြေယာဥပဒေကို ဖောက်ဖျက်ပြီး ကိုယ်ကျိုးစီးပွားတစ်ခုတည်းအတွက် ဆောင်ရွက်နေမှုများကို မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်မည်နည်းဟူသော မေးမြန်းမှုကို ဒုတိယ ဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့သည်။

လယ်ယာမြေစီမံခန့်ခွဲမှု ဗဟိုသို့ လယ်မြေကိုအခြားနည်းဖြင့် သုံးစွဲခွင့်ပြုရန် ဝေါမြို့နယ်မှ လျှောက်ထားသည့် အမှုတွဲ ၄၂ မှုအနက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(က)အရ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေ အခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့် ပုံစံ (၁၅) ချပေးခဲ့သည့် လုပ်ငန်းသုံးခုမှာ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန် ထားသည်။

လယ်မြေကို အခြားနည်းဖြင့် အသုံးချခွင့်ပြုထားသည့် လုပ်ငန်းများမှာ ဝေါမြို့နယ်၊ ကျိုက်လှကျေးရွာအုပ်စုရှိ လယ်မြေ ၂၂ ဒသမ ၀၃ ဧက မှိုကတုံးကျေးရွာအုပ်စုရှိ လယ်မြေ ၀ ဒသမ ၇၁ ဧက၊ အရှေ့ဘက်ကမ်း ကျေးရွာအုပ်စုရှိ လယ်မြေ ၂ ဒသမ ၅၀ ဧကတို့ကို စက်မှုလုပ်ငန်း၊ စက်သုံးဆီအရောင်းဆိုင်နှင့် ဈေးဆိုင်များအဖြစ် ၂၀၁၅ ခုနှစ် စက်တင်ဘာလနှင့် ၂၀၁၆ ခုနှစ် မတ်လများက ခွင့်ပြုမိန့်ထုတ်ပေးခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လုပ်ငန်း လျှောက်ထားသည့် အမှုတွဲ ၄၂ ခုအနက် ကျန်ရှိသော အမှုတွဲ ၃၉ ခုတွင် လျှောက်ထားဆဲအမှု ၂၃ မှု၊ လယ်မြေဧရိယာ ၆၈ ဒသမ ၃ ဧကကို မြေပုံရေးကူးခွင့်ပြုထားပြီး ကျန်ရှိသည့် အမှုတွဲ ၁၆ ခုကို စည်းကမ်းချက်နှင့် မညီသဖြင့် ဝေါမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီမှ တားမြစ်ထားကြောင်း ယင်းကော်မတီထံမှ စုံစမ်းသိရှိရသည်။

"လယ်မြေကို လယ်မလုပ်ဘဲ ကျောက်တိုင်တွေစိုက်ပြီး ခြံစည်းရိုးကာတာ၊ ကန်တူးတာတွေ၊ စားသောက်ဆိုင် လုပ်တာမျိုးတွေကို တားမြစ်စာပေးပို့ထားတာပါ" ဟု ဝေါမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက ပြောကြားသည်။

နိုင်ငံအနှံ့အပြားရှိ ရထားလမ်းဘေး ကားလမ်းဘေးဝဲယာ တစ်လျှောက်တွင် လယ်မြေများကို ခြံစည်းရိုးကာရံကာ အဆင့်ဆင့် လက်လွှဲရောင်းချမှုများ လုပ်ဆောင်နေသည်ကို တွေ့ရကြောင်း၊ ဌာနဆိုင်များပါ ပါဝင်ပတ်သက်သည်ကို တွေ့ရပြီး ယင်းအပေါ် လျစ်လျူရှုထားသကဲ့သို့ ဖြစ်ပေါ်နေကြောင်း ဝေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးက အဆိုတင်သွင်းမေးမြန်းမှုတွင် ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း (၄) ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ) တွင် လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခွင့်မပြုရဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (ဈ) အရ လယ်ယာမြေကို လယ်ယာစိုက်ပျိုးခြင်း မပြုလုပ်ဘဲ ချန်ထားမည်ဆိုပါက ခိုင်လုံသည့် အထောက်အထားများနှင့် သက်ဆိုင်ရာကို တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာလျှင် လုပ်ဆောင်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ■



ဓာတ်ပုံ – ဖိုးသီဟ

ငလျင်ဒဏ်ကြောင့် မြောက်ဦးယဉ်ကျေးမှုဇုန်ရှိ ပြိုကျပျက်စီးသွားသော ဘုရားတစ်ဆူကို တွေ့ရစဉ်

# မြောက်ဦး ယဉ်ကျေးမှုဇုန်ရှိစေတီပုထိုးများအချိန်မီ ပြုပြင်ထိန်းသိမ်းရန်လိုဟုဆို

**မြောက်ဦး၊ ဩဂုတ် ၃၀**

ချောက်မြို့ကို ဗဟိုပြု၍ ဩဂုတ်လ ၂၄ ရက်နေ့က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ရခိုင်ပြည်နယ် မြောက်ဦး ယဉ်ကျေးမှုဇုန်အတွင်းရှိ စေတီပုထိုးလေးဆူ ထိခိုက်ပျက်စီးခဲ့ရာ ကျန်ရှိနေသည့် စေတီပုထိုးများကို အချိန်မီ ထိန်းသိမ်းပြုပြင်ရန် လိုအပ်နေကြောင်း မြောက်ဦးမြို့နယ် ရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းက ပြောကြားသည်။

"ပျက်စီးသွားတာက မာရ်ငါးပါးထဲက ရတနာ့မာရ်အောင်စေတီ ထီးတော်မြေခတယ်၊ ရတနာပုံစေတီ ထိခိုက်တယ်၊ ကိုးသောင်းပုထိုးမှာ အသစ်လုပ်ထားတဲ့ နေရာတွေက ကွဲအက်တယ်၊ နဖူးသင်းကျစ်တော်စေတီ ငုက်ပျောဖူးကျိုးတယ်၊ ပျက်စီးတာတွေကို ဒီအတိုင်းထားရင် ပိုပြီး ပျက်စီးသွားမှာစိုးရတယ်။ မပျက်စီးဘဲ ကျန်ခဲ့တဲ့စေတီတွေကိုလည်းအချိန်မီ ထိန်းသိမ်းဖို့လိုတယ်။ ကုန်ကျမယ့်ခန့်မှန်းငွေကိုတော့ ပြည်နယ်အစိုးရဆီ တင်ထားတယ်" ဟု ၎င်းကဆိုသည်။

မာန်ငါးပါးစေတီများအနက် ဇိနမာန်အောင်၊ သကျမာရ်အောင်၊ မင်္ဂလာမာန်အောင်စေတီတို့မှာ ဩဂုတ်လ ၂၄ ရက်နေ့က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ကြီးကြီးမားမားမရှိသော်လည်း ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းရန်လိုအပ်နေကြောင်း မြောက်ဦးမြို့ခံများထံမှ သိရသည်။

ငလျင်ဒဏ်ကြောင့် မြောက်ဦးမြို့ရှိ ရတနာမာရ်အောင်စေတီ၊ ရတနာပုံစေတီနှင့် ကိုးသောင်းပုထိုးတော်များ၏ အပေါ်ပိုင်းမှ ကျောက်တုံးများ ပြုတ်ကျခြင်း၊ ထီးတော်များ ကျိုးကျပျက်စီးခြင်းနှင့်အတူ ပေါ်တူဂီကုန်တိုက်သည်လည်း လုံးဝ ပျက်စီးသွားကြောင်း ပြည်နယ်အစိုးရက ထုတ်ပြန်ထားသည်။

မြောက်ဦးမြို့နယ်အတွင်း ပြိုပျက်သွားသည့် စေတီပုထိုးများနှင့် အဆောက်အအုံများကိုထိန်းသိမ်းရန် လက်ရှိအချိန်၌ လူမှုအသင်းအဖွဲ့ပေါင်းစုံ ပါဝင်သော ရှေးဟောင်းအဆောက်အအုံ များ ပြုပြင်ထိန်းသိမ်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းထားကြောင်း မြောက်ဦးမြို့နယ် ရှေးဟောင်း ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။ ■

## မရီးဖြစ်သူ လည်ပင်းညှစ် သတ်ခဲ့သူဟုဆိုသော အမျိုးသားကို မော်လမြိုင်တွင် ဖမ်းမိ

**ရန်ကုန် ဩဂုတ် ၃၀**

ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဉသဖရားလမ်းရှိ နှစ်ထပ်တိုက် လုံးချင်းနေအိမ်တွင် မိသားစုဝင်သုံးဦးကို လည်ပင်းညှစ်ရိုက်နှက်ခဲ့ရာမှ မရီးဖြစ်သူ သေဆုံးခဲ့မှုတွင် ထွက်ပြေးတိမ်းရှောင်နေသော အသက် ၃၀ အရွယ်အမျိုးသားကို ဩဂုတ်လ ၂၉ ရက် ည ၉ နာရီခွဲက မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါဖမ်းမိခဲ့သော အောင်ဇင်ဗိုလ် (ခ) ဇင်ဗိုလ်မှာ ဩဂုတ်လ ၂၉ ရက် နံနက် ၁ နာရီခွဲက အစ်ကိုဝမ်းကွဲ၏ဇနီး နေထိုင်သော ဉသဖရားလမ်းရှိ နေအိမ်အတွင်း ဝင်ရောက်ပြီး မိသားစုဝင်သုံးဦးကို ရိုက်နှက်လည်ပင်းညှစ်ခဲ့သောကြောင့် အသက် ၄၁ နှစ်အရွယ်ရှိ အိမ်ရှင်အမျိုးသမီး ဒေါ်ခင်မာလာမှာ သေဆုံးခဲ့ပြီး ၎င်း၏ကလေး နှစ်ဦးဖြစ်သော ၉ နှစ်အရွယ် သမီးနှင့် ၆ နှစ်အရွယ် သားတို့မှာ သတိမေ့မြောခဲ့သောကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ခဲ့ရကြောင်း ဗဟန်းမြို့မရဲစခန်းမှ ရဲအရာရှိက ပြောကြားသည်။

"ထွက်ပြေးတိမ်းရှောင်နေသူရဲ့ ဓာတ်ပုံနဲ့ ရုပ်ချင်းဆင်တူတဲ့ အမျိုးသားကို မော်လမြိုင်မြို့နယ် ဒိုင်းဝန်းကွင်း နယ်မြေလှည့်ကင်းအဖွဲ့က တွေ့ရှိခဲ့ပြီး ခေါ်စစ်ဆေးရာက သူ့ကို ဖမ်းဆီးနိုင်ခဲ့တာပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဖမ်းမိခဲ့သောအမျိုးသားမှာ ဧရာဝတီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်တွင်နေထိုင်သူဖြစ်ပြီး မူးယစ်ဆေး စွဲနေသောကြောင့် ဆေးဖြတ်ရန် ရန်ကုန်သို့ လာရောက်စဉ် ၎င်း၏အစ်ကိုဝမ်းကွဲတော်စပ်သူ၏ဇနီး နေထိုင်သောနေအိမ်အတွင်း ဝင်ရောက်ကာ မိသားစုဝင်သုံးဦးကို စိတ်ဖောက်ပြန်ပြီး ရိုက်နှက်လည်ပင်းညှစ်ခဲ့ကြောင်း အခင်းဖြစ်နေအိမ်အနီး နေထိုင်သူများထံမှ စုံစမ်းသိရှိရသည်။

"သေဆုံးသူအမျိုးသမီးရဲ့ခင်ပွန်းက ဂျပန်နိုင်ငံမှာ အလုပ်သွားလုပ်နေတယ်၊ မိသားစုကို ကူညီစောင့်ရှောက်ဖို့ အဒေါ်ဖြစ်သူကို အိမ်မှာ အတူနေထိုင်ခိုင်းခဲ့တယ်၊ အခင်းဖြစ်စဉ်ညက အော်ဟစ်ဆူညံသံတွေကို အိမ်အောက်ထပ်မှာနေတဲ့ အဒေါ်ဖြစ်သူက စကြားခဲ့ပြီး ပတ်ဝန်းကျင်က လူတွေခေါ်ပြီး အိမ်အပေါ်ထပ် တက်ကြည့်ခဲ့ရာက သေဆုံးသူရဲ့အခန်းဝမှာ အခုဖမ်းဆီးထားတဲ့အမျိုးသားကို တွေ့ခဲ့တာပါ၊ သူအိမ်အပြင်ဘက် ပြန်ထွက်သွားမှ သေဆုံးနေတဲ့ အိမ်ရှင်အမျိုးသမီးနဲ့ သတိလစ်နေတဲ့ ကလေးနှစ်ယောက် တွေ့ခဲ့တာလို့ အမှုဖွင့်တိုင်ကြားချက်အရ သိရတယ်" ဟု ဗဟန်းမြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

လူသတ်မှုဖြစ်ပွားပြီးနောက် ထွက်ပြေးတိမ်းရှောင်ခဲ့သော အမျိုးသားကို မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့ပြီး ဩဂုတ်လ ၃၀ ရက်နေ့က ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့ထံ ပြန်လည်လွှဲအပ်ရန် စီစဉ်ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။ ■

## လှိုင်သာယာတွင် စားသောက်ဆိုင်သို့ လာရောက်သူနှစ်ဦး ဓာတ်လိုက်သေဆုံး

**ရန်ကုန်၊ ဩဂုတ် ၃၀**

လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းကျေးရွာ၊ ကျန်စစ်သားလမ်းရှိစားသောက်ဆိုင်တွင် ဩဂုတ်လ ၂၉ ရက် ညနေ ၄ နာရီခွဲကဆိုင်သို့ လာရောက် စားသောက်သည့် အမျိုးသားနှစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ ဓာတ်လိုက်သေဆုံးသူ နှစ်ဦးမှာ ရွှေလင်ပန်းကျေးရွာတွင် နေထိုင်သော အသက် ၂၆ နှစ်အရွယ် ကိုဖြိုးဆွေနိုင်နှင့် အသက် ၃၃ နှစ်အရွယ် ဦးတင်မောင်ဝင်းတို့ဖြစ်ပြီး ယင်းနေ့က ကျန်စစ်သားလမ်းရှိ ဝင်းလက် စားသောက်ဆိုင်တွင် ၎င်းတို့နှစ်ဦးလာရောက် စားသောက်ခဲ့ကြောင်း လှိုင်သာယာမြို့မ ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဆိုင်အတွင်း စားသောက်အပြီး ၎င်းတို့နှစ်ဦးမှ ထပြန်စဉ် ဆိုင်အရှေ့အဖီထုတ်ထားသော အမိုး၌ တပ်ဆင်ထားသည့် မီးချောင်းရှိ ဝါယာကြိုးမှာ ပေါက်ပြဲနေပြီး လျှပ်စီးဝင်နေသည့် သံတိုင်ကို ကိုဖြိုးဆွေနိုင်က လက်ဖြင့် ကိုင်မိရာမှ ဓာတ်လိုက်ပြီး လဲကျခဲ့ကြောင်း၊ လဲကျနေသူကို ဦးတင်မောင်ဝင်းမှ ဝင်ရောက်ဆွဲထူခဲ့ရာမှ ဓာတ်လိုက်ပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

သေဆုံးသူ နှစ်ဦး၏ ရုပ်အလောင်းကို လှိုင်သာယာမြို့နယ်ဆေးရုံသို့ ပို့အပ်ပြီး သေမှုသေခင်း အမှတ်စဉ် ၅/ ၁၆ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း လှိုင်သာယာမြို့မ ရဲစခန်းထံမှ သိရှိရသည်။ ■

CARTOON




## မှုခင်းသတင်းတိုများ

■ သန်လျင်မြို့နယ်၊ အရှေ့ပိုင်းတက္ကသိုလ်(တာဝ)အနီးရှိ ရွှေရန်ကုန် ကားဂိတ်ဘေးတွင် ဩဂုတ်လ ၂၉ ရက် နံနက် ၁၀ နာရီခွဲက အသက် ၃၃ နှစ်အရွယ် ယာဉ်နောက်လိုက် အမျိုးသားတစ်ဦးမှာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ ပက်လက်အနေအထားဖြင့် သေဆုံးနေသောကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ်သိရှိရန် ရုပ်အလောင်းကို သန်လျင်ဆေးရုံသို့ ပို့အပ်စစ်ဆေးနေသည်။

■ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ လက်ပန်လမ်းနှင့် နန္ဒဝန်လမ်းထောင့်ရှိ နေ့ကလေးထိန်းဝင်းတွင် ဩဂုတ်လ ၂၉ ရက် နံနက် ၆ နာရီခွဲက အသက် ၃၉ နှစ်အရွယ် အနေးယာဉ်နင်းသူ အမျိုးသားတစ်ဦးမှာ အမြင့် ၇ ပေရှိ မာလာကာပင်ကိုင်းတွင် ကြိုးဆွဲချသေဆုံးနေသောကြောင့် စစ်ဆေးရာ သေဆုံးသူမှာ စီးပွားရေး အဆင်မပြေဘဲ အကြွေးများ ပြန်မဆပ်နိုင်သောကြောင့် စိတ်ဓာတ်ကျနေသူဖြစ်ကြောင်း ပတ်ဝန်းကျင်နေသူများထံမှ စုံစမ်း သိရှိရသည်။

■ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်လမ်းရှိ မင်းစေတီမှတ်တိုင်အနီးတွင် ဩဂုတ်လ ၂၉ ရက် မွန်းတည့် ၁၂ နာရီက အင်းစိန်မှ ရွှေပြည်သာဘက်သို့ မောင်းလာသည့် စူပါကာစတန် ယာဉ်တစ်စီးမှာ အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးတွင် အမှိုက်လှည်းတွန်းနေသူ အသက် ၂၈ နှစ်အရွယ် အမျိုးသား တစ်ဦးကို ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်တိုက်ခံရသူမှာ ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး အင်းစိန်ဆေးရုံသို့ တင်ပို့ထားခဲ့သည်။

■ တိုက်ကြီးမြို့နယ်၊ ရန်ကုန်-ပြည် ရထားလမ်းရှိ လမ်းတံတားအမှတ် ၁၃၈ တွင် ဩဂုတ်လ ၂၉ ရက် နံနက်ပိုင်းက အသက် ၃၅ နှစ်အရွယ် အမျိုးသား တစ်ဦး တံတားပေါ်မှ ပြုတ်ကျပြီး ကွန်ကရစ်ဇလီဖားတုံးများနှင့် ဦးခေါင်း ဆောင့်မိရာမှ သေဆုံးခဲ့သည်။

■ ဆိပ်ကမ်းမြို့နယ်၊ ကမ်းနားလမ်းရှိ အမှတ်(၃) ဇေတံတားအနီးတွင် ဩဂုတ်လ ၂၉ ရက် နံနက် ၁၀ နာရီခွဲက အသက် ၂၆ နှစ်အရွယ် အမျိုးသား တစ်ဦး ပြင်ပဒဏ်ရာတစ်စုံတစ်ရာမရှိဘဲ ရေနစ်သေဆုံးနေသည်ကိုတွေ့ရှိခဲ့သောကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် သိရှိရန် ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်စစ်ဆေးနေသည်။

■ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာတွင် ဩဂုတ်လ ၂၉ ရက် မွန်းလွဲ ၃ နာရီက အသက် ၃၂ နှစ်အရွယ် ရပ်/ကျေး ကျန်းမာရေးမှူး(ငြိမ်း) အမျိုးသားတစ်ဦးမှာ နေအိမ်ရှေ့ မိုးရွာထဲတွင် တီဗီအင်တာနာတိုင်ကြိုး တပ်ဆင်နေစဉ် ဓာတ်လိုက်ရာမှ သေဆုံးခဲ့သည်။

■ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၉ ရပ်ကွက်၊ ပြည်ထောင်စုလမ်းတွင် ဩဂုတ်လ ၂၉ ရက် ည ၁၀ နာရီခွဲက တောင်မြောက်လမ်းဆုံမှ မဝတလမ်းဆုံဘက်သို့ မောင်းလာသည့် လိုက်ထရပ်ယာဉ်တစ်စီးမှ လမ်းဖြတ်ကူးနေ သော အသက် ၅၇ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဝင်တိုက်မိသောကြောင့် ယာဉ်တိုက်ခံရသူမှာ ပေါက်ပြဲဒဏ်ရာ များဖြင့် သေဆုံးခဲ့သည်။

## ကျိုင်းတုံတွင် ဖခင်ကို သားဖြစ်သူက ဓားဖြင့် ခုတ်သတ်

**ကျိုင်းတုံ၊ ဩဂုတ် ၃၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်ကြူကျေးရွာအုပ်စု ပန်ဆန်းကျေးရွာတွင် ဩဂုတ်လ ၃၀ရက် နံနက် ၄ နာရီက အသက် ၇၅ နှစ်အရွယ် ဖခင်ကို အသက် ၂၂ နှစ်အရွယ် သားဖြစ်သူက ဓားဖြင့် ခုတ်သတ်ခဲ့ကြောင်း ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းသန်းက ပြောကြားသည်။

သားဖြစ်သူ ကိုကျတားက လွန်ခဲ့သောတစ်နှစ်ခန့်တွင် မိခင်သေဆုံးခဲ့မှုနှင့် ပတ်သက်၍ ဖခင်ဦးအာပေါင်နှင့် စကားများရာမှ ဖခင်ဖြစ်သူကို ၂ ပေခန့်ရှိသော ဓားမဖြင့် ခုတ်သတ်ခဲ့ကြောင်း၊ ဖခင်ကို ဓားဖြင့် ခုတ်သတ်သော သားကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ယင်းမြို့မ ရဲစခန်းထံမှ သိရှိရသည်။

"မနှစ်ကဆေးရုံတက်ပြီး ဆုံးသွားတဲ့ သူ့အမေကို ရွာထဲအဝင်မခံဘဲ ရွာပြင်မှာဖြစ်သလိုသင်္ဂြိုလ်ခဲ့ရလို့ သူ့အဖေကို မကျေနပ်နေတာလို့ သိရတယ်၊ သူ့အဖေကတော့ ခေါင်း၊ လည်ပင်းနဲ့ လက်တွေမှာ ဓားဒဏ်ရာတွေနဲ့ သေဆုံးခဲ့တယ်၊ သူ(ဓားနဲ့ခုတ်သူ)က တခြားရွာကို ထွက်ပြေးပေမယ့် မနက် ၁၀နာရီမှာပဲ ဖမ်းမိထားပါတယ်" ဟု ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းသန်းက ပြောကြားသည်။

အလားတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) အုပ်စု ဝေ့လေလန်ကျေးရွာတွင် ဩဂုတ်လ ၁၉ရက်နေ့က အသက် ၂၈နှစ်အရွယ် သားဖြစ်သူက အသက် ၄၉ နှစ်အရွယ် ဖခင်ကို ခေါင်းဖြတ်သတ်ခဲ့ကြောင်း တာချီလိတ်မြို့နယ် ဝမ်ပုံနယ်မြေရဲစခန်းထံမှသိရသည်။ ■

# ချိန်းတွေ့နေသော စုံတွဲကို ရိုက်နှက်ပြီး စကေဘာဖြင့် ထိုး

**ရန်ကုန်၊ ဩဂုတ် ၃၀**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၇ ရပ်ကွက်၊ ဣန္ဒာတံကွင်းတွင် ဩဂုတ်လ ၂၉ ရက် ည ၇ နာရီက ချိန်းတွေ့နေသည့် ချစ်သူနှစ်ဦးကို ရိုက်နှက်ပြီး စကေဘာဖြင့် ထိုးသည့် အမျိုးသားနှစ်ဦးမှ တစ်ဦးကို ပတ်ဝန်းကျင်နေသူများက ပိတ်ဆို့ဖမ်းဆီးခဲ့ကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ ဖမ်းမိသူမှာ ယင်းမြို့နယ်၊ ၇၀ ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းတွင် နေထိုင်သော အသက် ၃၅ နှစ်အရွယ်စည်သူ ဖြစ်ပြီး ၎င်းနှင့်အတူ အသက် ၃၀ အရွယ် အမျိုးသားတို့က ချိန်းတွေ့နေသည့် ချစ်သူစုံတွဲမှ အမျိုးသားကို စကေဘာဖြင့် ထိုးပြီး အမျိုးသမီးကို ရိုက်နှက်ခဲ့ကြောင်း အမှုဖွင့် တိုင်ကြားချက်များအရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

"ရိုက်နှက်ရန်ပြုနေချိန် ကောင်မလေးက ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းလို့ ရန်ပြုသူနှစ်ယောက် ကို အနီးအနားက လူတွေက ပိတ်ဆို့ ဖမ်းဆီးခဲ့တာ၊ တစ်ယောက်မိပြီး တစ်ယောက် လွတ်သွားတယ်၊ မိထားသူကို စစ်ဆေးကြည့်တော့ လုယက်ဖို့ ကြံစည်ပြီး ခြိမ်းခြောက်ရန်ပြုတာလို့ သိရတယ်" ဟု ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိ တစ်ဦးက ပြောကြားသည်။

စကေဘာဖြင့်ထိုးခံရသော အသက် ၂၈ နှစ်အရွယ် အမျိုးသားမှာ လည်ကုပ်တွင် ပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး ၎င်း၏ ချစ်သူ အသက် ၂၄ နှစ်အရွယ် အမျိုးသမီးမှာ မျက်နှာဖူးရောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဖမ်းမိသူ အမျိုးသားနှင့် လွတ်မြောက်နေသူတို့ကို ရာဇသတ်ကြီး ပုဒ်မ ၃၂၅ /၃၂၆ ဖြင့် အမှုဖွင့် စုံစမ်းစစ်ဆေးနေကြောင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့မရဲစခန်းထံမှ သိရှိရသည်။ ■

## မျက်နှာဖုံး - ပြည်တွင်း ရေလုပ်သားများ၏ အခြေအနေကို မှ အဆက်

ပြည်တွင်းငါးဖမ်းရေလုပ်သားများအတွက် စိန်ခေါ်မှု အခက်အခဲများ များပြားနေကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်ထံမှ သိရသည်။

"ငါးကို လိုတာထက် ပိုပြီးဖမ်းနေတဲ့အတွက် ကမ်းနဲ့ဝေးတဲ့ နေရာတွေမှာ ရေလုပ်သားတွေ ငါးဖမ်းနေရတယ်။ အရမ်းအန္တရာယ်များတဲ့ ပင်လယ်သမုဒ္ဒရာထဲ သွားဖမ်းရတာဆိုတော့ ရေလုပ်သားတွေအနေနဲ့ ရွေးချယ်ခွင့်ရှိရင် အဲ့လုပ်ငန်းကို သွားရောက်လုပ်ကိုင်မှာ မဟုတ်ပါဘူး" ဟု ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ စီမံကိန်းမှ နည်းပညာ အကြံပေးအရာရှိက ဆိုသည်။

ရွှေ့ပြောင်းအလုပ်သမားရေးကိစ္စများအနက် ရေလုပ်သားကဏ္ဍတွင် တရားမဝင်လုပ်သားစေလွှတ်ခံရခြင်း၊ စုဆောင်းခံရခြင်းနှင့် လူကုန်ကူးခံရမှုများ ဖြစ်ပွားလျက်ရှိနေခြင်းကြောင့် စောင့်ကြည့်စစ်ဆေးမှုများ ပုံမှန်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရွှေ့ပြောင်းအလုပ်သမားရေးဆောင်ရွက်နေသော အလုပ်သမားအဖွဲ့အစည်းများကလည်း ပြောဆိုလျက်ရှိသည်။

လက်ရှိတွင် ပြည်တွင်းငါးဖမ်းလုပ်ငန်းများ၌ အလုပ်ရှင်၊အလုပ်သမား တရားဝင်စာချုပ်ချုပ်ဆို လုပ်ကိုင်မှု နည်းပါးပြီး လုပ်ခွဲစားများ၏ရောင်းစားမှုများ ကြုံတွေ့နေရကြောင်း၊ အစိုးရအနေနှင့် ငါးဖမ်းသင်္ဘော မည်မျှ ပင်လယ်ပြင်ကို ထွက်ခွာသည်၊ ရေလုပ်သားမည်မျှရှိသည်ဆိုသည့် စာရင်းပြုစုကောက်ယူမှု အားနည်းကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂကလည်း ပြောဆိုထားပြီး ပြည်တွင်းငါးဖမ်းသင်္ဘောလုပ်ငန်းများကို လေ့လာမှု စစ်တမ်းကောက်ရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် CTUM ထံမှ သိရသည်။ ■

## မျက်နှာဖုံး - ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို မှ အဆက်

လိုက်သည်။

ယင်းအဆိုကို ပေါက်တောမဲဆန္ဒနယ်မှ ရခိုင်အမျိုးသားပါတီဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်ဇံကတင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်က ကန့်ကွက်သူမရှိသောကြောင့် ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောသည်။

ကော်မရှင်တွင် ကိုဖီအာနန်အပါအဝင် နိုင်ငံခြားသား ၃ ဦးကို အကြံပေးတာဝန်ပေးအပ်ခဲ့ခြင်းမှာ နိုင်ငံခြားသားများအား ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခွင့်ပေးထားခြင်းဖြစ်ကြောင်း ဦးအောင်ကျော်ဇံက ဝေဖန်ပြောဆိုသည်။

"ရခိုင်ဒေသရဲ့ သမိုင်းကြောင်း၊ ပကတိအခြေအနေကို ထဲထဲဝင်ဝင် နားမလည်ဘဲနဲ့ နိုင်ငံတကာသတင်းမီဒီယာတွေကတစ်ဆင့် သတင်းအလွဲအမှားများကိုသာသိရှိပြီး ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ပယောဂ ဝင်ပူးကပ်နေသူများ ဦးဆောင်တဲ့ကော်မရှင်ဟာ ပြည်တွင်းပြဿနာအား နိုင်ငံတကာပြဿနာအဖြစ်ဖန်တီးခွင့်ရရှိသွားသဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ ထိခိုက်လာနိုင်သည်ဟု ရှုမြင်သုံးသပ်ပါတယ်" ဟု ၎င်းကဆိုသည်။

ကော်မရှင်အကြံပေးချက် ပေါ်ထွက်လာပါက နိုင်ငံတကာအပါအဝင် ကုလသမဂ္ဂကိုပါ ဩဇာလွှမ်းမိုးသွားနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းရေးအတွက် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ တစ်ရပ်ရေးထိုးသွားမည်ဖြစ်ပြီး ယင်းပုဂ္ဂိုလ်များသည်အကြံပေးသဘောတရားသာဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးက ပြောဆိုထားသည်။

ယင်းအရေးကြီးအဆိုသည် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း လွှတ်တော်က လက်ခံဆွေးနွေးရန် ပထမဆုံးသဘောတူသည့်အဆို ဖြစ်သည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် ကိုဖီအာနန်အပါအဝင် နိုင်ငံခြားသားများ ပါဝင်နေခြင်းကြောင့် ရခိုင်အမျိုးသားပါတီက ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ■

**The Voice Daily**

လပေးမှာယူဖတ်ရှုသည့်

စာဖတ်ပရိသတ်များ

အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

## မျက်နှာဖုံး - ပယ်ဖျက်မည့် ယာဉ်လိုင်း ၂၆ လိုင်း အဆက်

မီနီဘတ်စ်၊ မထသ(အနောက်ပိုင်းခရိုင်) လက်အောက်ရှိ ၁၀၅ ဒိုင်နာ(အဖြူ)၊ ၂၂၃ ဟိုင်းလတ် (အဖြူ)၊ ရေှ့ဆောင်ဟိုင်းလပ်၊ မထသ (တောင်ပိုင်းခရိုင်)လက်အောက်ရှိ ဌာန ခွဲ ၂ ကျောက်တန်း၊ ဇွဲဘ၊ ဌာနခွဲ ၂ ကျောက်တန်း၊ ရှမ်းချောင်း၊ ဌာနခွဲ ၄၊ ၅၊ ၇၊ ၈၊ မထသ (မြောက်ပိုင်းခရိုင်)လက်အောက်ရှိ ၂၂၇ (နီ၊ပြာ)၊ ဗန္ဓုလ(ပါရမီ) လက်အောက်ရှိ ၁၇၅၊ ၁၈၃၊ ရွှေရန်ကုန်လက်အောက်ရှိ ၆၈ ယာဉ်ကြီး၊ ၇၂ ယာဉ်ကြီး၊ ၇၃ ယာဉ် ကြီး၊ ၁၄၂ ယာဉ်ကြီး၊ ပြည့်စွမ်းအား၊ ခြင်္သေ့ (ဟိုင်းလတ်) တို့ဖြစ်သည်။

မထသ(ဗဟို)ကော်မတီလက်အောက်ရှိ ယာဉ်လိုင်းများကို စိစစ်ပြီး တင်ပြဆွေးနွေးခဲ့ရာ ပယ်ဖျက်မည့်ယာဉ်လိုင်း ၂၆ လိုင်း၏အမည်စာရင်းကို ဩဂုတ်လ ၉ ရက်က လျှပ်စစ်၊ စက်မှု၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနက အတည်ပြုချက်ရရှိပြီး ထပ်မံ၍တိုင်းအစိုးရအဖွဲ့ထံ တင်ပြမည်ဖြစ်ကြောင်း ဦးလှအောင်က ပြောကြားသည်။

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို)ကော်မတီအောက်ရှိ ၃၅၉ လိုင်းအနက် ပထမအဆင့် လိုင်း ၅၀ လျှော့ချရန် လျာထားရာတွင် လမ်းကြောင်းတူ၊ကြီးကြပ်မှုကော်မတီတူ၊ ယာဉ်စီးရေနည်းပါးသည့် ယာဉ်လိုင်းများကို စိစစ်ခဲ့ပြီး ဖော်ပြပါခရီးသည်တင်ယာဉ် ၂၆ လိုင်းကို ပယ်ဖျက်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ■

## မျက်နှာဖုံး - ပန်ဆောင်တွင် စပါးဖျက်ခူကျ၍ မှ အဆက်

လောင်မီးပိုး ကျရောက်မှုကြောင့် ပန်ဆောင်မြို့နယ်ရှိကျေးရွာ ၁၉ ခုမှ လယ်မြေ ၁၇၆ ဧက လုံးဝပျက်စီးသွားသည်ဟု ၎င်းက ပြောဆိုသည်။

"ပိုးသတ်ဆေးတွေက ရောက်လာပြီ။ ဒါပေမဲ့ မိုးအရမ်းရွာနေတော့ ဆေးဖျန်းလို့မရဘူးဖြစ်နေတယ်"ဟု အဆိုပါဒေသသို့ ရောက်ရှိနေသည့် ဦးစိမ်းမောင်က ရှင်းပြသည်။

ပန်ဆောင်ဒေသ၌ ၁၉၆၈ ခုနှစ်အတွင်းကလည်း ယခုကဲ့သို့ စပါးဖျက်ပိုးများ ကျရောက်ခဲ့ဖူးသော်လည်း ဆိုးရွားသည့် အခြေအနေမရှိခဲ့ကြောင်း နန်းယွန်းမြို့နယ် လယ်ယာစိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

ယခုအကြိမ်သည် အဆိုးရွားဆုံးဖြစ်နေသောကြောင့် အချိန်မီမတားဆီးနိုင်ပါက ဒေသတွင်းဝမ်းစာအတွက် အခက်အခဲ ရှိလာနိုင်ကြောင်း ပန်ဆောင်ဒေသခံများက ပြောဆိုသည်။

"ပိုးကောင်တွေက အကြီးကြီးပဲ။ မိုးရွာနေတော့ အခုချိန်ထိ ဘာမှလုပ်လို့မရဘူး။ ပျက်စီးနေတဲ့ လယ်ဧက ထောင်ဂဏန်းနီးပါးရောက်နေပြီ။ ကြာရင် မလွယ်ဘူး"ဟု ပန်ဆောင်မြို့မှ လယ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ပန်ဆောင်မြို့နယ်ရှိ နောင်ယန်းအင်းလယ်ကွင်းသည် ဧကလေးသောင်းခန့်ကျယ်ဝန်းပြီး ကျေးရွာ ၁၉ ခုမှ တောင်သူများ လုပ်ကိုင်နေသောကြောင့် ဒေသခံများ၏ စပါးကျီဟု ပြောနိုင်ကြောင်း နန်းယွန်းမြို့နယ် အမှတ် (၁) မဲဆန္ဒနယ်မှ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်က ပြောကြားသည်။

ဩဂုတ်လ ၃၀ ရက်နေ့အထိကောက်ယူထားသည့် စာရင်းများအရ လုံးဝပျက်စီးသွားသည့် လယ် ၁၇၆ ဧက ရှိနေပြီး မိုးရွာနေသောကြောင့် စာရင်းကောက်ယူမှု ရပ်နားထားရကြောင်း၊ ပိုးကျနေသည့် စပါးခင်းများအတွက် ပိုးသတ်ဆေးများလည်း ရရှိထားပြီးဖြစ်ကြောင်း ပန်ဆောင်မြို့နယ်ရှိ စိုက်ပျိုးရေး မွေးမြူရေးဦးစီးနှင့် မြေစာရင်းဦးစီးဌာနတို့ထံမှ သိရသည်။ ■

The VOICE Daily CARTOON



# MMA ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲ အောင်လအန်ဆိုင်းတက်မည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

စင်ကာပူအခြေစိုက် One Championship အဖွဲ့နှင့် ဇေကော်ပိုရေးရှင်းတို့ ပူးပေါင်းကျင်းပမည့် MMA ကိုယ်ခံပညာ ပေါင်းစုံသုံး တိုက်ခိုက်ရေးပြိုင်ပွဲ အကြို သတင်းစာရှင်းလင်းပွဲကိုအောင်လအန်ဆိုင်း တက်ရောက်မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပ ရေးကော်မတီထံမှ သိရသည်။

ယင်းပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏ မိုးလုံလေလုံအားကစားရုံ၌ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲအကြို သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာလ ၆ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း One Championship က ထုတ်ပြန်ထားသည်။

"လာမယ့်တစ်ပတ်အတွင်း ရန်ကုန်ကိုပြန်လာဖို့ စိတ်လှုပ်ရှားမိပါတယ်။ အောက်တိုဘာ ၆ ရက်နေ့ သုဝဏ္ဏ အားကစားကွင်းမှာ ပြုလုပ်မယ့် One Championship Announcement အတွက် ကျွန်တော်ရှိနေမှာပါ။ အောက်တိုဘာ ၇ ရက်နေ့မှာလည်း ကျွန်တော် အနေနဲ့ အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်သွားပါ့မယ်လို့ ပရိသတ်ကြီးကို ပြောကြားပါရစေ" ဟု အောင်လအန်ဆန်းက ၎င်း၏ ဖေ့ဘွတ်ခ် စာမျက်နှာတွင် ရေးသားထားသည်။

အောင်လအန်ဆန်းသည် ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ထိုးသတ်ရန် စီစဉ်ထားခြင်းဖြစ်ရာ မြန်မာနိုင်ငံ၌ ထိုးသတ်ခဲ့သည့် ပွဲတွင် အီဂျစ်ကစားသမား မိုဟာမက်အလီကို အနိုင်ရခဲ့သူဖြစ်သည်။

အောင်လအန်ဆိုင်း နောက်ဆုံး ယှဉ်ပြိုင်ထားခဲ့သည့် ပြိုင်ပွဲမှာ ဇူလိုင်လ အတွင်းက တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် ပြိုင်ပွဲဖြစ်ပြီး ယင်းပွဲတွင်လည်း ရုရှားကစားသမားကို အနိုင်ရခဲ့သည်။ ■

# အင်္ဂလန်လက်ရွေးစင်အသင်း ခေါင်းဆောင်အဖြစ် ရူနီကို ဆက်လက်တာဝန်ပေး



**လန်ဒန်၊ ဩဂုတ် ၃၀**

အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြ ဆမ်အလာဒိုက်စ်သည် လာမည့် စက်တင်ဘာလ ၄ ရက်နေ့တွင် ဆလိုဗက်ကီးယားနှင့် ယှဉ်ပြိုင်ကစားရမည့် ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲ၌ ရူနီကို လက်ရွေးစင်အသင်း၏အသင်းခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ပေးသွားမည်ဟု အတည်ပြုလိုက်ကြောင်း BBCက ဖော်ပြသည်။

ရူနီသည် လီဗာပူးကွင်းလယ်ကစားသမားဟောင်း ဂျာရတ်အလွန်တွင် အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင်ရာထူးကို စတင်ရရှိခဲ့ခြင်းဖြစ်ကာ ရူနီကို အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ထားရှိရန် ၎င်းအနေနှင့် လွယ်လင့်တကူပင် ဆုံးဖြတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဆမ်အလာဒိုက်စ်က ဖွင့်ဟပြောဆိုသွားခဲ့သည်။

အသက် ၃၀ အရွယ်ရှိ ရူနီသည် လက်ရွေးစင်အသင်းဖော်များ၏လေးစားမှုကို အပြည့်အဝရရှိထားသူဖြစ်ပြီး ယခုကဲ့သို့ အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ခန့်ထားခြင်းခံလိုက်ရသည်မှာ နည်းပြဆမ်အလာဒိုက်စ်လက်အောက်တွင် အဓိကကစားသမားတစ်ဦးအဖြစ် ရူနီ ဆက်ရှိခွင့်ရနေဦးမည်ဟူသည့်သဘောပင်ဖြစ်ကြောင်း သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။

နည်းပြဆမ်အလာဒိုက်စ်သည် ဆလိုဗက်ကီးယားနှင့်ပွဲစဉ်အတွက် အင်္ဂလန်လက်ရွေးစင်အသင်းလူစာရင်းကို ထုတ်ပြန်ကြေညာရာ၌ ရူနီကို ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် နေရာပေးထားခြင်းဖြစ်ကာ ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ရူနီက ကွင်းလယ်၌ အံဝင်စွာကစားနိုင်စွမ်း မရှိခဲ့သည်ကို ဆမ်အလာဒိုက်စ်အနေနှင့် သတိပြုသင့်ကြောင်းလည်း ဝေဖန်ထောက်ပြမှုများရှိနေသည်။

အင်္ဂလန်လက်ရွေးစင်တိုက်စစ်မှူးဟောင်း အလန်ရှီးယားသည် ရူနီကို အသက်အရွယ်အရ လက်ရွေးစင်ကစားသမားဘဝကို အဆုံးသတ်ရန် အချိန်တန်ပြီဖြစ်ကြောင်း အကြံပြုတိုက်တွန်းထားကာ ကလပ်အသင်း ကစားသမားဘဝ ဖြတ်သန်းမှုနှင့်လက်ရွေးစင်အသင်း ကစားသမားဘဝ ဖြတ်သန်းမှုတို့ကို ဆက်လက်ဒွန်တွဲထားပါက မျှားမကြာမီ၌ပင် ရူနီမှာ မနိုင်ဝန်ထမ်းသကဲ့သို့ ဖြစ်လာလိမ့်မည်ဟု အလန်ရှီးယားက သတိပေးထားသည်။ ■



Sky Sport

# ဒဏ်ရာများရရှိထားသည့်အတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲများကို မက်ဆီနှင့်အဂူရို လွဲချော်မည်

**ဗျူနိုအေရိစ်၊ ဩဂုတ် ၃၀**

အာဂျင်တီးနား လက်ရွေးစင်အသင်း တိုက်စစ်မှူးများ ဖြစ်ကြသော မက်ဆီနှင့် အဂူရိုတို့သည် ဒဏ်ရာပြဿနာများနှင့် အသီးသီး ရင်ဆိုင်ကြုံဆုံနေကြရသည့်အတွက် ဥရုဂွေး၊ ဗင်နီဇွဲလားတို့နှင့် ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများ၌ လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ပါဝင်ကစားပေးနိုင်တော့မည်မဟုတ်ကြောင်း Daily Mail က ဖော်ပြထားသည်။

မက်ဆီသည် ဘာစီလိုနာက ဘီလ်ဘာအိုကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် လာလီဂါပွဲစဉ်တွင် ဘယ်ဘက်တံကောက်ကြော ထိခိုက်သွားခဲ့ခြင်းဖြစ်ကာ ဒဏ်ရာအခြေအနေ တိုးတက်လာခဲ့ပါက လက်ရွေးစင်အသင်းအတွက် ကစားပေးနိုင်စေရန် မက်ဆီကို အာဂျင်တီးနားအသင်းထံ စေလွှတ်ပေးထားကြောင်း ဘာစီလိုနာက ထုတ်ပြန်ကြေညာထားသည်။

အာဂျင်တီးနား လက်ရွေးစင်အသင်း နည်းပြသစ် အက်ဒ်ဂါဒိုဘော်ဇာသည် မက်ဆီကို ဒဏ်ရာနာကျင်မှုများရှိနေသည့်အတွက် လေ့ကျင့်ရေးမဆင်းခိုင်းဘဲနှင့် အနားပေးထားကာ မက်ဆီ၏ဒဏ်ရာကို အာဂျင်တီးနား လက်ရွေးစင်အသင်း ဆေးအဖွဲ့က အဆက်မပြတ်စောင့်ကြည့်နေပြီး စိတ်မချရသည့် အခြေအနေမျိုးဖြစ်ပါက အရဲစွန့်၍ အသုံးပြုသွားမည်မဟုတ်ဟု ဘော်ဇာက ဆိုသည်။

အဂူရိုသည် မန်စီးတီးက ဝက်စ်ဟမ်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပေါင်ကြွက်သားလုံး ဒဏ်ရာရသွားခဲ့ခြင်းဖြစ်ကာ ဒဏ်ရာအခြေအနေအနည်းငယ်ပြင်းထန်သည့်အတွက် အဂူရိုမှာ လက်ရွေးစင်အသင်းလူစာရင်းမှနေ၍ နုတ်ထွက်သွားခဲ့ပြီဖြစ်ကြောင်းလည်း အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာထားသည်။

မက်ဆီသည် ရာပြည့်ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲအပြီးတွင် လက်ရွေးစင်အသင်း ကစားသမားဘဝကို ကျောခိုင်းလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ဖူးပြီး နည်းပြသစ် ဘော်ဇာက ဘာစီလိုနာမြို့ထိတိုင် လာရောက်နားချခဲ့ပြီးသည့်နောက်တွင်မှ ၎င်း၏သဘောထားကို မက်ဆီက ပြန်လည်ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

အာဂျင်တီးနားသည် လက်ရှိတွင် ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲ ခြောက်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်ကာ အဆိုပါပွဲစဉ် ခြောက်ပွဲတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ကို အာဂျင်တီးနားက ပိုင်ဆိုင်ရရှိထားသည်။ အာဂျင်တီးနားသည် ၂၀၁၈ ကမ္ဘာ့ဖလား တောင်အမေရိကဇုန် ခြေစစ်ပွဲ ရပ်တည်မှုဇယားတွင် တတိယနေရာကို ရရှိထားပြီး လာမည့်စက်တင်ဘာလ ၂ ရက်နေ့တွင် ဥရုဂွေးနှင့်လည်းကောင်း၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ဗင်နီဇွဲလားနှင့်လည်းကောင်း အာဂျင်တီးနားက ခြေစစ်ပွဲများ ကစားသွားရမည်ဖြစ်သည်။ ■

# ခရိုအေးရှား လက်ရွေးစင်အသင်း ခေါင်းဆောင်သစ်အဖြစ် မိုဒရစ်ကို ခန့်အပ်

**ဇာဂရက်၊ ဩဂုတ် ၃၀**

ခရိုအေးရှား လက်ရွေးစင်အသင်း နည်းပြသစ် အန်တီကာဆစ်သည် လာမည့် စက်တင်ဘာလ ၅ ရက်နေ့တွင် တူရကီနှင့်ယှဉ်ပြိုင်ရမည့် ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲအတွက် လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်သစ်အမည်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်ရာ ရီးရဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား မိုဒရစ်မှာ ခရိုအေးရှားလက်ရွေးစင်အသင်း ခေါင်းဆောင်သစ်ဖြစ်လာခဲ့ကြောင်း Sportmail က ဖော်ပြထားသည်။

ခရိုအေးရှားနည်းပြ အန်တီကာဆစ်သည် ယူရို ၂၀၁၆ ပြိုင်ပွဲပြီးဆုံးချိန်တွင် အသင်းခေါင်းဆောင် ဆာနာက လက်ရွေးစင်အသင်း ကစားသမားဘဝကို ကျောခိုင်းစွန့်ခွာသွားခဲ့သည့်အတွက် အသင်းခေါင်းဆောင်သစ် ရွေးချယ်လိုက်ရခြင်းဖြစ်ကာ မိုဒရစ်ကို အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်လိုက်သည်ကို ၎င်း၏ခရိုအေးရှားလက်ရွေးစင်အသင်းဖော်များနှင့် ခရိုအေးရှား ဘောလုံးအဖွဲ့ချုပ်တို့ကလည်း ထောက်ခံကြိုဆိုသွားခဲ့ကြသည်။

အသက် ၃၀ အရွယ်ရှိနေပြီဖြစ်သော မိုဒရစ်သည် ၂၀၀၆ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ခရိုအေးရှားက အာဂျင်တီးနားကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲ၌ ခရိုအေးရှားလက်ရွေးစင်အသင်းကြီးကို ပထမဆုံးအကြိမ် ကိုယ်စားပြုခွင့်ရရှိခဲ့ကာ လက်ရှိတွင် ခရိုအေးရှားလက်ရွေးစင်အသင်းအတွက် မိုဒရစ်ပါဝင်ကစားပေးခဲ့သည့် ပွဲစဉ်အရေအတွက်မှာ ၉၃ ပွဲ ရှိလာခဲ့ပြီဖြစ်သည်။



BBC

ခရိုအေးရှား လက်ရွေးစင်အသင်းသည် တူရကီနှင့်ယှဉ်ပြိုင်ရမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲကို ဇာဂရက်မြို့တွင် အိမ်ကွင်းပွဲစဉ်အဖြစ် လက်ခံယှဉ်ပြိုင်သွားမည်ဖြစ်ကာ အဆိုပါပွဲစဉ်ကို ယခုမတိုင်မီတွင် ယှဉ်ပြိုင်ကစားခဲ့သည့်နိုင်ငံတကာပွဲစဉ်တစ်ပွဲ၌ ခရိုအေးရှားပရိသတ်များက ဖက်ဆစ်စနစ်ကိုထောက်ခံအားပေးသည့် ကြွေးကြော်သံများ အော်ဟစ်ခဲ့သည့်ပြစ်မှုအတွက် ပြစ်ဒဏ်ကျခံသည့်အနေနှင့် ပရိသတ်မပါဘဲ တံခါးပိတ်ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း ခရိုအေးရှားဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာထားသည်။

ခရိုအေးရှားသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် အုပ်စုမဲခွဲရာတွင် တူရကီ၊ အိုက်စလန်၊ ကိုဆိုဗို၊ ဖင်လန်တို့နှင့်တစ်အုပ်စုတည်း ကျရောက်နေပြီး ၎င်းတို့အနေနှင့် ပြိုင်ဘက်များကို အမှတ်ဖြတ်၍ ခြေစစ်ပွဲစောစီးစွာအောင်မြင်ရေးအတွက် ပွဲစဉ်တိုင်းကို အဆုံးအဖြတ်ပွဲများသဖွယ် သဘောထား၍ ခြေကုန်ထုတ်ကစားသွားမည်ဟု ခရိုအေးရှားလက်ရွေးစင်အသင်းနည်းပြ အန်တီကာဆစ်က ပြောကြားထားသည်။ ■




# ကွင်းစ်ပတ်ခ်အသင်းဝတ်စုံသစ်ကို ဖာဂူဆန် မိတ်ဆက်ပေး

**ဂလပ်စကို၊ ဩဂုတ် ၃၀**

ကွင်းစ်ပတ်ခ်အသင်းသည် အသင်းတည်ထောင်မှု နှစ် ၁၅၀ ပြည့် အခါသမယတွင်ဝတ်ဆင်မည့် ဝတ်စုံသစ်ကို မန်ယူဂန္တဝင်နည်းပြကြီး ဖာဂူဆန်အား သရုပ်ပြဝတ်ဆင်စေ၍ မိတ်ဆက်ပေးလိုက်ပြီဖြစ်ကာ ကစားသမားဘဝစတင်ခဲ့ရာ ဘောလုံးကွင်းကြီးထံသို့ တစ်ကျော့ပြန်လည်ခြေချရသည်မှာ ၎င်းအတွက် ထူးခြားသည့်ခံစားချက်ကို ဖြစ်ပေါ်စေခဲ့ကြောင်း ဖာဂူဆန်က ထုတ်ဖော်ပြောဆိုသွားခဲ့သည်ဟု The Sun က ဖော်ပြထားသည်။

ဖာဂူဆန်သည် ၁၉၅၇ ခုနှစ်တွင် ကွင်းစ်ပတ်ခ်ကိုကိုယ်စားပြု၍ ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို စတင်ခဲ့ကာ ကွင်းစ်ပတ်ခ်ထံတွင် အသင်းကြီးကစားသမားအဖြစ် နေရာပေးခြင်းခံရချိန်၌ ဖာဂူဆန်၏အသက်မှာ ၁၆ နှစ်အရွယ်သာရှိခဲ့သေးသည်။

ဖာဂူဆန်သည် ပရော်ဖက်ရှင်ကစားသမားဘဝကို စကော့တလန်ဘောလုံးလောအတွင်း၌သာဖြတ်သန်းခဲ့ပြီး ဖာဂူဆန် ပါဝင်ကစားပေးခဲ့သည့်ကလပ်အသင်းများမှာ ကွင်းစ်ပတ်ခ်(၁၉၅၇-၆၀)၊ စိန့်ဂျွန်စတုန်း(၁၉၆၀-၆၄)၊ ဒန်းဖန်းလိုင်း (၁၉၆၄-၆၇)၊ ရိန်းဂျားစ်(၁၉၆၇-၆၉)၊ ဖယ်လ်ကတ်ခ်(၁၉၆၉-၇၃)နှင့် အားရ်ယူနိုက်တက်(၁၉၇၃-၇၄)တို့ ဖြစ်ကြသည်။

ကွင်းစ်ပတ်ခ်သည် စကော့တလန်ဘောလုံးဘောလုံးလောက၏ရှေးအကျဆုံးအသင်းများအနက်တွင် တစ်သင်းအပါအဝင်ဖြစ်ကာ ကွင်းစ်ပတ်ခ်ထံတွင် ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း ဖာဂူဆန်က ပွဲစဉ် ၃၁ ပွဲ ပါဝင်ကစားခွင့်ရရှိရာ၌ သွင်းဂိုး ၁၆ ဂိုး ရယူခြေစွမ်းပြနိုင်ခဲ့သည်။

ဖာဂူဆန်သည် မန်ယူနည်းပြရာထူးမှနေ၍ အနားယူလိုက်အပြီးတွင် မန်ယူထံ၌ပင် ဒါရိုက်တာ၊ သံတမန် အစရှိသည့်ရာထူးများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်နေဆဲဖြစ်ကာ အသက် ၇၄ နှစ်အရွယ်ရှိလာခဲ့ပြီဖြစ်သော်လည်း ၎င်းအနေနှင့် လူငယ်တစ်ဦးကဲ့သို့ပင် တက်ကြွမှုများရှိနေဆဲဖြစ်ကြောင်း ဖာဂူဆန်က ဖွင့်ဟအသိပေးထားသေးသည်။

ဖာဂူဆန်သည် မန်ယူထံတွင် နည်းပြဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း ဆုဖလားပေါင်း ၃၈ လုံး ဆွတ်ခူးရယူနိုင်ခဲ့ပြီး လွန်ခဲ့သည့်ဘောလုံးရာသီ သုံးရာသီအတွင်း မန်ယူ၏နိမ့်ပါးမှုများကို လက်ရှိနည်းပြမော်ရင်ညိုက ပြန်လည် ဆွဲတင်ပေးနိုင်လိမ့်မည်ဟု ၎င်းအနေနှင့် ယုံကြည်မှုအပြည့်ရှိကြောင်း ဖာဂူဆန်က ပြောကြားထားသည်။ ■

# ဝက်ဖို့ဒ်နှင့် ဝက်စ်ဘရွန်းတို့ ကစားသမားသစ်များခေါ်ယူ

**လန်ဒန်၊ ဩဂုတ် ၃၀**

ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်ကြသော ဝက်ဖို့ဒ်နှင့် ဝက်စ်ဘရွန်းတို့သည် အသင်းကို အင်အားဖြည့်ရန်အတွက် ကစားသမားသစ်များ အသီးသီးခေါ်ယူလိုက်ကြပြီဖြစ်ကာ ဝက်ဖို့ဒ်မှာ တိုက်စစ်ကို အင်အားဖြည့်ရန်အတွက် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ခ်ျအသင်းတိုက်စစ်မှူး အိုကာကာကိုလည်းကောင်း၊ ဝက်စ်ဘရွန်းမှာ ကွင်းလယ်ကို အင်အားဖြည့်ရန်အတွက် စပါးကွင်းလယ်လူ ချတ်ဒ်လီကိုလည်းကောင်း အသီးသီးခေါ်ယူလိုက်ကြခြင်းဖြစ်သည်ဟု Daily Mail က ဖော်ပြထားသည်။

ဝက်ဖို့ဒ်အသင်းတိုက်စစ်မှူးသစ် အိုကာကာသည် အန်ဒါလက်ခ်ျမတိုင်မီတွင် ဆမ်ဒိုးရီးယားနှင့် ရိုးမားတို့ထံ၌ကစားသမားဘဝ ဖြတ်သန်းခဲ့သေးကာ အသက် ၂၇ နှစ်အရွယ်ရှိ အိုကာကာနှင့် အသင်းအကြားတွင် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်းသာ ဝက်ဖို့ဒ်က အသိပေးထားပြီး အိုကာကာကိုခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေးပမာဏ မည်ရွေ့မည်မျှ အသုံးပြုခဲ့ရကြောင်းကိုမူ ဝက်စ်ဘရွန်းက ထုတ်ပြန်ကြေညာခြင်း မရှိခဲ့ပေ။

ဝက်ဖို့ဒ်နည်းပြ မက်ဇာရီသည် လွန်ခဲ့သည့်သီတင်းပတ်အတွင်း၌ အသင်းကို အားဖြည့်ရန်အတွက် နယူးကာဆယ်နောက်ခံလူ ဂျန်းမတ်၊ ဆန်းဒါးလန်းနောက်ခံလူ ကာဘူးလ်နှင့် ဂျူဗင်တပ်ကွင်းလယ်လူ ပီရေးရာတို့ကို ခေါ်ယူခဲ့သေးကာ အိုကာကာမှာ ဝက်ဖို့ဒ်တွင် ပုံမှန်ပွဲထွက်ကစားသမားအဖြစ် နေရာရရှိနိုင်စေရန် အစ်ဂ်ဟာလို၊ ဒီးနေးတို့နှင့် နေရာယှဉ်လုသွားရလိမ့်မည်ဖြစ်သည်။

ဝက်ဖို့ဒ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်သုံးပွဲ ယှဉ်ပြိုင်ကစားခဲ့အပြီးတွင် သွင်းဂိုးသုံးဂိုးသာ ရရှိထားပြီး ယမန်နှစ်ဘောလုံးရာသီ၌ အန်ဒါလက်ခ်ျအတွက် လိဂ်သွင်းဂိုး ၁၇ ဂိုး ရယူပေးခဲ့သော အိုကာကာမှာ ၎င်းတို့၏တိုက်စစ် အခက်အခဲကို ကောင်းစွာ ဖြေရှင်းပေးနိုင်လိမ့်မည်ဟု နည်းပြမက်ဇာရီက အခိုင်အမာယုံကြည်လျက်ရှိသည်။

ဝက်စ်ဘရွန်းအသင်းသည် စပါးကွင်းလယ်လူ ချတ်ဒ်လီကိုရရှိရန်အတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၃ သန်းအသုံးပြုခဲ့ရကာ ဆေးစစ်မှုများအောင်မြင်အပြီးတွင် အသင်းနှင့် ချတ်ဒ်လီအကြား၌ လေးနှစ်သက်တမ်းစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဝက်စ်ဘရွန်းက ထုတ်ပြန်ကြေညာထားပြီဖြစ်သည်။ ■







# ဗလင်စီယာတိုက်စစ်မှူး အယ်လ်ကာဆာကို ဘာစီလိုနာခေါ်ယူ

**ဘာစီလိုနာ၊ ဩဂုတ် ၃၀**

ဘာစီလိုနာအသင်းသည် အသင်းတိုက်စစ်ကို အားဖြည့်ရန် ဗလင်စီယာအသင်း တိုက်စစ်မှူး အယ်လ်ကာဆာကို ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၂၇ သန်းဖြင့် ခေါ်ယူလိုက်နိုင်ပြီဖြစ်ကာ နေမာ၊ ဆွာရက်ဇ်နှင့် မက်ဆီတို့ တွဲဖက်ညီနေသည့် ဘာစီလိုနာတိုက်စစ်တွင် အယ်လ်ကာဆာ ပုံမှန်ပွဲထွက်ခွင့်ရနိုင်လိမ့်မည်မဟုတ်ဘဲ အရန်အဖြစ်နှင့်သာ အချိန်ကုန်ဆုံးရဖွယ်ရှိနိုင်ကြောင်း Marca က ဖော်ပြထားသည်။

ဘာစီလိုနာသည် အယ်လ်ကာဆာအတွက် ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၂၅ ဒသမ ၅ သန်းကို လက်ငင်းပေးချေသွားမည်ဖြစ်ပြီး ကျန်ငွေကိုမူ ကစားသမားဖြစ်သူ၏စွမ်းဆောင်ရည်များအပေါ်တွင် မူတည်၍ ဆက်လက်ပေးအပ်သွားမည်ဟု နှစ်ဦးနှစ်ဖက်အကြား သဘောတူညီမှုရယူထားကြောင်း ဘာစီလိုနာက ထုတ်ပြန်ကြေညာထားသည်။

ဘာစီလိုနာသည် အယ်လ်ကာဆာအပြောင်းအရွှေ့၏အစိတ်အပိုင်းတစ်ရပ်အဖြစ် အသင်းလူငယ်တိုက်စစ်မှူး မူနီယာကို တစ်ရာသီသက်တမ်း အငှားစာချုပ်ဖြင့် ဗလင်စီယာထံသို့ အငှားစေလွှတ်ပေးလိုက်ရသေးကာ အကယ်၍ မူနီယာ၏ခြေစွမ်းကို နှစ်ခြိုက်သဘောကျပါက လာမည့် ၂၀၁၇-၁၈ ဘောလုံးရာသီသစ် စတင်ချိန်တွင် ဗလင်စီယာက ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၁၀ သန်းဖြင့် အပြီးသတ်ဝယ်ယူနိုင်လိမ့်မည်လည်းဖြစ်သည်။ ■



AP

# မလေးရှားဖိတ်ခေါ် မြားပစ်ပြိုင်ပွဲ လက်ရည်စစ်ပွဲကျင်းပမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

မလေးရှားနိုင်ငံ၌ စက်တင်ဘာလအတွင်း ကျင်းပမည့်ဖိတ်ခေါ် မြားပစ်ပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ထံမှ သိရသည်။

ယင်းဖိတ်ခေါ်ပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲကို နေပြည်တော်ရှိ မြားပစ်ကွင်း၌ စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်နေ့တို့တွင် ပြုလုပ်မည်ဖြစ်ကာ ကစားသမားများ၏ လက်ရည်နှင့် စံချိန်ကောင်းမှသာ ဖိတ်ခေါ်ပြိုင်ပွဲကို ယှဉ်ပြိုင်မည်ဟု ယင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်ကေသီက ပြောကြားသည်။

"မလေးရှားမြားပစ်အဖွဲ့ချုပ်က ဖိတ်လို့ အဲဒီပွဲအတွက် လက်ရည်စစ်ပွဲလေး လုပ်မယ်။ ကစားသမားတွေ စံချိန်ကောင်းမှပဲ သွားပြိုင်ဖြစ်မှာပါ။ မပြိုင်ဖြစ်ခဲ့ရင်လည်း အာရှလက်ရည်စစ်ပွဲအတွက် ဆက်ပြီး ပြင်ဆင်နေမှာပါ"ဟု ၎င်းကဆိုသည်။

ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲကို မလေးရှားနိုင်ငံရှိ အားကစားတက္ကသိုလ်များမှ အသင်းများ၊ ကလပ်အသင်းများနှင့် အာဆီယံဒေသတွင်းမှ ကလပ်အသင်းများဖြင့်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုမူ ပြိုင်ပွဲကျင်းပရေးကော်မတီက မထုတ်ပြန်သေးကြောင်း မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ထံမှ သိရသည်။

လက်ရည်စစ်ပွဲကို ပဏာမမြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ထားသည့် ကစားသမား ၁၈ ဦးအပြင် ရန်ကုန်နှင့် မန္တလေးတို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံတို့မှ ကစားသမားများပါ ယှဉ်ပြိုင်ကြမည်ဟု မြားပစ်အဖွဲ့ချုပ်နှင့် နီးစပ်သူများက ပြောဆိုသည်။

မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့သည် ၂၀၁၇ ခုနှစ် မတ်လအတွင်း ကျင်းပမည့် အာရှလက်ရည်စစ်ပွဲအတွက် အဓိကထား လေ့ကျင့်နေသည့်အပြင် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲအတွက်လည်း ပြင်ဆင်နေသည့်အားကစားအဖွဲ့ဖြစ်သည်။ ■

# မနောမြေအသင်း ကစားသမားများနှင့် နည်းပြများ၏ စာချုပ်ကိစ္စ စက်တင်ဘာလဆန်းပိုင်းတွင်ညှိနှိုင်းမည်

**ရန်ကုန်၊ ဩဂုတ် ၃၀**

မနောမြေအသင်းသည် လာမည့်နှစ်ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်မဟုတ်ဟု လိဂ်ကော်မတီအစည်းအဝေးတွင် တင်ပြထားပြီးဖြစ်ရာ ကစားသမားများနှင့် နည်းပြများ၏ စာချုပ်ကိစ္စရပ်များကို စက်တင်ဘာလ ၁ ရက်နေ့တွင် အသင်း၏အုပ်ချုပ်မှုအဖွဲ့က ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

ဩဂုတ်လ ၂၇ ရက်နေ့က ပြုလုပ်ခဲ့သော လိဂ်ကော်မတီအစည်းအဝေး၌ မနောမြေအသင်းအနေနှင့် လာမည့်နှစ်ဘောလုံးရာသီတွင် လိဂ်ပြိုင်ပွဲမဝင်တော့ဟု ပြောကြားခဲ့သော်လည်း လိဂ်ကော်မတီသို့ တရားဝင်အကြောင်းကြားစာ ပေးပို့ရခြင်း မရှိသေးကြောင်း ယင်းအသင်းမန်နေဂျာ ဦးညီညီအောင်က ပြောကြားသည်။

"အသင်းအနေနဲ့တရားဝင်အကြောင်းကြားစာတော့ မပေးရသေးဘူး။ ဘောလုံးအဖွဲ့ချုပ်ဘက်က ရက် ၃၀ အချိန်ပေးထားတယ်။ ဆုံးဖြတ်ချက်ကို ပြင်ချင်ပြင်လို့ရအောင်ပေါ့။ အသင်းပိုင်ရှင်ဆီကလည်း စာမရသေးဘူး။ ဒါပေမဲ့ ကစားသမားတွေ၊ နည်းပြတွေရဲ့ လစာငွေတွေ၊ စာချုပ်ကိစ္စတွေကို စက်တင်ဘာ ၁ ရက်နေ့မှာ အစည်းအဝေးထိုင်ပြီး ဆုံးဖြတ်သွားမှာပါ။ ပြိုင်ပွဲမဝင်တော့ဘူးဆိုရင် ဘယ်လိုလုပ်မယ်။ ပြိုင်ပွဲ ပြန်ဝင်ဖြစ်မယ်ဆိုရင် ဘယ်ကစားသမားတွေကို ခေါ်ထားမယ်ဆိုတာကိုလည်း ဆုံးဖြတ်သွားမှာပါ" ဟု ၎င်းကရှင်းပြသည်။

မနောမြေအသင်းသည် ၂၀၁၀ ပြည့်နှစ်က စတင်ဖွဲ့စည်းခဲ့သောအသင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအပြီးတွင် တန်းဆင်းခဲ့ရသည့်အသင်းဖြစ်သည်။

သို့သော် ၂၀၁၆ ခုနှစ် ဘောလုံးရာသီတွင် မြန်မာနေရှင်နယ်လိဂ် ၂ ၌ ချန်ပီယံဆုရယူနိုင်ခဲ့ရာ ယင်းချန်ပီယံဆုသည် မနောမြေအသင်း၏ပထမဆုံး ချန်ပီယံဆုဖြစ်သည်။ ■

# အာဆင်နယ်ထံ အလွတ်ပြောင်းရွှေ့ရန် ဆက်သွယ်ခဲ့ဖူးကြောင်း ဖာဒီနန် ဝန်ခံ

**လန်ဒန်၊ ဩဂုတ် ၃၀**

မန်ယူအသင်း နောက်ခံကစားသမားဟောင်း ဖာဒီနန်သည် မန်ယူနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီးချိန်တွင် အာဆင်နယ်ထံသို့ အလွတ်ပြောင်းရွှေ့ရန် ကမ်းလှမ်းဆက်သွယ်ခဲ့ဖူးကာ ၎င်း၏ကမ်းလှမ်းမှုကို အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက အကြောင်းမပြန်ခဲ့သည့်အတွက် အပြောင်းအရွှေ့မဖြစ်ခဲ့ခြင်းဖြစ်ကြောင်း ဖာဒီနန်က ထုတ်ဖော် ဝန်ခံလိုက်သည်ဟု The Mirror က ဖော်ပြထားသည်။

ဖာဒီနန်သည် မန်ယူနှင့်စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် ၂၀၁၄-၁၅ ဘောလုံးရာသီအပြီးတွင် အာဆင်နယ်ထံသို့ အလွတ်ပြောင်းရွှေ့ခွင့်ရနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်ကာ နည်းပြအာစင်ဝင်းဂါးက ၎င်း၏ကမ်းလှမ်းမှုကို အကြောင်းပြန်ကြားခြင်း မရှိခဲ့သည့်နောက်၌ ကျူပီအာထံသို့ပြောင်းရွှေ့ကစားရန် ဖာဒီနန်က ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဖာဒီနန်သည် မန်ယူကို ကျောခိုင်းခဲ့အပြီးတွင် ဒဏ်ရာပြဿနာများဖြင့် မကြာခဏရင်ဆိုင်ကြုံဆုံခဲ့ရကာ ကျူပီအာထံတွင် ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း၌လည်း ပွဲထွက်ကစားရချိန်ထက် အနားယူနေရချိန်က ဖာဒီနန်အတွက် ပိုမိုများပြားခဲ့သည်။

ဖာဒီနန်သည် ဝက်စ်ဟမ်း၊ ဘုန်းမောက် (အငှား)၊ လိဒ်စ်ယူနိုက်တက်၊ မန်ယူနှင့် ကျူပီအာတို့ထံတွင် ကစားသမားဘဝကို ကျင်လည်ဖြတ်သန်းခဲ့ကာ အဆိုပါ ပရော်ဖက်ရှင်နယ် ကစားသမားဘဝဖြတ်သန်းမှုအတွင်း ဖာဒီနန်ပါဝင်ကစားခွင့်ရရှိခဲ့သည့် ပွဲစဉ်အရေအတွက်မှာ ၅၁၄ ပွဲအထိ ရှိခဲ့သည်။ ■


AP

# ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်တွင် လက်ရွေးစင်အသင်း ကစားသမားဘဝကို ရူနီ အဆုံးသတ်မည်

**မန်ချက်စတာ၊ ဩဂုတ် ၃၀**

နည်းပြဆမ်အလာဒိုက်စ် လက်ထက်တွင် အင်္ဂလန်လက်ရွေးစင်အသင်းခေါင်းဆောင်အဖြစ် ဆက်လက်တာဝန်ပေးအပ်ခြင်းခံလိုက်ရသည့် တိုက်စစ်မှူးရူနီသည် ရုရှားနိုင်ငံတွင်ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးဆုံးချိန်တွင် လက်ရွေးစင်ကစားသမားဘဝကို အဆုံးသတ်မည်ဟု အတည်ပြုသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ရူနီသည် စက်တင်ဘာလ ၄ ရက်နေ့တွင် ဆလိုဗက်ကီးယားနှင့်ယှဉ်ပြိုင်ကစားရမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အကြိုသတင်းစာရှင်းလင်းပွဲတွင် ယင်းအတည်ပြုချက်ကို ပေးအပ်သွားခဲ့ခြင်းဖြစ်ကာ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲ၌ အမြင့်ဆုံးအောင်မြင်မှုတစ်ရပ်ဖြင့် အင်္ဂလန်အသင်းကို နှုတ်ဆက်ခွင့်ရလိုသည်မှာ ၎င်း၏ဆန္ဒအမှန်ပင်ဖြစ်ကြောင်းလည်း ရူနီက ဆက်လက်ပြောဆိုသွားခဲ့သေးသည်။

ရူနီသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပချိန်တွင် အသက် ၃၂ နှစ်အရွယ်ရှိနေတော့မည်ဖြစ်ကာ ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ကျရှုံးခဲ့ရသည်များကို ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နည်းပြဆမ်အလာဒိုက်စ်၏ ဦးဆောင်မှုဖြင့် ချေဖျက်ပြနိုင်လိမ့်မည်ဟုလည်း ၎င်းအနေနှင့် မျှော်လင့်ထားကြောင်း ရူနီက အသိပေးသွားခဲ့သေးသည်။

ရူနီသည် လက်ရှိအချိန်တွင် အင်္ဂလန်လက်ရွေးစင်အသင်းသမိုင်းကြောင်းတစ်


AP

လျှောက်၌ ဂိုးအများဆုံး သွင်းယူရရှိသူအဖြစ် စံချိန်သစ်စိုက်ထူထားပြီးဖြစ်ကာ ဆလိုဗက်ကီးယားနှင့်ယှဉ်ပြိုင်ရမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ပွဲထွက်ခွင့်ရရှိခဲ့မည်ဆိုပါက အင်္ဂလန်လက်ရွေးစင်အသင်းကို ကိုယ်စားပြု၍ ပွဲစဉ်အများဆုံးပါဝင်ကစားခွင့်ရရှိသူ ဟူသည့် စံချိန်တစ်ရပ်ကိုလည်း ပွဲစဉ်အရေအတွက် ၁၁၆ ပွဲဖြင့် ရူနီက တင်ရှိသွားနိုင်တော့မည်ဖြစ်သည်။

ရူနီသည် အင်္ဂလန်လက်ရွေးစင်အသင်း သမိုင်းကြောင်းတစ်လျှောက်တွင် အသက်အငယ်ဆုံး ပွဲထွက်ကစားသမားစံချိန်ကိုလည်း တင်ရှိပိုင်ဆိုင်ထားသူဖြစ်ကာ အင်္ဂလန်အသင်းကို ပထမဆုံးကိုယ်စားပြုခဲ့သည့်ပွဲစဉ်တွင် ရူနီ၏အသက်မှာ ၁၇ နှစ်နှင့် ၁၁၁ ရက်သာ ရှိခဲ့သည်။ ■





# ဝီလ်ရှိုင်းယားနှင့် ချိန်ဘားစ်တို့ကို အငှားချရန် အာဆင်နယ်စီစဉ်

**လန်ဒန်၊ ဩဂုတ် ၃၀**

အာဆင်နယ်အသင်းသည် ကွင်းလယ်ကစားသမား ဝီလ်ရှိုင်းယားနှင့် နောက်ခံလူ ချိန်ဘားစ်တို့ကို အငှားချရန် စီစဉ်နေပြီဖြစ်ကာ ချိန်ဘားစ်ကိုခေါ်ယူရန် မစ်ဒယ်ဘရော့အသင်းက ကမ်းလှမ်းနေသော်လည်း ဝီလ်ရှိုင်းယားကို ခေါ်ယူရန်အတွက်မူ ကမ်းလှမ်းသည့်အသင်းများ ထွက်ပေါ်လာခြင်း မရှိသေးကြောင်း Daily Mail က ဖော်ပြထားသည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် လက်ရှိအချိန်တွင် ဝီလ်ရှိုင်းယားကို အကန့်အသတ်ဖြင့်သာ နေရာပေးနိုင်ဖွယ်ရှိသည့်အတွက် အငှားချထားရန် စဉ်းစားလာခဲ့ခြင်းဖြစ်ကာ ၎င်းတို့၏အဓိက ပြိုင်ဘက်များထံသို့မူ ဝီလ်ရှိုင်းယားကို အငှားချပေးမည်မဟုတ်ဟုလည်း အာဆင်နယ်က အသိပေးထားသည်။

နည်းပြအာစင်ဝင်းဂါးသည် ဝီလ်ရှိုင်းယားကို သက်တမ်းတိုစာချုပ်ဖြင့်သာ အငှားချရန် စီစဉ်ထားခြင်းဖြစ်ပြီး ဝီလ်ရှိုင်းယား၏ခြေစွမ်း ပုံမှန်အဆင့်သို့ ပြန်လည်ရောက်ရှိလာသည်နှင့် အသင်းထံသို့ ချက်ချင်း ပြန်လည်ခေါ်ယူသွားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်း တာဝန်ရှိသူတစ်ဦးကလည်း ရှင်းလင်းပြောကြားထားသည်။

ဝီလ်ရှိုင်းယားသည် လက်ရှိဘောလုံးရာသီတွင် အာဆင်နယ်အတွက် ပွဲချိန် ၃၇ မိနစ်သာ ပါဝင်ကစားခွင့်ရရှိထားပြီး နည်းပြဆမ်အလာဒိုက်စ်ထုတ်ပြန်လိုက်သည့် အင်္ဂလန်လက်ရွေးစင်အသင်းလူစာရင်းတွင် နေရာပျောက်သွားခဲ့ရအပြီး၌ ဝီလ်ရှိုင်းယားကလည်း ၎င်း၏အနာဂတ်ကို သုံးသပ်မှုများ ရှိနေပြီဖြစ်သည်။

စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းသည် လွန်ခဲ့သည့်ဇန်နဝါရီကာလ ကစားသမား အပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်၌ ဝီလ်ရှိုင်းယားကိုခေါ်ယူရန် အာဆင်နယ်ထံသို့ ကမ်းလှမ်းဆက်သွယ်ခဲ့ဖူးပြီး ဝီလ်ရှိုင်းယားမှာ အသင်းအနာဂတ်စီမံကိန်းတွင် ပါဝင်နေသူတစ်ဦးဖြစ်သည့်အတွက် အပြီးသတ်ရောင်းထုတ်ရန်ကိုမူ စဉ်းစားထားခြင်းမရှိဟု အာဆင်နယ်က အသိပေးထားသည်။

အသက် ၂၄ နှစ်အရွယ်ရှိ ဝီလ်ရှိုင်းယားသည် လက်ရှိတွင် အာဆင်နယ်ကွင်းလယ်၌ ကာဇိုလာ၊ ဂျာကာ၊ ရမ်ဆေး၊ ကိုကွီလင်၊ အယ်လ်နီနေးတို့နှင့် နေရာယှဉ်လုနေရပြီး မစ်ဒယ်ဘရော့ထံသို့နောက်ခံလူ ချိန်ဘားစ် တစ်ရာသီ သက်တမ်းစာချုပ်ဖြင့် အငှားပြောင်းရွှေ့ရန်မှာမူ အပြီးသတ်လုနီးပါးရှိနေပြီဖြစ်ကြောင်း အာဆင်နယ်က အတည်ပြုထားပြီလည်းဖြစ်သည်။ ■

# တိုရီနိုထံသို့ ဂျိုးဟတ် အငှားပြောင်းရွှေ့

**မန်ချက်စတာ၊ ဩဂုတ် ၃၀**

မန်စီးတီးဂိုးသမား ဂျိုးဟတ်သည် စီးရီးအေကလပ် တိုရီနိုထံသို့ အငှားပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကာ အပြောင်းအရွှေ့နှင့်သက်ဆိုင်သော အတည်ပြုချက်များကို များမကြာမီတွင် တိုရီနိုက ထုတ်ပြန်ကြေညာပေးသွားလိမ့်မည်ဖြစ်ကြောင်း၊ ဂျိုးဟတ်၏အေးဂျင့်ဖြစ်သူ ဂျိုနသန်ဘားနက်က အတည်ပြုထားပြီဖြစ်ကြောင်း Daily Star က ဖော်ပြထားသည်။

ဂျိုးဟတ်သည် မန်စီးတီးထံသို့ ဘာစီလိုနာဂိုးသမား ဘရာဗိုပြောင်းရွှေ့ရောက်ရှိလာခဲ့အပြီးတွင် ဘရာဗိုနှင့် ကာဘယ်လ်လီရိုတို့၏နောက် တတိယဦးစားပေးအဖြစ် သတ်မှတ်ခံလိုက်ရပြီဖြစ်ကာ အင်္ဂလန်လက်ရွေးစင်အသင်းထံတွင် ပွဲထွက်ဂိုးသမားအဖြစ် ဆက်လက်နေရာရရှိလိုပါက မန်စီးတီးကိုစွန့်ခွာ၍ အသင်းပြောင်းသင့်ကြောင်း လက်ရွေးစင်နည်းပြဆမ်အလာဒိုက်စ်က တိုက်တွန်းပြောကြားလိုက်အပြီးတွင် ၎င်းကိုကမ်းလှမ်းထားသည့်အသင်းများအနက်မှနေ၍ တိုရီနိုကို ဂျိုးဟတ်က ရွေးချယ်လိုက်ခြင်းဖြစ်သည်။

တိုရီနိုသည် ဂျိုးဟတ်ကို ဆေးစစ်ရန်အတွက် သီးသန့်ဂျက်လေယာဉ်စီစဉ်၍ အခေါ်လွှတ်ခဲ့ကာ အဆိုပါလေယာဉ်တွင် ဂျိုးဟတ်နှင့်အတူ ဆဲလ်တစ်နောက်ခံကစားသမား ဆီမူနိုဗစ်လည်း လိုက်ပါလာမည်ဖြစ်ကြောင်း တိုရီနိုက ထုတ်ပြန်ကြေညာထားသည်။

ဆန်းဒါးလန်းနှင့် အဲဗာတန်တို့သည် ဂျိုးဟတ်ကို အငှားခေါ်ယူရန်အတွက် တိုရီနိုနှင့်အပြိုင် ကမ်းလှမ်းဆက်သွယ်ခဲ့ကြသေးကာ အဲဗာတန်ထံတွင် ပွဲထွက်ဂိုးသမားအဖြစ် စတီကီလန်ဘတ်ဂျ်ရှိနေခြင်း၊ ဆန်းဒါးလန်းအသင်း၏ တန်းမဆင်းရရေး ရုန်းကန်ရမည့်အခြေအနေများကို သဘောမကျခြင်း အစရှိသည့် အခြေအနေများကြောင့် ဂျိုးဟတ်က အဆိုပါအသင်းများ၏ကမ်းလှမ်းမှုကို ငြင်းဆန် ပယ်ချပစ်လိုက်ခြင်းဖြစ်သည်။


Daily Star

တိုရီနိုသည် ဂျိုးဟတ်၏တစ်ပတ်လုပ်ခလစာအကျိုးခံစားခွင့်ပေါင် ၁၃၅,၀၀၀ အနက်မှနေ၍ ပေါင် ၅၅,၀၀၀ ကို တာဝန်ယူပေးချေသွားလိမ့်မည်ဖြစ်ကာ တိုရီနိုဘက်က ပုံမှန်ပွဲထွက်ကစားခွင့်ကို အာမခံချက်ပေးခဲ့ခြင်းမှာ အပြောင်းအရွှေ့ဖြစ်ခဲ့ခြင်း၏အဓိကအကြောင်းရင်းဖြစ်ကြောင်း ဂျိုးဟတ်၏အေးဂျင့် ဂျိုနသန် ဘားနက်က ဆက်လက်ရှင်းပြသွားခဲ့သည်။

တိုရီနိုသည် ဆဲလ်တစ်နောက်ခံလူ ဆီမူနိုဗစ်ကိုမူ ပြောင်းရွှေ့ကြေးပမာဏ ပေါင် ၃ ဒသမ ၇၅ သန်းဖြင့် အပြီးသတ်ဝယ်ယူလိုက်ခြင်းဖြစ်ကာ ဆေးစစ်မှုများအောင်မြင်ခဲ့ပါက ဆီမူနိုဗစ်ကို လေးနှစ်သက်တမ်းစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း တိုရီနိုက ထုတ်ပြန်ကြေညာထားသည်။ ■

# FOREIGN AFFAIRS




ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် သံရုံးရှေ့တွင် လူအများစုဝေးကြည့်ရှုနေကြစဉ်

## ကာဂျစ္စတန်ရှိ တရုတ်သံရုံး အသေခံကားဗုံးခွဲတိုက်ခိုက်ခံရ

**ဘစ်ရှ်ကက်၊ ဩဂုတ် ၃၀**

ကာဂျစ္စတန်မြို့တော် ဘစ်ရှ်ကက်ရှိ တရုတ်သံရုံး ဂိတ်တံခါးများကို ကားတစ်စီးက ဝင်တိုက်ပြီး ရုံးဝင်းအတွင်းသို့ထိုးဖောက်ဝင်ရောက်ကာ အသေခံဗုံးခွဲခဲ့ကြောင်း တာဝန်ရှိသူများ၏ပြောကြားချက်ကို ကိုးကား၍ BBC သတင်းဌာနက ဖော်ပြသည်။

အသေခံဗုံးခွဲသူ သေဆုံးခဲ့သလို ကာဂျစ္စတန်နိုင်ငံသား တရုတ်သံရုံးဝန်ထမ်း သုံးဦးလည်း ဒဏ်ရာရခဲ့ကြောင်း ဒုတိယဝန်ကြီးချုပ် ဇန်နစ်ရှ်ရာဇာကော့ဗ်က ပြောကြားသည်။

ဗုံးခွဲအကြမ်းဖက်မှုသည် 'အလွန်ဆိုးရွား ပြင်းထန်သည့်တိုက်ခိုက်မှု' ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်ရှုတ်ချခဲ့သည်။ ဗုံးခွဲတိုက်ခိုက်မှုနောက်ကွယ်တွင် မည်သည့်အဖွဲ့အစည်းရှိနေသည် ဆိုခြင်းကိုမူ မသိရသေးပေ။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ အမျိုးသမီး ဟွားချွန်းယင်က "တရုတ်ပြည်အနေနဲ့ ဒီအကြမ်းဖက်လုပ်ရပ်ကို အံ့သြမှင်တက်မိပြီး ပြင်းထန်စွာ ရှုတ်ချပါတယ်" ဟုပြောကြားသည်။

ကာဂျစ္စတန်နိုင်ငံရှိ တရုတ်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များဘေးကင်းလုံခြုံမှုရှိစေရေး ကာဂျစ်အာဏာပိုင်များက လိုအပ်သည်များ ဆောင်ရွက်ပေးရန်နှင့် မတော်တဆမှု၏ဖြစ်ရပ်အမှန်ကို ဖော်ထုတ်ရန် ကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးပြီး ကျူးလွန်သူများကို ပြင်းထန်စွာအရေးယူရန်လည်း ပြောခွင့်ရ အမျိုးသမီးက တောင်းဆိုခဲ့သည်။

အဆိုပါကားသည် သံရုံးဂိတ်ပေါက်များကို ဝင်တိုက်ဖောက်ဝင်ပြီး သံရုံးဝင်းအလယ်ရှိ သံအမတ်အိမ်တော်အနီးတွင် ပေါက်ကွဲသွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

"ပေါက်ကွဲမှုရလဒ်အဖြစ် အသေခံဗုံးခွဲတဲ့အကြမ်းဖက်သမားတစ်ဦးပဲ သေဆုံးခဲ့ပါတယ်"ဟု ရာဇာကော့ဗ်က ပြောကြားသည်။

ဗုံးကြောင့် အသက် ၁၇ နှစ်အရွယ် သံရုံးဥယျာဉ်ဝန်ထမ်းနှစ်ဦးနှင့် အမည်မသိ အမျိုးသမီးတစ်ဦးတို့ ဒဏ်ရာရရှိသွားခဲ့သည်။

တရုတ်သံရုံးလုံခြုံရေးတာဝန်ရှိသူ၏ ပြောကြားချက်အရ တရုတ်နိုင်ငံသားတစ်ဦးမျှ ထိခိုက်ဒဏ်ရာရမှု မရှိကြောင်းလည်း သိရသည်။

ကာဂျစ္စတန်နိုင်ငံတွင် လွတ်လပ်ရေးနေ့ မကျင်းပမီ တစ်ရက်အလို၌ ယခုပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ဘစ်ရှ်ကက်၌ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ဖူးသည်။

ကာဂျစ္စတန်နိုင်ငံသား ၅၀၀ ခန့်မှာ ဆီးရီးယားနှင့် အီရတ်ရှိ IS အဖွဲ့နှင့် ပူးပေါင်းခဲ့သည်ဟုယူဆရကြောင်း အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် ဇွန်လအတွင်းက အတ်တာတာ့ခ်လေဆိပ်တွင် အကြမ်းဖက်တိုက်ခိုက်ခဲ့သူ သုံးဦးအနက် တစ်ဦးမှာ ကာဂျစ္စတန်နိုင်ငံသားဖြစ်သည်။

ယခင်ကလည်း ကာဂျစ္စတန်တွင် တရုတ်နိုင်ငံသားများကို ပစ်မှတ်ထားတိုက်ခိုက်ခံခဲ့ရသည်။

၂၀၀၀ ပြည့်နှစ်က တိုက်ခိုက်မှုမှာ တရုတ်အနောက်ပိုင်း ရှင်ကျန်ပြည်နယ်မှ ဝီဂါများ၏လက်ချက်ဖြစ်သည်ဟု စွပ်စွဲခံခဲ့ရသည်။

၂၀၁၄ ခုနှစ်က နယ်ခြားကို တရားမဝင် ဖြတ်ကျော်လာသော ဝီဂါတရုတ်ဆန့်ကျင်ရေးစစ်သွေးကြွအဖွဲ့ဝင်ဟု ယူဆရသူ ၁၁ ဦးကို ကာဂျစ်နယ်ခြားစောင့်တပ်က သတ်ဖြတ်ခဲ့သည်။

အစွန်းရောက် အစ္စလာမ္မစ်အုပ်စု ဟစ်ဇ်အွတ်တဟီရာသည် ကာဂျစ္စတန်နိုင်ငံတွင်း၌ ရှိနေသည်ဟု ယူဆရသည်။

ယင်းအဖွဲ့မှာ တာလီဘန်၊ အယ်လ်ကေဒါအဖွဲ့များနှင့် ချိတ်ဆက်သည်ဟု စွပ်စွဲခံရပြီး ၂၀၀၆ ခုနှစ်တွင် ကာဂျစ်အစိုးရက ပိတ်ပင်ခဲ့သည့်အဖွဲ့ဖြစ်သည်။ ■

## ALSO IN NEWS

### ကောလိပ်ကျောင်းဝင်းထဲ ခိုးဝင်ပြီး အာဟာရပြတ်နေတဲ့ မိကျောင်းတွေကို လွှတ်သွားတဲ့သူခိုး

ကောလိပ်ကျောင်းကို ခိုးဝင်ပြီး ကွန်ပျူတာတွေ ခိုးသွားပြီးတဲ့နောက် ဗိုက်ဆာနေတဲ့မိကျောင်းသုံးကောင်ကိုလွှတ်ခဲ့တဲ့ လူဆိုးတွေရဲ့အမှု ဩစတြေးလျမှာ ဖြစ်ပွားခဲ့ပါတယ်။ ကျူးလွန်သူ စုစုပေါင်း လေးဦးဖြစ်ပြီး ရဲက တရားခံများကို အပူတပြင်း လိုက်လံရှာဖွေလျက်ရှိပါတယ်။ သူခိုးတွေဟာ မိကျောင်းတွေကို ကျောင်းပြတင်းပေါက်ကို ရိုက်ခွဲပြီး ထည့်သွားတာဖြစ်တယ်လို့ CCTV တွေက ပြထားပါတယ်။

မိကျောင်းတွေရဲ့ပါးစပ်ကို တိပ်တွေနဲ့ပတ်ထားတာမို့ အသက်ရှင်ဖို့ အာဟာရ မလုံလောက်ဘဲ အာဟာရပြတ်နေကြပါတယ်လို့ သားရိုင်းတိရစ္ဆာန်ဌာနက ဖော်ပြထားပါတယ်။ မိကျောင်းတွေဟာ အရိုးနဲ့ အရေပဲရှိတော့ပြီး အားမရှိတော့တာမို့ အသာလေး ဖမ်းသွားနိုင်ပါတယ်လို့ တာဝန်ရှိသူတွေက ဆိုပါတယ်။ ဘယ် မိကျောင်းမွေးမြူရေးစခန်းက ခိုးလာတာလဲ၊ ဘာကြောင့် ကောလိပ်ထဲ လာထည့်သွားသလဲ ဆိုတာကို ရဲကလည်း မဖော်ထုတ်နိုင်သေးပါဘူး။ အာဟာရပြတ်နေတဲ့ မိကျောင်းတွေဟာ အသက်ရှင်ဖို့ မလွယ်တော့ပါဘူးလို့ ဆိုပါတယ်။ UPI ■

### နော်ဝေမှာ မိုးကြိုးတွေပစ်လို့ သမင်အကောင် ၃၀၀ သေဆုံး

သဘာဝဘေးဒဏ်ကြောင့် သတ္တဝါတွေ ထိခိုက်ရတဲ့သတင်းမှာ အခုသတင်းကတော့ တော်တော်လေး ဆိုးဝါးပါတယ်။ နော်ဝေနိုင်ငံအလယ်ပိုင်းမှာ မိုးကြိုးပစ်တာကြောင့် တန်ဒြာသမင်အကောင် ၃၀၀ကျော် သေဆုံးခဲ့ရပါတယ်။ သမင်ပေါင်းများစွာ ဟာဒန်ဂျီဗီဒါကုန်းပြင်မြင့်ငယ်ပေါ်မှာ သေဆုံးနေတဲ့ဓာတ်ပုံကို နော်ဝေ သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်ထားပါတယ်။ အတိအကျဆိုရရင် သတ္တဝါ ၃၂၃ ကောင် သေဆုံးခဲ့ရပြီး နွားသားပေါက်လေး အကောင် ၇၀လည်း ပါဝင်သွားခဲ့တယ်လို့ ဆိုထားပါတယ်။ မိုးကြိုးဒဏ်ကြောင့် သမင်တွေသေရတာဟာ သိပ်ပြီးဖြစ်ခဲလှတဲ့ကိစ္စမဟုတ်ဘူးဆိုပေမယ့် ဒီနှစ်အသေအပျောက်က အလွန်များပြားကြောင်း အေဂျင်စီပြောခွင့်ရအရာရှိ ကဂျာဒန်ကနက်ဆန်က ဆိုပါတယ်။

"ခုလောက်များများသေဆုံးတာမျိုး အရင်က မကြားဖူးပါဘူး"လို့ သူက ပြောကြားပါတယ်။ တန်ဒြာသမင်တွေဟာ ရာသီဥတုဆိုးဝါးပြီဆိုရင် တစ်ကောင်နဲ့တစ်ကောင်ပူးကပ်ပြီးနေတတ်ပါတယ်။ ဒါကြောင့် မိုးကြိုးတစ်လုံးမှန်ရင် အများကြီးသေဆုံးရတာဖြစ်ပါတယ်။ မိုးကြိုး ဘယ်နှကြိမ်လောက်ပစ်လိုက်သလဲဆိုတာတော့ အေဂျင်စီက အတည်မပြုနိုင်ပါဘူး။ အဆိုပါကုန်းပြင်မြင့်မှာ ထောင်ပေါင်းများစွာသော တန်ဒြာသမင်တွေ ရွှေ့ပြောင်းနေလေ့ရှိပါတယ်။ ■




